မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၆၄)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လကွယ်နေ့ ၂၀၁၄ ခုနှစ်၊ ဇွန် ၂၆ ရက်၊ ကြာသပတေးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခရိုအေးရှားအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင်ကျရောက်သည့် ခရိုအေးရှား သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာအိုင်ဗိုဂျိုဆီပိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဇိုရမ် မီလန်နိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၄/၂၀၁၄)
၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ဃ)နှင့် ပုဒ်မ ၂၃၂၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂တို့ပါ ပြဋ္ဌာန်းချက်များအရ ဒုတိယဝန်ကြီး ဦးစိုးဝင်းအား သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

နိုင်ငံခြားဘဏ်များရွေးချယ်ဖွင့်လှစ်ရေး၊ ကြီးကြပ်ရေးနှင့် ပြည်တွင်းဘဏ်များ ဖွံ့ဖြိုးရေးအစီအမံများဆောင်ရွက်

နေပြည်တော် ဇွန် ၂၅

ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဥ္စမမြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးခန့်အပ်တာဝန်ပေးနိုင်ရေး လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာတင်သွင်းခြင်း၊ လွှတ်တော်နှစ်ရပ်သဘော ကွဲလွဲသောဥပဒေနှစ်ခုပြဋ္ဌာန်းသည့် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊ နိုင်ငံခြားဘဏ်များဖွင့်လှစ်ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတထံမှပေးပို့သော သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ခန့်အပ်တာဝန်ပေးနိုင်ရေး အဆိုပြုချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၂၈)အရ ဒုတိယဝန်ကြီး *စာမျက်နှာ ၇ ကော်လံ ၁* ✻

Miss Universe 2014 အဖွဲ့ ပုဂံ၌လေ့လာ လူမှုရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

ညောင်ဦး ဇွန် ၂၅

ရဲသူရအောင်

Miss Universe 2014 မှ ဆန်ခါတင် ၂၀ နှင့် အုပ်ချုပ်သူ၊ နည်းပြနှင့် မှတ်တမ်း ရိုက်ကူးရေးအဖွဲ့များ အပါအဝင် ၄၁ ဦးတို့သည် ဇွန် ၂၂ ရက်က ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေဒေသသို့ စတင်ရောက်ရှိ၍ မြန်မာမှု အနုပညာလက်ရာများလေ့လာခြင်း၊ လူမှုရေး ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ဇွန် ၂၅ ရက် နံနက်က ပုဂံမြို့ဟောင်းရှိ ယွန်းပညာကောလိပ်သို့ သွားရောက်၍ ယွန်းထည်လုပ်နည်း အဆင့်ဆင့်ကို သွားရောက်လေ့လာခဲ့ကြသည်။ "ပုဂံ နယ်မြေဒေသဟာ ကျွန်မတို့မြန်မာလူမျိုးတွေ ရဲ့ အသည်းနှလုံးလည်း ဖြစ်တယ်။ တကယ့် ယဉ်ကျေးမှု နယ်မြေဒေသလည်းဖြစ်တယ်။ ပြီးတော့ ဒီကလေးတွေကလည်း နိုင်ငံတကာ ကို သွားကြရမှာဆိုတော့ ကိုယ့်နိုင်ငံရဲ့ ဒီလို ထင်ရှားကျော်ကြားတဲ့ နေရာဒေသတစ်ခုကို အခြားသူတွေနဲ့တွေ့တဲ့အချိန် မေးကြတဲ့အခါမှာ အကြောင်းအရာတွေကို သေချာရှင်းပြနိုင် အောင်၊ ဗဟုသုတရအောင်လို့လာတာပါ။ ဒါ့အပြင်ဒီနေရာကိုလည်း လူသိများလာပြီး ပိုပြီးတော့ *စာမျက်နှာ ၃ ကော်လံ ၃* ❁

နိုင်ငံတကာ

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၌ ခရီးသည်တင် ရထား လမ်းချော်မှုဖြစ်ပွား

စာမျက်နှာ ❖ ၄

ပြည်တွင်း

ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး အလွတ် သဘောဆွေးနွေးပွဲ ချစ်ကြည်ရေးတံတား၌ ကျင်းပ

စာမျက်နှာ ❖ ၁၀

ပြည်တွင်း

ညောင်ဦးမန်း ခရီးသည်တင်ယာဉ် စလစ်ဖြစ်ပြီး တိမ်းမှောက်

စာမျက်နှာ ❖ ၁၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရေစီးရေလာနှင့် ကြွပ်ကြွပ်အိတ်

လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုးတို့ ထုပ်ပိုးရာတွင် ပလတ်စတစ်ကြွပ်ကြွပ်အိတ်များကို အသုံးပြုနေကြရပါသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ဂေဟစနစ်အတွက် ပလတ်စတစ်အန္တရာယ်သည် စိုးရိမ်စရာဖြစ်လာသော်လည်း မစွန့်လွှတ်နိုင်ကြသေးပါ။ ပလတ်စတစ်ကြွပ်ကြွပ်အိတ်သုံးစွဲမှု နေရာတိုင်းတွင် တိုးပွားလာသည့်အလျောက် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးယိုယွင်းမှုမှာလည်း တဖြည်းဖြည်းတိုးလာနေသည်ကို သတိပြုမိပါသည်။

ပလတ်စတစ်အိတ်များ၏ လက်တွေ့ဆန်သော ဆိုးကျိုးအန္တရာယ်ကို သက်သေပြရမည်ဆိုသော် ရေမြောင်းများအတွင်း ပလတ်စတစ်အိတ်များပိတ်ဆို့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်ကို ညွှန်းဆိုရပေလိမ့်မည်။ အထူးသဖြင့် ရန်ကုန်မြို့နေပြည်သူများသည် ဤဆိုးကျိုးကို ခံစားနေကြရပါသည်။ ပလတ်စတစ်အိတ်များသည် ရေမြောင်းများအတွင်း ထိုင်ငြိလွယ်ပြီး ရေမြောင်းများ ပိတ်ဆို့မှုဖြစ်ပွားနေရပါသည်။ မည်မျှပင်ရေစီးရေလာကောင်းအောင်ဆောင်ရွက်စေကာမူ ပလတ်စတစ်အိတ်များ စည်းမဲ့ကမ်းမဲ့စွန့်ပစ်နေမှုကို မထိန်းချုပ်နိုင်သရွေ့ ရေကြီးရေလျှံမှုများရင်ဆိုင်ကြုံတွေ့နေရဦးမည် ဖြစ်ပါသည်။

ထောင်ပေါင်းများစွာသော ရေထွက်ပေါက်များမှတစ်ဆင့် နှစ်စဉ် ပင်လယ်သမုဒ္ဒရာများအတွင်း မျောပါစီးဝင်သွားသည့် ပလတ်စတစ်အမှိုက်စတန်ချိန် ၂၀၀ ကျော်ရှိကြောင်း ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(ယူအင်န်အီးပီ)က ထုတ်ပြန်ကြေညာထားသည်။ ဤကဲ့သို့ ပလတ်စတစ်အမှိုက်စများ ပင်လယ်သမုဒ္ဒရာများအတွင်း နှစ်စဉ်စုပုံရောက်ရှိလာသည့်အတွက် အပင်နှင့်ရေနေသတ္တဝါများ ထိခိုက်ပျက်စီးလျက်ရှိရာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံခန့် ဆုံးရှုံးနေကြောင်းဖြင့်လည်း ပညာရှင်တို့က လေ့လာတွေ့ရှိထားပါသည်။

ပလတ်စတစ်သည် ဤသို့သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးနေသည့်အပြင် ပလတ်စတစ်များ မီးရှို့ဖျက်ဆီးရာမှ လေထုညစ်ညမ်းလျက်ရှိရာ နှစ်စဉ်လူပေါင်းခုနစ်သန်း မသန့်ရှင်းသောပလတ်စတစ် မီးခိုးငွေ့နံ့များရှူရှိုက်မိပြီး သေဆုံးလျက်ရှိကြောင်း သုတေသီများက လေ့လာတွေ့ရှိထားပါသည်။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့ လူသားတစ်ရပ်လုံးအနေဖြင့် ပလတ်စတစ်ကြွပ်ကြွပ်အိတ်များအန္တရာယ် လျော့ပါးအောင်ဆောင်ရွက်သွားကြရမည်သာ ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရန်ကား R သုံးလုံးကို သတိမူဆောင်ရွက်သင့်ကြောင်း ပညာရှင်တို့က ဆိုပါသည်။ ပလတ်စတစ်အိတ် အသုံးပြုမှုလျှော့ချခြင်း (Reducing)၊ ပလတ်စတစ်အိတ်များကို ပြန်လည်အသုံးပြုခြင်း (Recycling) နှင့် ပလတ်စတစ်အသုံးပြု ထုတ်ကုန်များထုတ်လုပ်ရာတွင် ပြန်လည်အသုံးပြုခြင်း (Redesigning)တို့ ဖြစ်ပါသည်။ မည်မျှပင်သေးငယ်သည့် ပလတ်စတစ်အမှိုက်မဆို စည်းမဲ့ကမ်းမဲ့ မစွန့်ပစ်ဘဲ အမှိုက်ပုံးများအတွင်း စနစ်တကျစွန့်ပစ်ခြင်းဖြင့် နှစ်စဉ်ရေမြောင်းများ ပိတ်ဆို့မှုအန္တရာယ်မှလျော့ပါးသက်သာလာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

စက်မှုဒီဇိုင်းမူပိုင်ခွင့် စစ်ဆေးခြင်းဆိုင်ရာ သင်တန်းဖွင့်

နေပြည်တော် ဇွန် ၂၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှွေသည် ဇွန် ၂၃ ရက် နံနက် ၉ နာရီက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပသော စက်မှုဒီဇိုင်းမူပိုင်ခွင့် စစ်ဆေးခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ကိစ္စရပ်များကို အဓိကထားဆောင်ရွက်ပေးနေသော ဝန်ကြီးဌာနတစ်ခုဖြစ်သည့်အားလျော်စွာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်စပ်နေသော ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိအသိဉာဏ်ပစ္စည်း မူပိုင်ခွင့်စနစ်တွင် Trade-Related Aspects of Intellectual Property Rights-TRIPS Agreement ပါပြဋ္ဌာန်းချက်များနှင့်အညီ တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေ၊ ကုန်အမှတ်တံဆိပ် ဥပဒေ၊ မူပိုင်ခွင့်ဥပဒေစသည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေမူကြမ်းများကို နောက်ဆုံးအချောသပ်ရေးဆွဲထားပြီး ဖြစ်ကြောင်း၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေမူကြမ်းတွင် အပြည်ပြည်ဆိုင်ရာ လျှောက်လွှာတင်ခြင်းနှင့် မှတ်ပုံတင်ခြင်းအခန်းတို့ကိုလည်း အပြည်ပြည်ဆိုင်ရာတွင် ကျင့်သုံးနေသောစနစ်နှင့် ချိတ်ဆက်နိုင်ရန် ထည့်သွင်းရေးဆွဲထားပါကြောင်း၊ မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံး၌ ဆောင်ရွက်မည့် ဝန်ထမ်းများနှင့် မှတ်ပုံတင် လျှောက်ထားခြင်းများကို ကျွမ်းကျင်နားလည်ရန်နှင့် လိုအပ်သောအရည်အသွေးများကို ရရှိစေရန်အတွက် သင်တန်းဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒီဇိုင်းမူဝါဒဌာန နိုင်ငံတကာရေးရာဌာနခွဲ ဂျပန်တီထွင်မှု မူပိုင်ခွင့်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး Mr. Masatoki Tayama က စက်မှုဒီဇိုင်းမူပိုင်ခွင့် စစ်ဆေးခြင်းဆိုင်ရာများနှင့်ပတ်သက်၍ ပြောကြားသည်။

အဆိုပါသင်တန်း၌ စင်ကာပူ သမ္မတနိုင်ငံနှင့်ဂျပန်နိုင်ငံတို့၏ စက်မှုဒီဇိုင်းမူပိုင်ခွင့် စနစ်ဆိုင်ရာများကို အဓိကထား ပို့ချသင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၃၄ ဦးတက်ရောက်ခဲ့ကြ၍ သင်တန်းကို ဇွန် ၂၃ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာပြုပြင်စရာ

ရေလယ်ဘုရားဖူးမျော်သူများ ချောက်ကမ်းပါးအန္တရာယ်ရှိနိုင်

မွန်ပြည်နယ် ရေးမြို့ ကျက်သရေဆောင် သမိုင်းဝင်ဖြစ်သော သာသနာ ၂၅၀၀စေတီရေလယ်ဘုရားစေတီကို တည်ထားတော်မူလျက်ရှိပြီး နေ့စဉ် ရပ်နီးရပ်ဝေးမှ လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိကြသည့်အပြင် ရေလယ်၌ ငါးများမွေးမြူထားကာ ဘုရားဖူးပြည်သူများမှာ ကောင်းမှုကုသိုလ်အဖြစ် ငါးကလေးများကို ငါးစာကျွေးခြင်းဖြင့် စည်ကားသိုက်မြိုက် လာကြသည်။ ဘုရားအနီးကျုံးပတ်လမ်း ပတ်ဝန်းကျင်တွင်လည်း လက်ဖက်ရည်၊ အအေးစုံ တရုတ်အစားအစာ၊ ထိုင်းအစားအစာများနှင့် မြန်မာ့ရိုးရာအစားအစာများ ရောင်းချနေသော ဈေးဆိုင်ခန်းများဖြင့် ဘုရားစေတီကို အဝေးတစ်နေရာမှ ဖူးမြော်ရင်း စားစရာသောက်စရာများနှင့် မိသားစုအလိုက် မိတ်ဆွေအပေါင်းအသင်းများအဖွဲ့လိုက် နေ့စဉ်နီးပါး အမျှလူစည်ကားရာ အပန်းဖြေနေရာများလည်း ဖြစ်လာသည်။ ဘုရားကျုံးပတ်လမ်းမှာ စည်ပင်မြတ်သူရ ကုမ္ပဏီနှင့် ပြည်သူများထည့်ဝင်ငွေများဖြင့် ခင်းကျင်းခဲ့သော ကတ္တရာလမ်းဖြစ်ကာ နေ့စဉ်နှင့်အမျှ ကျုံးပတ်လမ်းတွင် အပန်းဖြေလမ်းလျှောက်နေသူများမှာ နံနက်ခင်း ညနေခင်းတွင် လမ်းထွက်လျှောက် အပန်းဖြေသူများနှင့် ဖြတ်သန်းသွားလာနေကြသော ယာဉ်များကလည်း များပြားသည်။ အဆိုပါ ကျုံးပတ်လမ်း တစ်နေရာတွင် ရေထိန်းတံတားငယ်လေး တစ်စင်းတည်ရှိကာ တံတား၏ အကျယ်မှာ ၉ ပေ ၁၀ ပေခန့်သာ တည်ရှိနေ၍ တံတား၏ ဘေးနှစ်ဖက်တွင် အတားအဆီး အကာအကွယ်မရှိသဖြင့် တစ်ဖက်က ကျုံးရေလျှောင်ကန်ရှိပြီး ရေများချိန်တွင် ရေအနက်လေးပေ၊ ငါးပေလောက်အထိ နက်သည်။ အခြားတစ်ဖက်တွင် ရေတံခါးမှ ရေထွက်ပေါက်နေရာ ဖြစ်သောကြောင့် အမြင့် ၁၅ ပေခန့် ချောက်ကမ်းပါးဖြစ်နေ၍ နေ့စဉ်ဖြတ်သန်းသွားလာနေကြသော ပြည်သူများမှာ အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့လာနိုင်သဖြင့် တံတားငယ်လေးကို တိုးချဲ့တည်ဆောက်ပေးပြီး လှပတင့်တယ်သော သမိုင်းဝင်ကျုံးပတ်လမ်းဖြင့် သာယာသောလမ်းကလေး ဖြစ်စေချင်ကြကြောင်း သိရှိရသည်။

နေမျိုးထွဋ်(ရေး)

ပြည်တွင်းသတင်း

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E.Mr. Alcides G.R Prates အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E.Mr. Alcides G.R Prates အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးဟန်သူအား စပိန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်

နေပြည်တော် ဇွန် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟန်သူအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် စပိန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးကျော်စွာမင်းအား အိုင်ယာလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်

နေပြည်တော် ဇွန် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုး ရောင်းချမည်

နေပြည်တော် ဇွန် ၂၅

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြန်မာ၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့မှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅)ရပ် ချမှတ်နိုင်ခဲ့သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အနေဖြင့် ထုတ်ဝေသည့် ၁၀၀ကျပ်တန်နှင့် ၅၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုး **(အောက်ပုံ)**နှင့် တံဆိပ်ခေါင်းပါ စာအိတ်များကို ဇွန် ၂၈ ရက် စနေနေ့ နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဆက်သွယ်ရေးစခန်း (စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဇွန် ၂၈ရက်တွင်ဝယ်ယူမည့် စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



❀ ရှေ့ဖုံးမှ

စိတ်ဝင်စားလာအောင်လို့ Promote လုပ်တဲ့သဘောလည်း ပါပါတယ်။ ဒါတွေကလည်း အခြေခံသိသင့်သိထိုက်တယ်ထင်လို့ပါ။ ယွန်းပညာကောလိပ်ကို လာရောက်လေ့လာတယ်ဆိုတာလည်း ပုဂံကိုလာရင် ဘုရားတွေဖူးတာ လေ့လာတာအပြင် ဒီယွန်းပညာဟာ မဖြစ်မနေလေ့လာရမယ်လို့ထင်ပါတယ်။ ဒါကြောင့်မို့ လာရောက်လေ့လာတာပါ” ဟု ထိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ထိုအဖွဲ့သည် ပုဂံဒေသသို့ ဇွန် ၂၂ ရက် ညနေပိုင်းက စတင်ရောက်ရှိ၍ ဇွန် ၂၃ ရက် နှင့် ဇွန် ၂၄ ရက်တို့တွင် Bagan House ယွန်းထည်ဆိုင်သို့ သွားရောက်လေ့လာခြင်း၊ ညောင်ဦးမြို့ငှက်ပစ်တောင်အရပ်ရှိ ဇေတဝန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်၍ အလှူငွေများလှူဒါန်းခြင်းနှင့် ကျောင်းနေကလေးများကို ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းခြင်း၊ ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားအနီးပတ်ဝန်းကျင်တွင် စွန့်ပစ်ပလတ်စတစ် အမှိုက်များစုပေါင်းကောက်ခြင်း၊ ဇွန် ၂၅ ရက်တွင် ညောင်ဦးခရိုင်အမျိုးသမီးရေးရာအဖွဲ့သို့ သွားရောက်၍ ၂၀၁၄ ခုနှစ် အမျိုးသမီးများနေ့ အခမ်းအနားအတွက် လေ့ကျင့်နေမှုကို သွားရောက်လေ့လာသင်ကြားပြသပေးခြင်း၊ ယွန်းပညာကောလိပ်သို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ယင်းအဖွဲ့သည် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းနယ်မြေဒေသမှ ပြင်ဦးလွင်ခရိုင်သို့ လေ့လာရေးဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

မဇ္ဈိမဒေသ ဝါဆိုသင်္ကန်းလှူဒါန်းနိုင်

အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် တက္ကသိုလ်ရှစ်ခုတို့တွင် ဝါဆိုတော်မူကြသော မြန်မာရဟန်းတော် အပါး ၃၇၀ နှင့် ဝေးလံခေါင်းပါးသော အာသံ- တြိပူရ-မဏိပူရဒေသများရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးတော်မူကြသော သံဃာတော် ၄၂၈ ပါးကျော်(စုစုပေါင်းသံဃာ ၇၉၈ပါးခန့်) တို့အတွက် မဇ္ဈိမဒေသ (၁၆) ကြိမ်မြောက် ဝါဆိုသင်္ကန်းများကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၀ရက် နောက်ဆုံးထား၍ အောက်ပါတယ်လီဖုန်းအမှတ်နှင့်လိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သတင်းရရှိသည်။

❖ မဇ္ဈိမဒေသသာသနာပြုအဖွဲ့
အမှတ်(၁၃-က) ငါးထပ်ကြီးဘုရားလမ်း၊ (ရုပ်ရှင်အစည်းအရုံးအနီး)၊
ဗဟန်းမြို့နယ် ရန်ကုန်မြို့။
၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆၊ ၀၁-၅၅၅၁၇၃

❖ ဗုဒ္ဓ ဓမ္မ ဒါန စေတနာရှင်များအဖွဲ့(ရွှေမြင်တင် ဦးညို)
အမှတ်(၁၂) မြို့သစ်(၁)လမ်း ကျောက်မြောင်း တာမွေမြို့နယ်
ရန်ကုန်မြို့။
၀၁-၅၄၂၂၃၆

❖ ဒါန ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့
Yuzana Business Tower [အခန်း (၃၀၃) သုံးလွှာ
ခတ်လှေကားအမှတ်(၂)] ဓမ္မစေတီလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။
၀၁-၅၃၆၃၄၈၊ ၀၁-၅၃၇၇၀၇၊ ၀၁-၅၃၇၇၀၈။

(သတင်းစဉ်)

နိုင်ငံဘက်စုံတည်ဆောက်ဖို့ မှန်မှန်ကန်ကန် အခွန်ပေးစို့

ပါကစ္စတန်မြောက်ပိုင်း ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ထွက်ပြေးလာသော စစ်ပြေးဒုက္ခသည် ၄၀၀၀၀၀ ကျော်ရှိ

ကုလသမဂ္ဂ ဇွန် ၂၅

ပါကစ္စတန်မြောက်ပိုင်း၌ အစိုးရတပ်များက တာလီဘန်စစ်သွေးကြွများအား ထိုးစစ်ဆင်တိုက်ခိုက်မှုအတွင်း ထွက်ပြေးတိမ်းရှောင်လာသော စစ်ပြေးဒုက္ခသည် ၄၀၀၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ကြေညာသည်။

ဇွန်လလယ်မှ စတင်ကာ မြောက်ဝါဇီရစ္စတန်ရှိ တိုက်ခိုက်ရေးဇုန်များမှ ထွက်ပြေးတိမ်းရှောင်လာသူဦးရေမှာ ကလေး ၁၈၃၀၀၀ အပါအဝင် စစ်ဘေးဒုက္ခသည် ၄၃၅၄၂၉ ဦးရှိကြောင်း အစိုးရမှတ်တမ်းစာရင်းဇယားများကို ကိုးကားလျက် အင်္ဂါနေ့ သတင်းစာရှင်းလင်းပွဲ၌ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာ) ပြောရေးဆိုခွင့်ရှိသူ ဒန်းမက်နော်တန်က ပြောသည်။

အဆိုပါစာရင်းသည် ထပ်မံမြင့်တက်လာဖွယ်ရှိကြောင်း၊ လက်ရှိအစိုးရ၏ စစ်ဆင်ရေးများကြောင့် လူပေါင်း သန်းဝက်ခန့် စစ်ဘေးဒုက္ခနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ၎င်းက ပြောသည်။

လူမျိုးစုဒေသများမှ ဒုက္ခသည်များ တိုးပွားလာလျက်ရှိရာ ၁ ဒသမ ၅ သန်းအထိ ရောက်ရှိလာနိုင်ကြောင်း ၎င်းက သတိပေးပြောကြားလိုက်သည်။ ရွှေ့ပြောင်းလာသူ အများစုသည် ပါကစ္စတန်အနောက်ပိုင်း ခိုင်ဘာပတ်တွန်ကွာပြည်နယ်၌ ပြန်လည်နေရာချထားပေးရန် လိုလားလျက်ရှိကြောင်း ယူအင်န်အိတ်ချ်စီအာ ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်များအား ပြောကြားသည်။ ပါကစ္စတန်စစ်တပ်က ဇွန် ၁၅ ရက်မှ စတင်ကာ မြောက်ဝါဇီရစ္စတန်ဒေသ၌ စစ်သွေးကြွများ ခိုအောင်းနေသော နေရာများကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။

တာလီဘန်လိုလားသော စစ်သွေးကြွများက ဇွန် ၈ ရက်တွင် ကရာချိဂျင်နန်လေဆိပ်ကို တိုက်ခိုက်ခဲ့ပြီးနောက် ၎င်းထိုးစစ်ဆင်ရေးစတင် ဖြစ်ပွားခဲ့သည်။

(ပရက်စ်တီဗွီ)

ဘိုကိုဟာရမ်သူပုန် ပြန်ပေးဆွဲခံရသူပေါင်း ၄၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း ကုလသမဂ္ဂ ပြောကြား

ဘော်နို ဇွန် ၂၅

နိုင်ဂျီးရီးယားသူပုန် ဘိုကိုဟာရမ်စစ်သွေးကြွများ၏ ပြန်ပေးဆွဲခံရသူအရေအတွက်သည် ၄၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း၊ ပြန်ပေးဆွဲမှုကို အစိုးရတပ်များက အဆုံးသတ်ရန် မစွမ်းနိုင်ဘဲရှိကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါအစွန်းရောက် စစ်သွေးကြွများက လွန်ခဲ့သောသီတင်းပတ်ကုန်အတွင်း ဘော်နိုပြည်နယ်အရှေ့မြောက်ပိုင်းကျေးရွာများကို တိုက်ခိုက်စဉ် အသက်သုံးနှစ်မပြည့်သော ကလေးများအပါအဝင် လူပေါင်း ၉၁ ဦးကို ပြန်ပေးဆွဲသွားခဲ့သည်ဟု ဆိုသည်။

စစ်သွေးကြွများလက်မှ ထွက်ပြေးရန်ကြိုးစားသော ကျေးရွာသားလေးဦးကို နေရာတွင် ပွဲချင်းပြီး ပစ်သတ်သွားခဲ့ကြောင်း ဘော်နိုပြည်နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

နောက်ဆုံးပြန်ပေးဆွဲခံရသူများတွင် အနည်းဆုံးအမျိုးသမီး ၆၀ နှင့် အမျိုးသား ၃၀ ပါဝင်ကြောင်း ၎င်းကပြောသည်။ ဇွန်လ အစောပိုင်းယင်းဒေသ တစ်နေရာတည်းကပင် အမျိုးသမီး ၂၂ ဦးအား ပြန်ပေးဆွဲသွားခဲ့သည်ဟု ဆိုသည်။

ဧပြီ ၁၄ ရက်က အဆိုပါစစ်သွေးကြွများက ဘော်နိုပြည်နယ် ချီဘော့မြို့ အထက်တန်းကျောင်းမှ ကျောင်းသူ ၂၇၆ ဦးကို ပြန်ပေးဆွဲသွားခဲ့သည်။ အဆိုပါပြန်ပေးဆွဲခံရသူ မိန်းကလေးများအနက်မှ ၅၇ ဦးသည် ထွက်ပြေးလွတ်မြောက်လာပြီး ၂၁၉ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့က ၎င်းတို့အား ကယ်တင်ရန်ကြိုးစားနေဆဲဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

နိုင်ဂျီးရီးယားအစိုးရက အဆိုပါကျောင်းသူများနှင့် ဧပြီလကတည်းက ပြန်ပေးဆွဲခံရသူ အခြားသူများအား ကယ်တင်ရန် အောင်မြင်အောင် ကြိုးပမ်းနိုင်ခြင်းမရှိဟု ဆိုသည်။

(ပရက်စ်တီဗွီ)

အမေရိကန်စစ်ဘက်အကြံပေးများ အီရတ်သို့ ပထမဆုံးရောက်ရှိဖြန့်ကြက်

ဘဂ္ဂဒက် ဇွန် ၂၅

အီရတ်နိုင်ငံတွင်း ဆွန်နီစစ်သွေးကြွများ၏ အတင့်ရဲလာသည့်သောင်းကျန်းမှုကြောင့် အီရတ်တပ်ဖွဲ့ဝင်များဘက်မှ စစ်ဘက်အကြံပေးရန် အမေရိကန်၏ ပထမအသုတ်တပ်ဖွဲ့ဝင်များ အီရတ်သို့ ရောက်ရှိလာကြပြီး လုပ်ငန်းများ စတင်လုပ်ဆောင်နေကြပြီဖြစ်ကြောင်း ပင်တဂွန်က ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ အိုဘားမား ကတိပေးထားသော အထူးလက် ရွေးစင်တိုက်ပွဲဝင် စစ်သားဦးရေ ၃၀၀ မှ ထက်ဝက်နီးပါးတို့သည် ဘဂ္ဂဒက်မြို့ တိုက်ပွဲရှေ့တန်းစစ်မြေပြင်၌ ရောက်ရှိနေကြပြီဖြစ်သည်။

ကျန်တပ်ဖွဲ့ဝင်များသည်လည်း လာမည့်ရက်ပိုင်းအတွင်း ရောက်လာဖွယ်ရှိသည်။ အီရတ်နိုင်ငံတစ်ဝန်း နယ်မြေအင်အားကြီးမားလာနေသော ဆွန်နီ (ISIS)သူပုန်များအား တိုက်ထုတ်ချေမှုန်းရန်မှာ ဒေသခံများစည်းလုံးမှုရှိရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက တိုက်တွန်းလိုက်သည်။

အင်္ဂါနေ့က အမေရိကန်တပ်ဖွဲ့ဝင်အင်အား ၄၀ ခန့်ပါ အုပ်စုနှစ်စုတို့သည် ရှေ့တန်းစစ်မြေပြင်တွင် အီရတ်တပ်ဖွဲ့ဝင်များအား ကူညီပေးရန်ရောက်ရှိခဲ့ကြကြောင်း ပင်တဂွန်က ဆိုသည်။ ၎င်းအပြင် နောက်ထပ်တပ်ဖွဲ့ဝင် ၉၀ ခန့်သည်လည်း ပူးပေါင်းစစ်ဆင်ရေးသစ်တစ်ရပ် ဘဂ္ဂဒက်၌ ချထားမည်ဖြစ်သည်။ ၎င်းတပ်ဖွဲ့များသည် လာမည့်ရက်အနည်းငယ်အတွင်း တပ်ဖွဲ့ဝင် ၅၀ ပါ တပ်ဖွဲ့လေးဖွဲ့ဖြင့် ပူးပေါင်းလှုပ်ရှားမည်ဖြစ်သည်။

အီရတ်အစိုးရက အမေရိကန်အား လေကြောင်းအကူအညီပေးရေး တောင်းဆိုထားသော်လည်း သမ္မတအိုဘားမားက တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိဘဲ အေးစက်စက်ဖြစ်နေဆဲဖြစ်သည်။

(ဘီဘီစီ)

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၌ ခရီးသည်တင်ရထားလမ်းချော်မှုဖြစ်ပွား

နယူးဒေလီ ဇွန် ၂၅

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၌ ရထားတွဲများစွာပါဝင်သော ခရီးသည်တင် ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားရာမှ အနည်းဆုံး လူလေးဦး သေဆုံးခဲ့ရပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

လမ်းချော်မှု ဖြစ်ပွားခဲ့သည့် ရထားမှာ အိန္ဒိယနိုင်ငံ၏မြို့တော် နယူးဒေလီမှ အရှေ့မြောက်ပိုင်း အာသံပြည်နယ်ရှိ ဒီဘရူရာသို့ အသွားခရီးစဉ်တွင် ဘီဟာပြည်နယ်ထဲရှိ ချီပရာဘူတာအနီးအရောက် ယခုကဲ့သို့ လမ်းချော်မှုဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်။

ကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များကို မတော်တဆဖြစ်ရာနေရာသို့ စေလွှတ်ထားပြီး သတင်းများအရ ရထားတွဲထဲ၌ ခရီးသည်အချို့ ပိတ်မိနေဆဲဟုသိရသည်။

ရထားတာဝန်ရှိသူများက ယခုမတော်တမှု၏ နောက်ကွယ်တွင် မော်ဝါဒီ သူပုန်များရှိနေကြောင်း စွပ်စွဲထားပြီး ဒေသနယ်မြေခံရဲတပ်ဖွဲ့မှူးက ၎င်းစွပ်စွဲချက်ကို မဟုတ်မှန်ကြောင်း ငြင်းဆိုထားသည်။

"ဒီမတော်တဆမှုရဲ့နောက်ကွယ်က မော်ဝါဒီသူပုန်တွေရဲ့ လုပ်ရပ်လို့ တစ်စုံတစ်ရာ သဲလွန်စမတွေ့ရပါဘူး။ ဒီအနီးအနားနယ်မြေမှာ အဖျက်အမှောင့်လုပ်ရပ်နဲ့ ပတ်သက်တဲ့ လက္ခဏာတွေမရှိပါဘူး" ဟု ချာပရာရဲတပ်ဖွဲ့အကြီးအကဲမှ ဘီဘီစီသို့ ပြောကြားခဲ့သည်။

မော်ဝါဒီသူပုန်များသည် အိန္ဒိယနိုင်ငံအလယ်ပိုင်း ပြည်နယ်များနှင့် အရှေ့ပိုင်း ပြည်နယ်များတွင် ဆန့်ကျင်တိုက်ခိုက်မှုများ ပြုလုပ်ကြပြီး ၎င်းတို့သည် ကျေးလက်နေဆင်းရဲသားပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ၏ လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်နေကြခြင်းဖြစ်သည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံ၏ ရထားလမ်းကွန်ရက်တွင် နေ့စဉ်ခရီးသည်တင်ရထားခရီးစဉ် ၉၀၀၀ခန့်နှင့် ခရီးသည် ၁၈ သန်းတို့အား ဝန်ဆောင်မှုပေးလျက်ရှိသည်။ ပြီးခဲ့သည့်နှစ်များကတည်းက အိန္ဒိယနိုင်ငံ၌ ရထားမတော်တဆမှုများစွာ ဖြစ်ပေါ်ခဲ့ပြီး ခရီးသည် ရာပေါင်းများစွာတို့ အသက်ဆုံးရှုံးခဲ့ရသည်။

ပြီးခဲ့သည့်လကလည်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ ခရီးသည်တင်ရထား လမ်းချော်ကာ ကုန်တွဲရထားကို ဝင်တိုက်ရာမှ ခရီးသည် အနည်းဆုံး ၂၀ သေဆုံးခဲ့ရသည့် ဖြစ်ရပ် ဖြစ်ပေါ်ခဲ့သည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပြည်သူ့ကျန်းမာရေးနှင့် လူမှုစီးပွားရှုထောင့်များမှ ဘက်စုံဆောင်ရွက်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားအတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုထံမှ ပေးပို့သည့် သဝဏ်လွှာ -

၂၀၁၄ ခုနှစ် ဇွန်လ ၂၆ ရက်

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားများ ကျင်းပနေကြမည်ဖြစ်ပါသည်။

၁၉၈၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ဇွန်လ ၂၆ ရက်နေ့ကို ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးနည်းတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည် ယနေ့တွင် (၂၇)ကြိမ်မြောက်အဖြစ် အခမ်းအနားများ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနေမည်ဟု ယုံကြည်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးပြဿနာများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကုလသမဂ္ဂ ကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်နှင့်အညီ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

ထို့နောက် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ၁၅ နှစ် စီမံကိန်းကို ၁၉၉၉- ၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါသည်။ သို့သော် ဘိန်းစိုက်ပျိုးမှုများ၊ အစားထိုးဓာတုပစ္စည်းများ၊ အသစ်ထွက်ပေါ်လာသည့် မူးယစ်ဆေးဝါးများနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၏ အန္တရာယ်များမှာ လျော့နည်းသွားခြင်းမရှိ၍ မူးယစ်ဆေးဝါးပပျောက်ရေး ငါးနှစ်စီမံကိန်းကို ၂၀၁၈-၂၀၁၉ ခုနှစ်ထိ သက်တမ်းတိုးမြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၎င်းအပြင် ၁၉၉၂ ခုနှစ် ဧပြီ ၁ ရက်မှ စတင်ဖွဲ့စည်းခဲ့သည့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနသည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်လျက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အဖြစ် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပြဿနာကို ကျန်းမာရေးနှင့် လူမှုစီးပွားပြဿနာတစ်ခုအဖြစ် သတ်မှတ်ပြီး ပြည်သူ့ကျန်းမာရေးကို အခြေခံသည့် ချဉ်းကပ်မှုများနှင့် တိုက်ဖျက်ဖြေရှင်း ထိန်းချုပ်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ချရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် UNODC, WHO, UNAIDS အဖွဲ့များနှင့် ပူးပေါင်းပြီးမူးယစ်ဆေးစွဲကုသမှုနှင့် နောက်ဆက်တွဲ ဆိုးကျိုးဆက်များ လျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးစွဲရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် ရှုမြင်သုံးသပ်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုကုသရေးအတွက် ဆေးရုံ/ဌာနအခြေပြုနှင့် ပြည်သူလူထုအခြေပြုကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထုတ်လုပ်မှုလျော့ချရေးအတွက် ဖွံ့ဖြိုးရေးကိုဦးစားပေးသော ထုတ်လုပ်မှုလျော့ချရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးများ ချက်လုပ်ရာတွင် အသုံးပြုသည့်ဓာတုဗေဒပစ္စည်းများ တရားမဝင် ရောင်းဝယ်မှုနှင့် လမ်းလွှဲရောက်မှု အန္တရာယ်မှ ကြိုတင်ကာကွယ်ရေးအတွက် ဓာတုဗေဒပစ္စည်းများ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးမှရရှိသည့် ငွေကြေးများထိန်းချုပ်နိုင်ရန်အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကိုပြဋ္ဌာန်းပြီး တည်ဆဲဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးခြင်း ပြစ်ဒဏ်ချမှတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ငွေကြေးခဝါချမှုပေါင်း ၄၉ မှုကိုစုံစမ်းစစ်ဆေး၍ ၂၂ မှုကို ဖော်ထုတ်အရေးယူနိုင်ခဲ့ပြီး ငွေကျပ်ပေါင်း ၁၉၉၉၄ ဒသမ ၁၂ သန်းကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့်အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသခွဲနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဘိန်းစိုက်ပျိုးမှု လျှော့ချရေးအတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့တို့ ပူးပေါင်းပြီး အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ပြည်သူ့ကျန်းမာရေး၊ တရားစီရင်ရေး၊ တားဆီးနှိမ်နင်းရေး ကဏ္ဍများအကြားပေါင်းစပ်ဆောင်ရွက်မှုတိုးမြှင့်ပြီး လူမှုစီးပွားကိစ္စရပ်များဖြစ်သည့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မူးယစ်ဆေးစွဲရောဂါခံစားနေရသူများအတွက် တန်းတူအခွင့်အရေးရရှိရေး၊ ခွဲခြားဆက်ဆံမှုများ မခံစားရစေရေး၊ ဆေးသုံးစွဲမှုလျော့ချရေးအတွက် ဝန်ဆောင်မှုများအပြည့်အဝပေးနိုင်ရေးတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

ဤနှစ်တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အတွက် ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးမှပေးပို့သော ဆောင်ပုဒ်မှာ **"မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ" (A message of hope: Drug use disorders are preventable and treatable)** ဖြစ်ပါသည်။ ဆောင်ပုဒ်၏ရည်ရွယ်ချက်မှာ မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ရှောင်ကြဉ်ခြင်းသည် ကြိုတင်ကာကွယ်ခြင်းဖြစ်ပြီး မူးယစ်ဆေးစွဲနေသူများသည်လည်း စနစ်တကျကုသခြင်းဖြင့် ပြန်လည်ကျန်းမာနိုင်စေပြီး ၎င်းတို့အား လူ့ဘောင်ဘဝထဲသို့ ပြန်လည်ဝင်ရောက်နိုင်စေရန် ပြည်သူအားလုံးက ဖေးမကူညီ၍ စည်းရုံးဆောင်ရွက်ကြရမည်ဟု ဖော်ညွှန်းပါသည်။

သို့ပါ၍ မူးယစ်ဆေးဝါးပြဿနာကို တားဆီးနှိမ်နင်းရေးရှုထောင့်၊ ပြည်သူ့ကျန်းမာရေးရှုထောင့်၊ လူမှုစီးပွားရှုထောင့်များမှနေပြီး ဘက်ပေါင်းစုံ အမြင်များနှင့် ဆောင်ရွက်နေသည့်အတွက် ပြည်သူလူထုတစ်ရပ်လုံးက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

သာစည်မြို့နယ် ကုက္ကိုပေါက်ကျေးရွာအလယ်တန်းကျောင်းခွဲတွင် ကျောင်းသား ကျောင်းသူ ငါးဦး အစာအဆိပ်သင့်မှုဖြစ်ပွား

သာစည် ဇွန် ၂၅

သာစည်မြို့နယ် အင်းဝင်းကျေးရွာအုပ်စု ကုက္ကိုပေါက် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ဇွန် ၂၄ ရက်က ကျောင်းသား ကျောင်းသူငါးဦး အစာအဆိပ်သင့်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကုက္ကိုပေါက် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပညာသင်ကြားနေသော အင်းဝင်းကျေးရွာမှ ကျောင်းသား ကျောင်းသူ ငါးဦးသည် ဇွန် ၂၄ ရက်က ထမင်းထုပ်များဖြင့် ကျောင်းသို့သွားခဲ့ရာ ကျောင်းသို့မရောက်မီ လမ်းတွင် နံနက်စာ ထမင်းချိုင့်များဖွင့်၍ စားခဲ့ကြကြောင်း၊ ထမင်းစားပြီးကျောင်းသို့ ဆက်သွားခဲ့ရာ ကျောင်းခန်းထဲရှိ စားပွဲပေါ်တွင် ထမင်းချိုင့်များ တင်ထားခဲ့ကြောင်း၊ နေ့ခင်းထမင်းစားကျောင်းဆင်းချိန်တွင် စားပွဲပေါ်မှ ထမင်းချိုင့်များယူစဉ် ပန်းရောင်အမှုန့်ထုပ်တစ်ထုပ်နှင့် ဟင်းချိုင့်များထဲတွင် ပန်းရောင်အမှုန့်များတွေ့ရှိ၍ ဆရာမအား သွားရောက်အပ်နှံခဲ့ရာ ဆရာမက လက်ဖြင့်တို့ပြီး မြည်းစမ်းကြည့်ခဲ့ရာ တစ်စုံတစ်ရာဖြစ်ပွားခြင်းမရှိသဖြင့် ကျောင်းသား ကျောင်းသူ ငါးဦးက မိမိတို့၏ ထမင်းချိုင့်များဖွင့်ပြီး ထမင်းစားခဲ့ကြသည်။

ကျောင်းဆင်း၍ အိမ်သို့ရောက်ရှိပြီး ညနေ ၅ နာရီတွင်အဆိုပါ ကျောင်းသား ကျောင်းသူ ငါးဦး ခေါင်းမူးဝေခြင်း၊ အော့အန်ခြင်း၊ ဝမ်းသွားခြင်း၊ မနေနိုင်မထိုင်နိုင်ဖြစ်၍ ညနေ ၆ နာရီတွင် မိဘများက သာစည်မြို့နယ် ပြည်သူ့ဆေးရုံသို့တင်ပို့ကာ ဆေးကုသမှုခံယူခဲ့ရာ ယခုအခါကျောင်းသား ကျောင်းသူ ငါးဦးစလုံး အသက်အန္တရာယ်စိုးရိမ်စရာ မရှိကြောင်း ဆဋ္ဌမတန်းကျောင်းသူ တစ်ဦး၏ ဖခင်ဖြစ်သူ ဦးချိုကြီးက ပြောကြားသည်။ ကျောင်းသား ကျောင်းသူများတွေ့ရှိသော ပန်းရောင်အမှုန့်ထုပ်ကို သာစည်မြို့နယ်ပြည်သူ့ဆေးရုံသို့ အပ်နှံခဲ့ရာ ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ရန် မန္တလေးသို့ ပေးပို့ထားကြောင်း သိရသည်။

အစာအဆိပ်သင့်မှုဖြစ်ပွားသော ကျောင်းသား ကျောင်းသူငါးဦးမှာ ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေသော ကျောင်းသားတစ်ဦး၊ ကျောင်းသူတစ်ဦး၊ ပဉ္စမတန်းတွင် ပညာသင်ကြားနေသော ကျောင်းသူနှစ်ဦး၊ သတ္တမတန်းတွင် ပညာသင်ကြားနေသော ကျောင်းသူတစ်ဦး ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝက်မွေးမြူရေးခြံများ ဇီဝလုံခြုံမှု မြောက်ဥက္ကလာပမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၅

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့ (၁၅)ရပ်ကွက်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်မှ ဦးစီးအရာရှိ ဒေါက်တာသန်းလွင်နှင့် နယ်မြေတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါက်တာကျောက်ဇံဟိန်းတို့သည် ဇွန် ၂၄ ရက် နံနက် ၁၁နာရီမှစ၍ ဝက်မွေးမြူလုပ်ကိုင်နေသူများနှင့် တွေ့ဆုံပြီး မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သောရောဂါများ၊ ကာကွယ်ဆေးထိုးခြင်း၏ အကျိုးကျေးဇူးများ၊ မွေးမြူရေးကိုစနစ်တကျ လုပ်ကိုင်တတ်စေရန်နှင့် စနစ်တကျမွေးမြူခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ပညာပေးဟောပြောကြသည်။ ထို့နောက် လိုအပ်သည့်ရောဂါကာကွယ်ခြင်းများဆောင်ရွက်၍ ဝက်ခြံများတွင် ဇီဝလုံခြုံမှုမြင့်မားစေရန် ဆောင်ရွက်ရမည့် အခြေအနေများကို လက်တွေ့ရှင်းလင်းပြသကာ ရောဂါကင်းရှင်းစေရန် ဝက်ခြံများတွင် ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှုမှသေဆုံးသူအားသိရှိပါကဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းကူညီနိုင်ပါရန်မေတ္တာရပ်ခံ

ရန်ကုန် ဇွန် ၂၅

လှိုင်သာယာမြို့နယ်အတွင်း ဇွန် ၂၄ ရက် နံနက်အစောပိုင်းက ဖြစ်ပွားခဲ့သော အမှုမှသေဆုံးသူအား သိရှိပါက ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းကူညီနိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်အရ လှိုင်သာယာမြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းဘေး နဝဒေးမှတ်တိုင်အနီး တိုကျိုပိုက်စက်ရုံရှေ့တံတား၌ အမျိုးသားတစ်ဦးလဲကျနေကြောင်း သတင်းအရ ဇွန် ၂၄ ရက် နံနက် ၀၀ နာရီ မိနစ် ၃၀ က သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ အဆိုပါနေရာ၌အမည်မသိအမျိုးသားတစ်ဦးအား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရသဖြင့် ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ လှိုင်သာယာ မြို့မ ရဲစခန်းက အမှုဖွင့်ကာ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

အမှုမှသေဆုံးသူအမျိုးသားမှာ (၃၀ နှစ်)ခန့် အသားညို၊ ခန္ဓာကိုယ်ပိန်၊ အရပ် ၅ ပေ ၆ လက်မ ရှိသူဖြစ်ပြီး ကိုယ်ပေါ်တွင် အပွင့်များပါရှိသည့် ရှပ်အင်္ကျီအဖြူ၊ TEN တံဆိပ်နီညိုရောင် မိုးကာအင်္ကျီနှင့် အပြာရောင် ကွက်စိပ်ပုဆိုးတို့ကို ဝတ်ဆင်ထားကြောင်း၊ အမှုကို ရဲတပ်ဖွဲ့မှ စုံစမ်းဖော်ထုတ်လျက်ရှိရာတွင် ပြည်သူများကလည်း သေဆုံးသူ အမျိုးသားမှာ မည်သူဖြစ်ကြောင်းနှင့် ၎င်း၏ အချက်အလက်များသိရှိပါက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၁-၂၃၀၇၄၇၊ ရဲမှူး(မှုခင်း)၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၉-၈၆၀၂၃၆၃၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၁-၆၄၅၈၂၃၊ လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၁-၆၄၅၀၁၅၊ လှိုင်သာယာမြို့မရဲစခန်း ဖုန်း-၀၁-၆၄၅၀၁၆ စသည့် ဖုန်းနံပါတ်များသို့ ဆက်သွယ် သတင်းပေးခြင်းဖြင့် ပူးပေါင်း ကူညီနိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

သေဆုံးသူအမျိုးသား

စိုးဝင်း(SP)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

တာဝန်ယူမှုကိုယ်စီ ငြိမ်းစုစီ

မင်းသိဒ္ဓိ

လရာသီကား ---- နယုန်လဖြစ်ပါ၏။

"နယုန်မိုးသေးမြက်သားမွေး" ဆိုသည့်အတိုင်း မိုးသေးမိုးဖွဲကလေးများ တစ်ပြိုက်နှစ်ပြိုက်ကျသည့်အခါ စိမ်းလဲ့လဲ့မြက်ခင်းကလေးများကို မြင်ရသည်။ ယင်းမှာ တစ်နွေလုံး သွေ့သွေ့ခြောက်ခြောက်၊ ပူပူလောင်လောင်ရှိနေရာမှ မုတ်သုံက တစ်ရေးနိုးလာခြင်းကြောင့်ပင်ဖြစ်သည်။ မိုးနှင်းများ သွန်းဖွဲ့သော ညတစ်ညက ကောင်းကင်ယံ၌ ခဲသားရောင်တိမ်မဲညိုတို့သည် မုတ်သုံ၏ တမန်တော်များအဖြစ် သိဂ်ါနဒီမြောက်ဖျားဆီသို့ မရပ်မနားခရီးနှင်နေသည်။ အရှေ့ဘက်တွင် ကချင်တောင်ညိုတောင်တန်းကြီးကို ဖြူလွှလွှတိမ်ပုဝါတို့က မလုံ့တလုံလွှမ်းခြုံပေးထားသည်။ ပြတင်းတံခါးကို ဖွင့်လှပ်သောအခါ မြို့အလယ်မှ စမ်းချောင်းနွဲ့နွဲ့လေးသည် တောင်မှမြောက်သို့ ရွှေ့ရွှေ့ညင်ညင် စီးနှင်နေလေ၏။ ကျွန်တော် မင်းသိဒ္ဓိသည် မနောမြေ၏ အလှတရားများတွင် စီးမျောနေခိုက် ကျွန်တော်ရဲ့ငယ်ဆရာ မူလတန်းကျောင်းအုပ်ဆရာကြီး ဦးမင်းနိုင် ရောက်ရှိလာပြီး ငြိမ်းစုစီဥပဒေကို ပြင်ဆင်သည့် ဥပဒေအကြောင်း သိလိုသည်များကို အောက်ပါအတိုင်း မေးမြန်းလေသည်-

ဆရာကြီး - မင်းသိဒ္ဓိရေ -- ငြိမ်းစုစီဥပဒေကို ပြင်လိုက်ပြီနော်။ ဒီနေ့ သတင်းစာထဲမှာပါလာတယ်။ မင်းကြည့်ပြီးပြီလား။ မင်းက ဥပဒေလေး မတောက်တခေါက်သိတဲ့သူမို့လို့ ငါမေးရဦးမယ်။ အဲဒီပြင်ဆင်တဲ့ဥပဒေမှာ မူလဥပဒေမှာပါတဲ့ ငြင်းပယ်ခြင်းဆိုတဲ့စကားကို ဖျက်လိုက်တယ်တဲ့။ အဲဒီတော့ကွာ စီတန်းလှည့်လည်ခွင့် လျှောက်ရင် ရဲက ခွင့်ပြုချက်ပေးကိုပေးရမယ်ဆိုတဲ့ သဘောဖြစ်နေတော့ လူတိုင်းဆန္ဒပြလို့ရပြီပေါ့နော်။ အဲဒီလိုဆိုရင် ဆန္ဒထုတ်ဖော်သူတွေက အုတ်အော်သောင်းနင်းနဲ့ အုံကြွဆူပူမှုတွေဖြစ်ရင် လူတွေ ထိတ်လန့်မသွားနိုင်ဘူးလား။

မင်းသိဒ္ဓိ - ဟုတ်ပါတယ် --- ဆရာကြီးရယ်။ ဆရာကြီးစိုးရိမ်မယ်ဆိုရင်လည်း စိုးရိမ်စရာပါပဲ။ ဒီမိုကရေစီအသွင် ကူးပြောင်းဆဲကာလမှာ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်နေရတဲ့ အောက်ခြေအဆင့်မှာရှိတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေက လူထုအုံကြွဆူပူမှုတွေဖြစ်မှာ စိုးရိမ်လို့ ဒီလျှောက်ထားချက်တွေကို ခွင့်မပြုတာတွေ၊ ငြင်းပယ်တာတွေ ရှိခဲ့တာလို့ တာဝန်ရှိသူတွေရဲ့ ပြောပြချက်အရ သိရပါတယ်ဆရာကြီး။ ဒီပြင်ဆင်တဲ့ ဥပဒေတွေအရ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်သူတွေ အနေနဲ့ အဲဒီဥပဒေတွေမှာပါတဲ့ စည်းကမ်းတွေကို လိုက်နာရမယ်လို့ ဆိုထားပါတယ်။ မလိုက်နာရင် ဒီဥပဒေအရ တရားစွဲခံရမှာဖြစ်ပါတယ်။ ဒါ့အပြင် အခြားဥပဒေကိုလည်း ချိုးဖောက်ရင် တရားစွဲဆိုခံရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းစုစီဥပဒေမှာပါတဲ့ ငြင်းပယ်ခြင်းဆိုတဲ့စကားကို ဖျက်လိုက်ရုံနဲ့ တိုင်းပြည်ဆူပူမှုတွေ ကြီးထွားမလာနိုင်ဘူးလို့ ထင်ပါတယ် ဆရာကြီး။

ဆရာကြီး - အေး--ဟုတ်ပြီကွာ။ မင်းသိဒ္ဓိကို ငါမေးဦးမယ်။ ငြိမ်းစုစီဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကို သမ္မတကြီးက လက်မှတ်ရေးထိုးလိုက်ပြီဆိုတော့ ဆန္ဒထုတ်ဖော်သူတွေဘက်ကို အားပေးရာရောက်နိုင်မလား။ တချို့က ယူဆနိုင်တယ်နော်။ အေးအေးချမ်းချမ်းနေချင်တဲ့လူတွေက ပြင်ဆင်တဲ့ ဥပဒေအပေါ်မှာ စိုးရိမ်ပူပန်စိတ်ဖြစ်နေမယ်လို့ ရော မင်းမထင်ဘူးလား။

မင်းသိဒ္ဓိ - ဒီလိုရှိပါတယ်----ဆရာကြီး။ မူလဥပဒေတုန်းက ငြင်းပယ်ခွင့်ရှိတယ်လို့ ဖော်ပြထားတော့ တရားဥပဒေစိုးမိုးရေးကို တာဝန်ယူနေရတဲ့ အောက်ခြေအုပ်ချုပ်ရေးအဖွဲ့အစည်းတွေက အဆင့်ဆင့်ကိုတင်ပြပြီး ခွင့်ပြုချက်တောင်းခံနေရတဲ့အတွက် ကြန့်ကြာမှုတွေရှိခဲ့ပါတယ် ဆရာကြီး။ အဲဒီလိုကြန့်ကြာတော့ ပြည်သူတွေက ခွင့်ပြုချက်မရဘဲ လမ်းပေါ်တက်ခဲ့တာတွေရှိခဲ့ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅၄ မှာက နိုင်ငံတော်ရဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒါမှမဟုတ် **ပြည်သူတွေရဲ့ ကိုယ်ကျင့်တရားအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့ မဆန့်ကျင်ရင် ၃၅၄ (ခ)မှာ ပါတဲ့အတိုင်း လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ရှိတယ်လို့ ဖော်ပြထားတာကြောင့် ဖြေလျှော့မှု(Liberalize) လုပ်ပေးထားသလို ပြည်သူတွေအနေနဲ့ စည်းကမ်းရှိတဲ့ ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေရအောင် ပြုစုပျိုးထောင်ပေးတာ ဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်** ဆရာကြီး။

ဆရာကြီး - ကဲ မင်း ------- ငါမေးမယ်ကွာ။ အဲဒီ စီတန်းလှည့်လည်တဲ့ သူတွေက အပြင်ကသူတွေကို အနှောင့်အယှက်ပေးရင်၊ စိုးရိမ်ထိတ်လန့်အောင်လုပ်ရင် ဥပဒေအရ ဘာလုပ်လို့ရသလဲ။

မင်းသိဒ္ဓိ - အဲဒီလိုလုပ်ရင် ပုဒ်မ ၁၉ အရ တရားစွဲခံရမှာပေါ့ --- ဆရာကြီး။

ပုဒ်မ ၁၂ မှာ စီတန်းလှည့်လည်သူတွေ လိုက်နာရမယ့် စည်းကမ်းချက် ၁၁ ချက်ပါပါတယ်။ ဆရာကြီးမေးတဲ့ အချက်က လိုက်နာရမယ့် စည်းကမ်းထဲမှာ ပါနေပါတယ်။

ဆရာကြီး - ပြင်ဆင်တဲ့ဥပဒေမှာ မူလဥပဒေပုဒ်မ ၁၇၊ ၁၈၊ ၁၉ မှာပါတဲ့ ပြစ်ဒဏ်တွေကို တစ်ဝက်လောက်လျှော့ထားတာရော မင်းသတိထားမိလား။ အဲဒီလို ပြစ်ဒဏ်တွေလျှော့ထားတော့ စည်းကမ်းမဲ့ ဆန္ဒထုတ်ဖော်သူတွေများမလာနိုင်ဘူးလား။

မင်းသိဒ္ဓိ - အဲဒီလို စည်းကမ်းမဲ့ဆန္ဒဖော်ထုတ်သူတွေရှိလာရင် Enforcement Body က ပြစ်မှုကျူးလွန်တဲ့သူတွေကို ပြတ်ပြတ်သားသား အရေးယူနေရင် ပြစ်ဒဏ်လျှော့ထားပေမယ့် ပြစ်မှုကျူးလွန်သူတွေ တိုးမလာနိုင်ဘူးလို့ထင်ပါတယ် ဆရာကြီး။

ဥပမာ - စည်းကမ်းမဲ့စီတန်းလှည့်လည်သူတွေက ပြည်သူပိုင်၊ အများပိုင်နဲ့ ပုဂ္ဂလိကပိုင်ပစ္စည်းတွေကို ထိခိုက်ပျက်စီးစေမယ့် အပြုအမူလုပ်မယ်၊ ပတ်ဝန်းကျင်ညစ်ညမ်းအောင် လုပ်မယ်ဆိုရင် ပုဒ်မ ၁၉ နဲ့ တရားစွဲနိုင်ပါတယ်။

ဆရာကြီး - ငါ --- အီဂျစ်မှာဖြစ်တဲ့ အရေးအခင်း၊ ထိုင်းမှာဖြစ်တဲ့ အရေးအခင်းတွေကို တီဗွီမှာကြည့်ဖူးတယ်။ အီဂျစ်မှာဆိုရင် ဆန္ဒပြသူတွေက လူစုလူဝေး (Mob) နဲ့ လက်နက်တွေကိုင်ပြီး လမ်းသွားလမ်းလာယာဉ်တွေကို တားဆီးနှောင့်ယှက်တာတွေ မြင်ရတယ်။ တို့ဆီမှာလည်း အဲဒီလို ဆန္ဒထုတ်ဖော်သူတွေ တစ်စတစ်စများလာပြီး ရမ်းရမ်းကားကားလုပ်လာရင် ဘာနဲ့အရေးယူမလဲ။

မင်းသိဒ္ဓိ - ဆရာကြီးက ငြိမ်းစုစီဥပဒေကို စိတ်ဝင်စားသူဆိုတော့ အဲဒီဥပဒေမှာပါပါတယ်။ ပြန်ကြည့်နိုင်ပါတယ်။ ဆရာကြီး မေးတဲ့အချက်တွေက **ဆန္ဒထုတ်ဖော်သူတွေ လိုက်နာရမယ့် စည်းကမ်းချက်တွေနဲ့ ဆန့်ကျင်နေတာမို့ ပုဒ်မ ၁၉ နဲ့ အရေးယူနိုင်သလို ပုဒ်မ ၂၁ အရလည်း ကျူးလွန်တဲ့ပြစ်မှုအပေါ်မူတည်ပြီး တည်ဆဲဥပဒေအရလည်း အရေးယူနိုင်ပါတယ်** ဆရာကြီး။

ဆရာကြီး - မင်းသိဒ္ဓိရေ --- ပြတင်းပေါက်ကလေး ပိတ်လိုက်ဦးကွာ။ အပြင်က မိုးပက်နေပြီ။ ဆရာကြီးသိချင်တာလေးတွေ ရှိသေးတယ်ကွ။ တချို့ ဆန္ဒထုတ်ဖော်သူတွေဟာ လူမျိုးရေးတွေ၊ ဘာသာရေးတွေထိခိုက်ပြီး ဟောတာပြောတာ၊ မမှန်တဲ့သတင်းတွေ ဟောပြောတာတွေ ရှိတယ် မင်းသတိထားမိမှာပေါ့။ အဲဒါလေးတွေက မင်းပြောတဲ့ စည်းကမ်းချက်ထဲမှာ ပါတာပေါ့နော်။

မင်းသိဒ္ဓိ - ဟုတ်ပါတယ် --- ဆရာကြီး။ ဆရာကြီးတောင် ဥပဒေကို တော်တော်နားလည်နေပြီ။

ဆရာကြီး - ငါမရှင်းလို့ မေးရဦးမယ်ကွာ။ ငြိမ်းစုစီဥပဒေ ပုဒ်မ ၁၂ (ဋ)မှာ စီတန်းလှည့်လည်ခွင့်ရပ်သိမ်းခံရရင် လူစုခွဲရမယ်လို့ ပါတယ်။ ဘယ်သူက ခွဲရမှာလဲ။ လူစုမခွဲရင် ဘာတွေဖြစ်နိုင်သလဲ။

မင်းသိဒ္ဓိ - စီတန်းလှည့်လည်ခွင့် ရုပ်သိမ်းခံရရင် လူစုခွဲရမယ်ဆိုတာ ဆန္ဒထုတ်ဖော်သူတွေကိုပြောတာပါ ဆရာကြီး။ ဆန္ဒထုတ်ဖော်သူတွေ လူစုမခွဲရင် ရုန်းရင်းဆန်ခတ်မှုလက်စွဲ (Riot Manual) အရ လူစုလူဝေးကို လူစုခွဲနိုင်ပါတယ်။ မြို့ပြ အင်အားဖြစ်တဲ့ ရဲနဲ့ လူစုခွဲနိုင်ပါတယ်။

ဆရာကြီး - အခု ပြင်ဆင်လိုက်တဲ့ ငြိမ်းစုစီဥပဒေကို ကျင့်သုံးရာမှာ ဆန္ဒထုတ်ဖော်သူတွေနဲ့ ခွင့်ပြုချက်ပေးသူတွေ အကြား ယုံကြည်မှုတည်ဆောက် (Believe of Building) ဖို့လိုသလို၊ ခံယူချက် (Concept)ပါ ပြောင်းဖို့လိုပြီပေါ့နော်။

မင်းသိဒ္ဓိ - ဟုတ်ပါတယ်---ဆရာကြီး။ ပြင်ဆင်တဲ့ဥပဒေအရ စီတန်းလှည့်လည်ခွင့်လျှောက်တိုင်း ခွင့်ပြုချက်ပေးမှာဖြစ်တဲ့အတွက် ဒါကို ခွင့်ပြုချက်တောင်းစရာ မလိုတော့ဘူးလို့ အယူအဆလွဲမှားနိုင်ပါတယ်။ **တကယ်တော့ ဥပဒေအရ ခွင့်ပြုချက်က မဖြစ်မနေတောင်းရမှာဖြစ်ပါတယ်။ ခွင့်ပြုချက်ပေးတဲ့ ရဲတပ်ဖွဲ့မှူးကလည်း ခွင့်ပြုချက်ထုတ်ပေးရုံနဲ့ မပြီးသေးဘူး။ ဆန္ဒထုတ်ဖော်မယ့် သူတွေရဲ့ ခေါင်းဆောင်တွေကိုခေါ်ပြီး ပုဒ်မ ၈ (င)အရ ထုတ်တဲ့ ဒေသဆိုင်ရာ စည်းကမ်းတွေ၊ ပုဒ်မ ၁၀၊ ၁၁ ပါ ပြဋ္ဌာန်းချက်တွေ ပုဒ်မ ၁၂ မှာပါတဲ့ စည်းကမ်း ၁၁ ချက်တွေကို ရှင်းပြဖို့ လိုပါလိမ့်မယ်။** ဆန္ဒထုတ်ဖော်မယ့် ခေါင်းဆောင်တွေကလည်း ဆန္ဒထုတ်ဖော်မယ့်သူတွေကို ဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်တွေ၊ ခွင့်ပြုချက်မှာပါတဲ့ စည်းကမ်းချက်တွေကို နားလည်အောင် ရှင်းပြဖို့လိုပါတယ်။ ဒါမှ အားလုံးက နားလည် သဘောပေါက်ပြီး ငြိမ်းချမ်းစွာ စနစ်တကျ စီတန်းလှည့်လည်တတ်တဲ့ ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေ ရသွားမှာဖြစ်ပါတယ်။ ဥပဒေဖောက်ဖျက်ကျူးလွန်လို့ အရေးယူဆောင်ရွက်တာတွေလည်း မလုပ်ရတော့ဘူးပေါ့ ဆရာကြီးရယ်။

ဆရာကြီး - အေးကွာ အခုလိုရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ညဉ့်လည်း အတော်နက်သွားပြီမို့ ဆရာကြီးအိမ်ပြန်တော့မယ်။

ဆရာကြီး ဦးမင်းနိုင် ကျွန်တော့်အိမ်မှ ပြန်သွားပြီးနောက် ကျွန်တော်လည်း အိပ်ရာဝင်ရာ ညဉ့်အတော်နက်သည်အထိအိပ်မပျော်ခဲ့ပါ။ ဆရာကြီး ဆွေးနွေးတဲ့ ငြိမ်းစုစီဥပဒေအကြောင်း စဉ်းစားရင်းက အတွေးအသစ်တစ်ခုပေါ်လာပါသည်။ တကယ်တော့ ငြိမ်းစုစီဥပဒေမှာ ဒီမိုကရေစီမြက်သားမွေးနိုင်ရန် ပြဋ္ဌာန်းပေးခြင်းပင် ဖြစ်ပါတော့သည်။

> ဥပဒေအရ ခွင့်ပြုချက်က မဖြစ်မနေတောင်းရမှာဖြစ်ပါတယ်။ ခွင့်ပြုချက်ပေးတဲ့ ရဲတပ်ဖွဲ့မှူးကလည်း ခွင့်ပြုချက်ထုတ်ပေးရုံနဲ့ မပြီးသေးဘူး။ ဆန္ဒထုတ်ဖော်မယ့်သူတွေရဲ့ ခေါင်းဆောင်တွေကိုခေါ်ပြီး ပုဒ်မ ၈(င) အရ ထုတ်တဲ့ ဒေသဆိုင်ရာ စည်းကမ်းတွေ၊ ပုဒ်မ ၁၀၊ ၁၁ ပါ ပြဋ္ဌာန်းချက်တွေ ပုဒ်မ ၁၂ မှာပါတဲ့ စည်းကမ်း ၁၁ ချက်တွေကို ရှင်းပြဖို့လို...

မြန်မာအီးဂရက်မှဦးဆောင်၍ သင်တန်းပို့ချ

မန္တလေး ဇွန် ၂၅

မြန်မာအီးဂရက် Myanmar EGRESS အဖွဲ့မှ ဦးဆောင်၍ EMPOWERING DEMOCRATIC Change Agents Regional Capecty Building သင်တန်းတစ်ရပ်ကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းရှိ ဈေးချိုဟိုတယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ ဖွင့်ပွဲအခမ်းအနားတွင် ဆရာဦးကျော်လင်းဦးက လက်ရှိနိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ အပြောင်းအလဲကို ပိုမိုအားကောင်းလာစေရေးအတွက် ယခုလို သင်တန်းပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် မတူညီသည့် အမြင်သဘောများရှိမည်ဖြစ်ကြောင်း၊ တက်ရောက်လာသည့်

ပုဂ္ဂိုလ်များအနေဖြင့် မရှင်းလင်းသည်များကို မေးမြန်းခြင်း၊ မတူညီသည့် သဘောထားများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးစေလိုကြောင်း အမှာစကားပြောကြားခဲ့ပြီး ဆရာဦးဂျိုးဇက်က ယခုသင်တန်းမှာ ၂၀၁၂ ခုနှစ်မှစတင်၍ နှစ်နှစ်စီမံကိန်းဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၁၄ ခုနှစ်ကုန်တွင် စီမံကိန်းကာလ ပြီးဆုံးမည်ဖြစ်ကြောင်း၊ ဤသင်တန်းကို ဥရောပသမဂ္ဂမှ ဘဏ္ဍာရေးပံ့ပိုးပေးထားကြောင်း၊ သင်တန်းတွင် ပွင့်ပွင့်လင်းလင်း ပါဝင်ဆွေးနွေးခြင်းအားဖြင့် အကျိုးရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်ဖွင့်လှစ်

ပထမနေ့အစီအစဉ်တွင် ဆရာဦးကျော်လင်းဦးက မြန်မာနိုင်ငံလက်ရှိအပြောင်းအလဲနှင့်ပတ်သက်သည့် လေ့လာသုံးသပ်ချက်များကို ပို့ချမည်ဖြစ်ပြီး ညနေပိုင်းတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ဒီမိုကရေစီဆိုင်ရာ မျှော်မှန်းချက်များအကြောင်းကိုပို့ချသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းကို ဇွန် ၂၂ ရက်မှ ၂၅ ရက်အထိ လေးရက်ကြာ ကျင်းပမည်ဖြစ်ရာ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ လက်ရှိအပြောင်းအလဲကာလအတွင်း အဓိကအခန်းကဏ္ဍမှရှိနေသော အုပ်ချုပ်ရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီဝင်များအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အပြောင်းအလဲများနှင့်ပတ်သက်သည့် အမြင်သစ်သဘောထားများကို ပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၀၁ ဦး တက်ရောက်ကြကြောင်း သိရသည်။ ယင်းသင်တန်းကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မေလက ဖွင့်လှစ်ခဲ့ပြီး ယခုမန္တလေးမြို့၌ ဖွင့်လှစ်ကာ မုံရွာမြို့တွင်လည်း ဇူလိုင်လတွင် ဆက်လက်ဖွင့်လှစ်မည် ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးပြတ်တောင်း ထစ်ချုန်းရွာပြီး ခေတ္တမျှသည်းထန်နိုင်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

လွှတ်တော်ရေးရာကဏ္ဍ

✻ *ပြည်ထောင်စုလွှတ်တော်မှ*

ဦးစိုးဝင်းအား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန်

ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆက်အောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီက အစီအရင်ခံစာ တင်သွင်းခဲ့သည်။

နိုင်ငံခြားဘဏ်များဖွင့်လှစ်ရေး၊ ကြီးကြပ်ရေးကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆက်အောင်က စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် နိုင်ငံခြားဘဏ်များရွေးချယ်ဖွင့်လှစ်ရေး၊ ကြီးကြပ်ရေးနှင့် ပြည်တွင်းဘဏ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစီအမံများဆောင်ရွက်ရာတွင် နိုင်ငံခြားဘဏ်များအနေဖြင့် ပြည်တွင်းသို့ ဝင်ရောက်လာသော ဌာနခွဲတစ်ခု လာရောက်ဖွင့်လှစ်သည့်ပုံစံဖြင့်လည်းကောင်း၊ နိုင်ငံခြားဘဏ်တစ်ခုမှ မြန်မာနိုင်ငံသို့လာရောက်ပြီး ကုမ္ပဏီအသစ်တစ်ခုအဖြစ် လာရောက်ဖွင့်လှစ်သည့် ပုံစံဖြင့်လည်းကောင်း၊ ပြည်တွင်းဘဏ်များနှင့် ချိတ်ဆက်ပြီး ဌာနခွဲတစ်ခုဖွင့်လှစ်သည့် ပုံစံဖြင့်လည်းကောင်း၊ နိုင်ငံခြားဘဏ်များအနေဖြင့် ပြည်တွင်းဘဏ်

မန္တလေးတိုင်း ဒေသကြီး မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

များမှ ရှယ်ယာများကိုဝယ်ယူပြီး ပြည်တွင်းဘဏ်များအဖြစ် လည်းကောင်း၊ ယင်းပုံစံများအနက် မည်သည့်နည်းလမ်းဖြင့် လက်ခံမည်ကို စဉ်းစားရပါကြောင်း၊ ပုံစံတစ်မျိုးစီတွင် ကောင်းကျိုးများ၊ ဆိုးကျိုးများလည်းရှိပါကြောင်း၊ တစ်မျိုးချင်းစီ၏ အားသာချက်၊ အားနည်းချက်များကို နှိုင်းယှဉ်ခဲ့ပါကြောင်း၊ ယင်းသို့ နှိုင်းယှဉ်ရာတွင် အဓိကအခြေခံအချက်ကြီးသုံးချက်ကိုစဉ်းစားခဲ့ပါကြောင်း၊ ယင်းအချက်များမှာ နိုင်ငံတော်နှင့် ပြည်သူ့အကျိုး၊ ပြည်တွင်းဘဏ်များ၏ အကျိုး၊ ပြည်တွင်းလုပ်ငန်းရှင်ကုမ္ပဏီများ၏ အကျိုးတို့ဖြစ်ပြီး အဆိုပါအချက်များအပေါ် အခြေခံ၍ နိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသေးစိတ် ရှင်းလင်းတင်ပြခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်သုံးဦးက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့သည်။ **(သတင်းစဉ်)**

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော်စည်းဝေး

နေပြည်တော် ဇွန် ၂၅

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ ၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ပုဂ္ဂလိကအသေးစား ငွေချေးလုပ်ငန်း ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဇွန် ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအတွင်းရေးမှူး ဦးကျော်ဝင်းမြင့်ဦးဆောင်၍ အဖွဲ့ဝင် ၁၅၀၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဗဟိုကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ်ကော်မတီဝင်များနှင့်ပါတီဝင်များနှင့် လူငယ်အဖွဲ့ဝင် ၁၄၅ ဦး၊ မြန်မာနိုင်ငံ လူငယ်များအစည်းအရုံးမှ အဖွဲ့ဝင်ခြောက်ဦး၊ ရန်ကုန်မြို့အခြေစိုက် တိုင်းရင်းသားမီဒီယာ(ဖက်ဒရယ်ဂျာနယ်)မှ အဖွဲ့ဝင်နှစ်ဦး စုစုပေါင်း ၃၀၃ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပနေပုံကို လာရောက်လေ့လာကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး ၁/၂၀၁၄ ကျင်းပ

စစ်တွေ ဇွန် ၂၅

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး ၁/၂၀၁၄ (ပထမနေ့)ကို ဇွန် ၂၅ ရက် နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်လွှတ်တော်ခန်းမ၌ စတင်ကျင်းပရာ အစည်းအဝေးသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းအပါအဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၄၀ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး ကတိသစ္စာပြုလက်မှတ်ရေးထိုးခြင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးထိန်လင်းက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ် ၁၃/၂၀၁၄ ကို ပြည်နယ်လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော ဝန်ကြီးချုပ်ရာထူးနေရာ၌ ရခိုင်ပြည်နယ်လွှတ်တော် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်မောင်မောင်အုန်းအား ခန့်အပ်တာဝန်ပေးလိုသဖြင့် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူနိုင်ရေး ပေးပို့ခြင်းကိုတင်ပြခြင်း၊ အဆိုပါတင်ပြခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသော ကိုယ်စားလှယ်များ ခိုင်လုံသည့် အထောက်အထားများ ပူးတွဲ၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

ကျင်းပမည်

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ၁/၂၀၁၄ (ဒုတိယနေ့)ကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပြည်ထောင်စုလွှတ်တော်တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌအား ဧည့်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၅

ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုနှင့် အဖွဲ့အား The International Bar Association's Human Right Institute (IBAHRI) မှ Senior Programme Lawyer ဖြစ်သူ Ms. Shirley Pouget သည် ဇွန် ၂၅ ရက် မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် ရေးရာဆောင်အမှတ် (I-1)၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် အပြည်ပြည်ဆိုင်ရာ ရှေ့နေများအဖွဲ့၏ လူ့အခွင့်အရေးဆိုင်ရာ ဌာနသည် မြန်မာနိုင်ငံ ရှေ့နေများအသင်း ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်မြင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ လာမည့် စက်တင်ဘာလအတွင်း အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

ကျောက်စိမ်းအတွဲပေါင်း ၂၉၄ တွဲကို ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် ကျောက်မျက်အတွဲပေါင်း ၂၇၁ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၆၅ တွဲကို ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။

(၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ကျောက်စိမ်းအရိုင်းတုံးများ၊ သွေးပြီး ကျောက်စိမ်းအချောထည်များ၊ ကျောက်မျက်အရိုင်းများ၊ သွေးပြီးကျောက်မျက် အချောထည်များ၊ ပုလဲများ၊ ကျောက်စိမ်းကျောက်မျက် ပုလဲတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ ကျောက်စိမ်းနှင့်ဆင်တူသော ကျောက်များ၊ အင်ကြင်းကျောက်အရိုင်းနှင့် အချောထည်များ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ် ပန်းချီကားများ၊ ရွှေထည်များ၊ ငွေထည်ပစ္စည်းများကို ရောင်းချလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မဏိရတနာကျောက်စိမ်းခန်းမနှင့် သတ်မှတ်နေရာများ၌ ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်များကို မိမိတို့စိတ်ကြိုက် လှည့်လည်ကြည့်ရှုလေ့လာမှတ်သားကြသည့် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသကဲ့သို့ မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာအရောင်းဆိုင်များ၊ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်ဆိုင်များ၊ ကျောက်ကပ် ပန်းချီဆိုင်များနှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များတွင်လည်း ဝယ်ယူအားပေးနေကြသည့် ရတနာကုန်သည်များနှင့် အထူးစည်ကားလျက်ရှိသည်။

(၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ဇွန် ၂၆ ရက်တွင် အဆိုပါခန်းမ၌ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ လေယာဉ်ကွင်း အဆောက်အအုံ ရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကျော်ဆန်း၊ မန်းရတနာပုံ လေကြောင်းလိုင်း ဥက္ကဋ္ဌ ဦးသန်းဦးနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းပီယာရီတို့က မန်းရတနာပုံလေကြောင်းလိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မန်းရတနာပုံလေကြောင်းလိုင်းမှ ဥက္ကဋ္ဌ ဦးသန်းဦးနှင့်တာဝန်ရှိသူများ၊ မန်းရတနာပုံလေယာဉ်အနီးတွင် အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကူးသည်။

မန်းရတနာပုံလေယာဉ်သည် တစ်ပတ်လျှင် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)နေ့များတွင် သုံးရက်ပြေးဆွဲမည်ဖြစ်ပြီး လေယာဉ်စီးခနှုန်းထားမှာ ထားဝယ်မြို့မှ ရန်ကုန်မြို့သို့ ငွေကျပ် ၆၆၀၀၀၊ ထားဝယ်မြို့မှ မြိတ်မြို့သို့ငွေကျပ် ၄၁၀၀၀၊ ထားဝယ်မြို့မှ ကော့သောင်းမြို့သို့ ငွေကျပ် ၇၁၀၀၀ ဖြစ်၍ လေယာဉ်နှစ်စင်းဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ကျင်းပ

အလားတူ မန်းရတနာပုံလေကြောင်းလိုင်းသစ် စတင်ပျံသန်းပြေးဆွဲပေးသည့် အခမ်းအနားဖွင့်ပွဲကို ဇွန် ၂၅ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က ကော့သောင်းလေဆိပ်အဆောက်အအုံ၌ ကျင်းပသည်။

အဆိုပါ ပုဂ္ဂလိကပိုင် မန်းရတနာပုံလေကြောင်းလိုင်းသစ်သည် ခရီးသွားလာမည့် ဒေသခံပြည်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ပြင်သစ်နိုင်ငံလုပ် ATR 72-600 လေယာဉ်အသစ်နှစ်စီးဖြင့် ပြည်တွင်းခရီးစဉ်များအဖြစ် ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်းမြို့များသို့ အသွား-အပြန်ရက်သတ္တပတ်လျှင် သုံးရက်ပုံမှန်ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)၊
ကျော်စိုး(ကော့သောင်း)

မြစိမ်းရောင်ရန်ပုံငွေများ သန်လျင်၌ ပေးအပ်

ရန်ကုန် ဇွန် ၂၅

သန်လျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၅ ရက်က သန်လျင်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ငပကျေးရွာ၊ ညောင်လေးပင်ကျေးရွာနှင့် ဖားကူးအရှေ့ကျေးရွာများအတွက် နိုင်ငံတော်မှမတည်ထူထောင်ပေးသည့် အရင်း မပျောက်လည်ပတ်ရန်ပုံငွေ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာသုံးရွာအတွက် စုစုပေါင်းငွေကျပ် သိန်း ၉၀၀ ကိုခရိုင်ဦးစီးမှူး ဦးကျော်လင်းသန်းက သက်ဆိုင်ရာကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှပြည်သူများအား မှတ်ပုံတင်ကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေး

နေပြည်တော် ဇွန် ၂၅

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာလေးရွာမှ ဒေသခံပြည်သူ ၂၆၀ ကျော်အား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနက မှတ်ပုံတင်ကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးပွဲကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါ မှတ်ပုံတင်ကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေးပွဲသို့ နေပြည်တော်ကောင်စီ နယ်မြေ ဦးစီးဌာနမှူး ဦးချိုထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ ခရိုင်ဦးစီးမှူး ဦးဝင်းလှိုင်ဦးတို့ တက်ရောက်ပြီး ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ လူမှုရေးအထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်းကာ ကျေးရွာပြည်သူများထံသို့ နေ့ချင်းပြီး ပြုလုပ်ပေးအပ်ခဲ့သည်။ **(ယာပုံ)**

"ကျွန်တော်တို့အနေနဲ့ ဒီနေ့ မှတ်ပုံတင်ကတ်ပြားပြုလုပ်ပေးတာ သစ်တပ်ကျေးရွာအုပ်စုအတွင်းရှိတဲ့ သစ်တပ်၊ ကြို့ပင်၊ သပြေပင်၊ ရှားစေးဖိုကျေးရွာတို့မှ ဒေသခံပြည်သူ ၂၆၀ ကျော်ကို မိုးပွင့်စီမံချက်(၆)အရ ပိုက်ဆံတစ်ပြားမှ ကုန်ကျခံစရာမလိုဘဲ လာရောက်ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးထိန်လင်းက ပြောသည်။

"ပိုက်ဆံတစ်ပြားမှ ပေးစရာမလိုဘဲ မှတ်ပုံတင်ကတ်ပြားတွေကို အခုလို ကျေးရွာအရောက် လာရောက် ကွင်းဆင်းပြုလုပ်ပေးတဲ့အတွက် ကျွန်မတို့အနေနဲ့ ဝမ်းသာပါတယ်။ အရင်ကဆို မြို့တက်တဲ့အခါ မှတ်ပုံတင်စစ်လို့ မပြနိုင်ရင် ပိုက်ဆံပေးရတယ်။ အခုတော့

ဘယ်သွားသွား အဆင်ပြေပြီပေါ့" ဟု မှတ်ပုံတင်လာရောက်ပြုလုပ်သူ ဒေသခံအမျိုးသမီးတစ်ဦးက အားရဝမ်းသာစွာဖြင့် ပြောကြားသည်။

သတင်း-တင်မောင်လွင်
ဓာတ်ပုံ-မောင်လွင်(တပ်ကုန်း)

ပြည်တွင်းသတင်း

မှန်ကန်သည့်အတွေးအခေါ် အမြော်အမြင်၊ အယူအဆ၊ မှန်ကန်သည့်လုပ်ရပ်လမ်းကြောင်းဖြင့် တိုင်းပြည်တိုးတက်ရန်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၅

လက်ပံတောင်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ရောက်ရှိနေသော လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည် ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်းသည် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ဆားလင်းကြီးမြို့နယ် တုံရွာမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ အခြေခံပညာ အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ပွဲနှင့် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဖောင်းကတာကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဦးဝင်းထွန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ရုပ်မြင်သံကြားစက်တစ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့ဝင်များအား ဆုငွေများပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းနှင့် တာဝန်ရှိသူများက ပညာ့အားမာန် ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အလယ်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၄၅၀ တက်ရောက် ပညာသင်ကြားလျက်ရှိပြီး ကျောင်းဆောင်သစ်သည် အလျားပေ ၁၃၀၊ အနံပေ ၃၀ ရှိ RC လေးခန်းတွဲ နှစ်ထပ်အဆောက်အအုံဖြစ်သည်။

ယင်းနောက် ဖောင်းကတာကျေးရွာအခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာ အထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ပွဲနှင့် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဦးဝင်းထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့ဝင်များအား ဆုငွေများပေးအပ်သည်။

ထို့နောက် ပညာရတနာကျောင်းဆောင်သစ်ကို တိုင်းဒေသကြီးဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အထက်တန်းကျောင်းခွဲတွင် ကျောင်းသား ကျောင်းသူ ၉၀၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပြီး ကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀ ၊ အနံပေ ၃၀ ရှိ RC ရှစ်ခန်းတွဲ နှစ်ထပ်အဆောက်အအုံဖြစ်သည်။

ယင်းနောက် အမှတ်(၆)အထည်စက်ရုံ (ဆားလင်းကြီး)အထည်ချုပ်ဌာနတွင် ဒေသအတွင်းအလုပ်အကိုင်ခန့်ထားပေးသော အဝတ်အထည်ချုပ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အထည်စက်ရုံ ရုံးဌာန၌ နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် Action Aid (မြန်မာ)က ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ကျေးရွာဖွံ့ဖြိုးရေးလူငယ်သင်တန်းအမှတ်စဉ်(၁)သို့ တက်ရောက်အားပေးသည်။

အဆိုပါသင်တန်းသည် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ၃၀ မှ သင်တန်းသား သင်တန်းသူ ၃၀ တို့ကို လူမှုအသိုက်အဝန်းနှင့် ကျေးရွာအခြေပြု ဖွံ့ဖြိုးရေးနည်းစဉ်များ၊ ကလေးသူငယ်၊ အမျိုးသမီးနှင့် မသန်စွမ်းသူများ ဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆိုင်ရာ သိကောင်းစရာများ စသည့်ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၅ ရက်ထိ ၁လကြာမြင့်မည်ဖြစ်သည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အဆိုပါအထည်စက်ရုံ ရှင်းလင်းဆောင်၌ ကျင်းပသည့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင် ရွက်မည့် ကော်မတီနှင့် စီမံကိန်းဒေသရှိ ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင်များတွေ့ဆုံပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက အမှာစကားပြောကြားရာတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဒေသရှိ မြို့နယ်၊ ကျေးရွာများသည် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုဖြင့် တစ်မူထူးခြားသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်သည့် ဒေသကြီးတစ်ခုဖြစ်ပါကြောင်း၊ ယခင်က လျှပ်စစ်မီး၊ သန့်ရှင်းသည့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရန်စသည့် အခက်အခဲများရှိခဲ့သော်လည်း ယခုအခါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် ထိုက်သင့်သည့်အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ နိုင်ငံဘဏ္ဍာဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စီမံကိန်းအတွင်းမှ စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုရေးဆိုင်ရာ တာဝန်ယူမှု (CSR)ရရှိသည့်အတွက် စီမံကိန်းဒေသရှိ ဒေသခံပြည်သူများဖွံ့ဖြိုးတိုးတက်ရေး (CSD)နှင့် လူမှုရေးတာဝန်ရှိမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ CSR လုပ်ငန်းများအနေဖြင့် လက်ပံတောင်းတောင်စီမံကိန်းဒေသအပါအဝင် စံပယ်တောင်၊ ကြေးစင်တောင်ဒေသများကိုလည်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

စီမံကိန်းနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးခဲ့ရသူများကို ဥပဒေကြောင်းအရ ထိုက်သင့်သည့် လျော်ကြေးများပေးအပ်ခဲ့ပြီး စုံစမ်းစစ်ဆေးရေးကော်မရှင်၏အစီရင်ခံစာအရ နစ်နာကြေးထောက်ပံ့ကြေးများ ထပ်မံပေးအပ်ခဲ့ပါကြောင်း၊ စီမံကိန်းသည် တည်ဆောက်ဆဲ ကာလသာဖြစ်ပြီး ထုတ်လုပ်မှုကာလသို့ ရောက်လျှင် ထောက်ပံ့မှုများ၊ အလုပ်အကိုင်အခွင့်အလမ်းများကို ယခုထက်ပိုမိုဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ ပညာ ရေးမြှင့်တင်နိုင်ရန် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်သည့်အတွက် များစွာဂုဏ်ယူပါကြောင်း၊ ပညာရေးမြှင့်တင်နိုင်မှသာ နိုင်ငံအတွက် အားထားရသည့် ပညာပြည့်ဝသည့် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန် လက်တွဲညီညီဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မှန်ကန်သည့် အတွေးအခေါ် အမြော်အမြင်၊ အယူအဆ၊ မှန်ကန်သည့် လုပ်ရပ်လမ်းကြောင်းတို့ဖြင့် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရန် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဦးဝင်းထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မိုးကြိုးပြင်၊ ရွာရှည်၊ ညောင်ပင်ကြီး၊ ဖောင်းကတာ၊ လက်ပံတောင်း၊ တုံရွာ၊ ဒုန်းတော၊ ကျောက်မျက်၊ ရွှေပန်းခိုင်၊ မြရိပ်ကျေးရွာအုပ်စုများနှင့် စီမံကိန်းဧရိယာအတွင်း မပါဝင်သည့်ကျေးရွာများမှ တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ် တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်သည်။

ယင်းနောက် ဆည်တည်း-ဇီးတောကျေးရွာနှင့် ဝက်မှေးကံတောကျေးရွာ မူလတန်းကြိုကျောင်းများသို့ရောက်ရှိပြီး လက်ဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကာ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကလေးများ၏ ကျန်းမာရေးကို အလေးထားဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အောင်မြေမြင်သာကျောင်းတိုက်နှင့် ကံတောကျောင်းတိုက်ဓမ္မာရုံများ၌ ဒေသခံပြည်သူများအား အဝတ်အထည်များ၊ ကျောင်းဝတ်စုံများ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

သန်လျင်မြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲ က အဆိုပါ တရားရုံးဖွင့်ပွဲမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ သန်လျင်မြို့နယ် တရားသူကြီး ဦးတင်လတ်က မြို့နယ်တရားရုံး အဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စူပါပလက်တီနမ် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးရွှေလဝင်းက သန်လျင်မြို့နယ်တရားသူကြီးဦးတင်လတ်အား တရားရုံးအဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့်တိုင်းဒေသကြီး ဥပဒေချုပ် ဦးကျော်မိုးနိုင်တို့က သန်လျင်မြို့နယ် တရားရုံး အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက သန်လျင်မြို့နယ်တရားရုံး အဆောက်အအုံသစ်ဆိုင်းဘုတ်နှင့်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေး၍ တရားရုံး အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့နယ်တရားရုံးအဆောက်အအုံသစ်သည် အလျား ၇၈ ပေ၊ အနံ ပေ ၆၀၊ အမြင့် ၂၃ ပေရှိ အာရ်စီအမျိုးအစားနှစ်ထပ် အဆောက်အအုံဖြစ်ပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၄ ခုနှစ် မတ် ၃၁ ရက်တွင် ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု အမြန်ပြန်လည်ရရှိရေး ဆောင်ရွက်

ရန်ကုန် ဇွန် ၂၅

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဗဟန်းမြို့နယ် ကန်ပတ်လမ်း ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင် ဇွန် ၂၃ ရက်က စက်မှုအထက်တန်းကျောင်းဝင်းအတွင်းရှိ စိန်ပန်းပင်တစ်ပင်လဲပြိုရာမှ ဓာတ်အားပေးလျက်ရှိသည့် (6.6)kV ဓာတ်လိုင်းပေါ်ကျရာ ဓာတ်တိုင်နှင့် လိုင်းကြိုးများ ပြတ်တောက်ခဲ့သည်။

အဆိုပါ ဓာတ်အားပြတ်တောက်မှုကို ဗဟန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းများက အမြန်ပြုပြင်ဆောင်ရွက်ခဲ့ရာ**(အောက်ပုံ)** ဇွန် ၂၄ ရက် နံနက် ၀၀ း ၃၀ နာရီတွင် ဓာတ်အား ပုံမှန်ပြန်လည်ပေးနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

လျှပ်စစ်မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ လျှပ်စစ်သုံးဘီးဆိုင်ကယ်နှင့် နိဗ္ဗာန်ယာဉ်များ အခွန်ဆောင်၍ မှတ်ပုံတင်ပြုလုပ်ပေးမည်

နေပြည်တော် ဇွန် ၂၅

နိုင်ငံတော်အတွင်း တရားမဝင်တင်သွင်းရောက်ရှိနေသည့် လျှပ်စစ်မော်တော်ဆိုင်ကယ်၊ လျှပ်စစ်သုံးဘီးဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် နာရေးကူညီမှုအသင်းများတွင် အသုံးပြုနေသော နိဗ္ဗာန်ယာဉ်များကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနများ ပူးပေါင်း၍ သတ်မှတ်အခွန်အခများ ပေးဆောင်စေလျက် (One Stop Service) ဖြင့် တရားဝင်မှတ်ပုံတင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စည်းကမ်းဥပဒေနှင့်အညီ ဖြစ်လာစေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနမှ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရုံးစိုက်ရာမြို့များတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အလှမ်းဝေးသည့် ဒေသများအတွက်လည်း ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်း၍ နယ်လှည့်လုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါယာဉ်များကို တရားဝင်မှတ်ပုံတင်ပေးခြင်းသည် အဓိကအားဖြင့် မြို့ပြနှင့် ကျေးလက်နေပြည်သူများ အဆင်ပြေချောမွေ့စေပြီး စည်းကမ်းဥပဒေကို လေးစားလိုက်နာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စီမံချက်ကာလပြီးဆုံးသွားပါက မှတ်ပုံတင်မဲ့ယာဉ်အဖြစ် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့်အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များ ဆွေးနွေး

နေပြည်တော် ဇွန် ၂၅

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ်များဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ်များဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများနှင့် အနာဂတ်တွင် ဆောင်ရွက်သွားမည့် အခြေအနေများကို ဝန်ထမ်းများအနေဖြင့် ရှင်းရှင်းလင်းလင်း သိရှိရန်လိုအပ်ပြီး နိုင်ငံတော်၏ လမ်းညွှန်မှုများနှင့်အညီ လုပ်ငန်းအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်အတူ မိမိတို့ဝန်ကြီးဌာနသည်လည်း ပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိမိတို့ကျင့်သုံးနေသည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ ပြည်သူတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရန် ဖြစ်ပါကြောင်း၊ ပြည်သူလူထုကို ထိရောက်သည့် ဝန်ဆောင်မှုများပေးရန်ဖြစ်ပြီး ကိုယ်ချင်းစာစိတ်ဖြင့် လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်း။

တတိယအဆင့် အရှိန်မြှင့်တင်မှုကို ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးမှုရှိရေး၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအရ ဝန်ကြီးဌာနများ၏စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ထိရောက်သော သဘာဝသယံဇာတစီမံခန့်ခွဲမှုများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေး မြှင့်တင်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ဆောင်မှုမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ နိုင်ငံတော်၏ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနသည် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရခြင်းကြောင့် ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာပညာရပ်များကို ကျွမ်းကျင်အောင် အမြဲလေ့လာနေရမည် ဖြစ်ပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပေါင်းစပ်ညှိနှိုင်းမှုများကို မိမိတို့ဌာနအတွင်း ပြန်လည်သုံးသပ်ကြရန် လိုအပ်ပါကြောင်း။

ခေတ်ကာလ ပြောင်းလဲလာသည်နှင့်အညီ မိမိတို့၏ လုပ်ဆောင်ချက်များကို မှန်၊ မှား တိုင်းတာသည့်စံနှုန်းများ၊ အဖွဲ့အစည်းများ ရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် မှန်ကန်သော လုပ်ဆောင်မှုဖြင့် တိုးတက်မှုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တစ်ဦးချင်းတစ်ယောက်ချင်းမှစ၍ မိမိတို့၏ဌာနနှင့် ဝန်ကြီးဌာနအတွင်းသာမက အခြားသောဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့်လည်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ပြည်သူများ၏လစာ၊ စရိတ်နှင့် ထောက်ပံ့ကြေးများကို ခံစားနေကြသည့် ဝန်ထမ်းများသည် ပြည်သူများလိုအပ်ချက်ကို ကောင်းမွန်စွာဝန်ဆောင်မှုပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အပြန်အလှန် လေးစားယုံကြည်နိုင်မှုကိုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားအောင် အဓိကဆောင်ရွက်ရမည့်အချက်များမှာ ကိုယ်ကျင့်သိက္ခာနှင့် အကျင့်စာရိတ္တကောင်းမွန်ရန်လိုအပ်ခြင်း၊ အခြေခံအလုပ်ကျွမ်းကျင်မှုရှိရန် လိုအပ်ခြင်း၊ အကောင်းမြင်စိတ်ဖြင့် ရင်ဆိုင်ကြုံတွေ့ရမှုများအပေါ် အပေါင်းလက္ခဏာဆောင်သော ရှုမြင်နိုင်မှုလိုအပ်ခြင်း၊ စီမံခန့်ခွဲမှုအရည်အသွေးမြှင့်တင်ရန်လိုအပ်ခြင်း၊ နည်းပညာများအချိန်နှင့်အမျှတိုးတက်နေသော ယနေ့ခေတ်တွင် အမြင်ကျယ်ပြန့်ရန် လိုအပ်ခြင်း၊ ဝန်ထမ်းတစ်ဦးချင်းအား လေ့လာအကဲဖြတ်၍ ရာထူးတိုးမြှင့်ခြင်း၊ စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်း၊ ကျင့်ဝတ်စည်းကမ်း မလိုက်နာပါက အရေးယူခြင်း စသည့်ဆုပေးဒဏ်ပေးစနစ်များဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက တာဝန်သိမှုတွင် အဓိပ္ပာယ်နှစ်မျိုးရှိကြောင်း၊ ပထမအဓိပ္ပာယ်မှာ မိမိလုပ်ရမည့်တာဝန်ကို သိရှိခြင်းဖြစ်ပြီး၊ ဒုတိယအဓိပ္ပါယ်မှာ မည်သူကမျှ ခိုင်းစေခြင်းမရှိဘဲ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တာဝန်ယူမှု (Accountability)တွင်လည်း နှစ်ပိုင်းရှိပါကြောင်း၊ ပထမပိုင်းမှာ မိမိဆောင်ရွက်မှုအကျိုးအပြစ်ကို မိမိတာဝန်ယူခြင်းဖြစ်ပြီး နောက်တစ်မျိုးမှာ မိမိလုပ်ရမည့်အလုပ်ကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်ညီအောင် ဆောင်ရွက်ခြင်းဖြစ်၍၎င်းကို Legal accountability ဟု ခေါ်ပါကြောင်း၊ တာဝန်ယူမှုရှိခြင်းသည် ယုံကြည်မှုကိုတည်ဆောက်ခြင်းဖြစ်ပါကြောင်း၊ ယုံကြည်မှုရရှိပါက အောင်မြင်မှုများနှင့်အတူ သစ္စာရှိမှုကိုပါ ရရှိမည်ဖြစ်ပြီး အချိန်နှင့်ငွေကို ချွေတာနိုင်မည်ဖြစ်ပါကြောင်း၊ တာဝန်မယူနိုင်မှုကြောင့် ကမ္ဘာကြီးပေါ်တွင် အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာ ဆုံးရှုံးမှုများဖြစ်နေပါကြောင်း၊ တာဝန်ယူတတ်သည့် ယဉ်ကျေးမှုကို တည်ဆောက်မည်ဆိုပါက မိမိလုပ်ရမည့် မိမိတာဝန်ကို သိရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရိုးသားမှုရှိရန်တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ မိမိလုပ်ငန်းကိုတာဝန်ခံ၍ သတ္တိရှိရှိဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါကြောင်း၊ မိမိလုပ်ငန်းမအောင်မြင်ပါက တခြားသူတစ်ယောက်အား အပြစ်တင်ခြင်း၊ ဆင်ခြေပေးခြင်းများ မပြုလုပ်ရန်လိုအပ်ပြီး တာဝန်ယူမှုကို မိမိကပင်စတင်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာဖွံ့ဖြိုးမှုအရင်းအမြစ်အဖွဲ့ (MDRI) မှ ဒေါက်တာတင်မောင်သန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်၊ အထွေထွေမန်နေဂျာ ဦးသန်းလွင်ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းတို့က တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှု ကိစ္စရပ်များ၊ အုပ်ချုပ်ရေးအပိုင်းတွင် စွမ်းဆောင်ရည်တိုးမြှင့်ခြင်းကိစ္စရပ်များ၊ နိုင်ငံ့ဝန်ထမ်းများ၏အရည်အသွေးမြှင့်တင်မှုကိစ္စရပ်များ၊ စိတ်ဓာတ်နှင့်အမူအကျင့်အသစ်များ ထူထောင်ရေးကိစ္စရပ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်မှုရရှိစေရန် ကိစ္စရပ်များ၊ ခေါင်းဆောင်မှုဆိုင်ရာကိစ္စရပ်များ၊ နောက်လိုက်ငယ်သားများနှင့် ပတ်သက်၍ လိုက်နာကျင့်သုံးရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်၊ ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာ့ဖွံ့ဖြိုးမှုအရင်းအမြစ်အဖွဲ့မှဒေါက်တာတင်မောင်သန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်းများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်းအရာထမ်း ၃၀၀ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲကို ညနေ ၆ နာရီခွဲတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ *ကျောဖုံးမှ*

ထိုသို့ စီအင်န်ဂျီအိုးများကို စစ်ဆေးရာ၌ လက်ရှိ၌ Hydrotest နည်းပညာဖြင့် စစ်ဆေးခဲ့ရာ တစ်ရက်လျှင် စီအင်န်ဂျီအိုးအလုံး ၁၀၀ ခန့်သာ စစ်ဆေးနိုင်သည့် အခြေအနေရှိသည်။ လက်ရှိစစ်ဆေးနေသည့် စက်ရုံသည် စီအင်န်ဂျီအိုး စစ်ဆေးနိုင်သည့် အရေအတွက် နည်းပါးလျက်ရှိနေသည်။

ထို့ကြောင့် တစ်နေ့လျှင် စီအင်န်ဂျီအိုးအလုံး ၃၀၀ ခန့် စစ်ဆေးနိုင်သည့် စက်ရုံသစ်ကို တည်ဆောက်ရန် လိုအပ်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုငွေတောင်းခံထားရာ ခွင့်ပြုပါက စက်ရုံသစ်တည်ဆောက်ကာ Hydrotest နည်းပညာဖြင့် ပိုမိုတွင်ကျယ်စွာ စစ်ဆေးသွားနိုင်တော့မည်ဖြစ်သည်။

(မြန်မာ့အလင်း)

လူကုန်ကူးမှုအန္တရာယ်
ဝိုင်းဝန်းကာကွယ်

မြဝတီမြို့တွင် ဖြစ်ပွားသော ပစ်ခတ်မှုမှ သေနတ်သမားကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

မြဝတီ ဇွန် ၂၅

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ပြည်သာယာ(၄)လမ်း၌ ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုဖြစ်စဉ်မှ ထွက်ပြေးတိမ်းရှောင်သွားသော ပြစ်မှုကျူးလွန်သူအား လက်နက်ခဲယမ်းများနှင့်အတူ ဇွန် ၂၀ ရက် ည ၈ နာရီ မိနစ် ၄၀ က မြဝတီမြို့နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဆန်းဝင်းနှင့်အဖွဲ့က ဖမ်းဆီးရမိခဲ့ပြီး မြဝတီမြို့မရဲစခန်း၌ အမှုဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သန့်ဇင်(ခ)ဖားပလွတ် (၂၇ နှစ်) ပြည်သာယာ(၃)လမ်း သရက်ခြံဝင်း အမှတ်(၄) ရပ်ကွက် မြဝတီမြို့နေသူသည် ပြည်သာယာ(၄)လမ်းရှိ ဒေါ်မွန်မ ထမင်းဆိုင်ရှေ့၌ ရှိနေစဉ် မွန်လေးနှင့်ကပ္ပလီတို့ရောက်ရှိလာပြီး ကပ္ပလီဆိုသူက “မနေ့က ငါ့တပည့် နဂါးကို ဘာဖြစ်လို့ ထိုးတာလဲ၊ မင်းငါနဲ့လိုက်ခဲ့”ဟု ပြောရာ သန့်ဇင်က မလိုက်ဘူးဟုပြောဆိုရာမှ ကပ္ပလီက ကိုးလုံးကျည်သေနတ်ဖြင့် တစ်ချက်ပစ်ခတ်ခဲ့ပြီး သန့်ဇင်(ခ)ဖားပလွတ်တွင် ဒဏ်ရာကိုးချက်ရရှိကာ မွန်လေးနှင့် ကပ္ပလီတို့သည် အခင်းဖြစ်နေရာမှ ၎င်းတို့စီးလာသော ဆိုင်ကယ်ဖြင့် ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အခင်းဖြစ်စဉ်နှင့် ပတ်သက်၍ မြဝတီမြို့မရဲစခန်းက အမှုဖွင့်လှစ်ထားရှိကာ ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ရဲအုပ်ဆန်းဝင်း ဦးဆောင်သောအဖွဲ့က ပြစ်မှုကျူးလွန်သူမွန်လေး (၄၁ နှစ်) ကျပန်းအေးသာယာ(၅)လမ်း အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့နေသူကို အမှတ်(၄)ရပ်ကွက် ဟေမာန်ဦးဘုန်းကြီးကျောင်း အနောက်ဘက် အေးသာယာ(၅)လမ်းရှိ တိုက်တန်းတွင် HK-33 သေနတ်တစ်လက်၊ ကျည်ကတ်တစ်ခု၊ ယင်းကျည် ၁၂ တောင့်၊ အီနာဂါဗုံးသီးတစ်လုံးတို့နှင့်အတူ ဇွန် ၂၀ ရက် ည ၁၀ နာရီ မိနစ် ၄၀ က ဖမ်းဆီးရမိခဲ့သဖြင့် ဇွန် ၂၁ ရက် နံနက် ၀၀ နာရီ မိနစ် ၃၀ က နာရီတွင် မြဝတီမြို့မရဲစခန်းက အမှုဖွင့်ကာ ကိုးလုံးထိုးသေနတ်ပွိုင့် ၂၂ သေနတ်တစ်လက်နှင့်အတူ ထွက်ပြေး တိမ်းရှောင်လွတ်မြောက်နေသော ကပ္ပလီကို အမြန်ဆုံး ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

ပြစ်မှုကျူးလွန်သူ မွန်လေးနှင့် ၎င်းထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခရိုအေးရှား အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၄ ခုနှစ် ဇွန် ၂၅ ရက်နေ့တွင်ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် (၁)နှင့် နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး ဒေါက်တာဗက်စ်နာပူစစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါနေ့မှစတင်၍ အာဏာတည်ပါသည်။

၂။ ဝေးလံခေါင်သီသောဒေသများနှင့် ခရီးလမ်းပန်းဆက်သွယ်မှုခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထမ်းအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်အလို့ငှာ အဆိုပါနိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက်မှ ဝန်ထမ်းများသိရှိသင့်သည့်အချက်များကို ကောက်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

မီးဖွားခွင့်

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ အခန်း(၈)တွင် သတ်မှတ်ပြဋ္ဌာန်းထားရှိသည့် ခွင့်ခံစားခြင်းနှင့် စပ်လျဉ်း၍နိုင်ငံ့ဝန်ထမ်းအမျိုးသမီးများ ခံစားခွင့်ရှိသည့် မီးဖွားခွင့်ကို နည်းဥပဒေ ၁၀၁ နှင့် ၁၀၂ တို့၌ အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပါသည် -

နည်းဥပဒေ ၁၀၁။ အမျိုးသမီးဝန်ထမ်းများအနေဖြင့် မီးဖွားခွင့်ကို-

(က) ခွင့်စတင်ခံစားသည့် နေ့ရက်မှစ၍ ခြောက် ခံစားခွင့်ရှိသည်။
(ခ) အခြားခွင့်များနှင့် ဆက်စပ်၍ ခွင့်မပြုရ။
(ဂ) ဆေးလက်မှတ် အထောက်အထားဖြင့် တောင်းခံပါက အခြားခွင့်များကို မီးဖွားခွင့်၏နောက်မှဆက်၍ ခွင့်ပြုနိုင်သည်။
(ဃ) ကိုယ်ဝန်ဆောင်နေသည့် ကာလအတွင်း သန္ဓေပျက်ကျသည့် အခြေအနေမျိုးတွင် ဆေးလက်မှတ်အထောက်အထားဖြင့် ခြောက်ပတ်ထက်မပိုသည့် မီးဖွားခွင့်ကိုခွင့်ပြုရမည်။
(င) သန္ဓေပျက်ရန် စိုးရိမ်ဖွယ်ရာရှိသော အခြေအနေမျိုးအတွက် မီးဖွားခွင့်မပေးရ၊ အခြားသင့်လျော်ရာခွင့်သာ ခွင့်ပြုရမည်။
(စ) ကိုယ်ဝန်အဆိပ်တက်ခြင်းတွင် မီးဖွားခွင့်ကို မထိခိုက်စေဘဲ ဆေးလက်မှတ်ဖြင့် ခြောက်ပတ်ထက်မပိုသော သင့်လျော်သည့်ခွင့်ပေးရမည်။
(ဆ) အမြွှာပူး သို့မဟုတ် ယင်းထက်ပို၍ မွေးဖွားပါက သာမန် မီးဖွားခွင့် ကုန်ဆုံးရက်၏ နောက်ရက်မှစပြီး ကလေးများ ပြုစုစောင့်ရှောက်နိုင်ရန် ရက်သတ္တခြောက်ပတ်တိုး၍ မီးဖွားခွင့်အဖြစ် ခွင့်ပြုရမည်။
(ဇ) မီးဖွားသူဝန်ထမ်းအမျိုးသမီး၏ ခင်ပွန်းသည်လည်း ဝန်ထမ်းဖြစ်ခဲ့သော် မွေးကင်းစကလေးများအား ပြုစုစောင့်ရှောက်ရန် ခင်ပွန်းဖြစ်သူကို ကလေးပြုစုစောင့်ရှောက်ခွင့် ရက်သတ္တနှစ်ပတ် ခွင့်ပြုရမည်။ လစာနှုန်းပြည့်ခံစားခွင့်ပြုပြီး တာဝန်ချိန်အဖြစ်သတ်မှတ်ပေးရမည်။

နည်းဥပဒေ ၁၀၂။ မီးဖွားခွင့်ကာလအတွင်းခွင့်လစာကို လစာနှုန်းပြည့်ဖြင့် ခံစားခွင့်ရှိသည်။

၄။ ယခုပြဋ္ဌာန်းခဲ့သည့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် မီးဖွားခွင့်ကို ယခင်က ရက်ပေါင်း ၉၀၊ တစ်နည်းအားဖြင့် သုံးလ သတ်မှတ်ထားရာမှ ယခု ခြောက်လအထိ တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီးဖြစ်သည့်အတွက် အာဆီယံ (၁၀) နိုင်ငံအနက်မြန်မာနိုင်ငံသည် မီးဖွားခွင့်ကာလအများဆုံး ခွင့်ပြုပေးထားခြင်းဖြစ်ပါသည်။ ထို့ပြင်သာမက မီးဖွားသူ ဇနီးသည်နှင့် မွေးကင်းစကလေးကို ပြုစုစောင့်ရှောက်နိုင်ရန်အတွက် ခင်ပွန်းဖြစ်သူသည်လည်း ဝန်ထမ်းဖြစ်ခဲ့ပါလျှင် ၎င်းကိုလည်း လစာနှုန်းပြည့်ဖြင့် ရက်သတ္တနှစ်ပတ် ခွင့်ပြုပေးထားပါသည်။ ဝန်ထမ်းအမျိုးသမီး မီးဖွား၍ ဝန်ထမ်းခင်ပွန်းသည်ကို ခွင့်ပေးခြင်းမှာ အာဆီယံ(၁၀)နိုင်ငံတွင် မြန်မာနှင့်စင်ကာပူ နှစ်နိုင်ငံသာရှိပါသည်။ ယင်းကိုထောက်ရှုခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများသည် နိုင်ငံ့ဝန်ထမ်းများအပေါ် များစွာမှထောက်ထားသက်ညှာပြီး နိုင်ငံတကာစံနှုန်းများထက် သာလွန်သောအခွင့်အရေးများ ပေးထားကြောင်း နှိုင်းယှဉ်တွေ့ရှိရမည်ဖြစ်ပါသည်။ ယင်းနည်းဥပဒေခွဲ(ဇ)၌ ပါရှိသည့် မွေးကင်းစကလေးဆိုသည်မှာ အပြည်ပြည်ဆိုင်ရာစံနှုန်းအရ မွေးဖွားသည့်နေ့မှ ၂၈ ရက်အတွင်းသာ အကျုံးဝင်ပါကြောင်း သိရှိနိုင်ပါရန် ဖြည့်စွက်ရှင်းလင်းဖော်ပြအပ်ပါသည်။

နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအနက် အခြားသိရှိသင့်သည့်အချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

ပြည်တွင်းသတင်း

ပြင်ဦးလွင် မဟာမုနိဘုရားကြီးမှ ထူးထူးခြားခြားရောင်ခြည်တော်များကွန့်မြူး

ပြင်ဦးလွင် ဇွန် ၂၅

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁) ညံ့တောရပ်ကွက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော မဟာမုနိဘုရားကြီးသည် ဇွန် ၁၉ ရက် ညပိုင်းမှစတင်ပြီး ထူးထူးခြားခြားရောင်ခြည်တော်များ ကွန့်မြူးလျက်ရှိသည်ကို ဖူးတွေ့ရသည်။ **(အပေါ်ပုံ)**

ဘွဲ့တော်တည်ရှိ

မဟာမုနိဘုရား ရုပ်ပွားတော်မြတ်ကို မန္တလေးမြို့မှ ရသေ့ကြီး ဦးခန္တီက ၁၂၈၁ ခု တော်သလင်းလဆုတ် ၁၃ ရက်တွင် စတင်တည်ထားပူဇော်ခဲ့သည်။ ရုပ်ပွားတော်ကြီးသည် မန္တလေးမြို့ မဟာမြတ်မုနိ(ဘုရားကြီး)၏ မုဒြာအတိုင်း ကြေးပိသာချိန် ၂၀၀၀ ဖြင့် သွန်းလောင်းခဲ့ပြီး ရသေ့ကြီး ဦးခန္တီကိုအစွဲပြု၍ ဦးခန္တီဘုရားဟူ၍ ယနေ့ထက်တိုင် ဘွဲ့တော်တည်ရှိခေါ်ဆိုခဲ့ကြသည်။

ရုပ်ပွားတော်ကြီး၏ ထူးခြားချက်မှာ လွန်ခဲ့သော ၁၃၄၂ ခု ပထမဝါဆိုလဆန်း ၁၂ ရက်နေ့ကလည်း မျက်နှာတော်မှ ထူးခြားစွာ ရောင်ခြည်တော်များကွန့်မြူးခဲ့သည်။ မဟာမုနိ ဦးခန္တီဘုရားအား လွန်ခဲ့သောလက ရွှေထီးတော်၊ စိန်ဖူးတော်အသစ်များ လဲလှယ်ပူဇော်ခဲ့ကြပြီး ယခုအခါ ထူးထူးခြားခြားရောင်ခြည်တော်များ ကွန့်မြူးလာခြင်းဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့၏ ပြောပြချက်အရ သိရသည်။

ရောင်ခြည်တော်များသည် အထက်စိန်ဖူးတော်မှ အောက်စောင်းတန်းများအထိ ကောင်းကင်ယံတွင် ရောင်စုံရောင်ခြည်တော်တန်းများ ထွက်ပေါ် ကွန့်မြူးလျက်ရှိနေပြီး ပေါ်လွင်ထင်ရှားသော အရောင်မှာ အစိမ်းရောင်ဖြစ်ကြောင်း ဖူးတွေ့ရသည်။ ရောင်ခြည်တော်ကွန့်မြူးမှုသည် ဇွန် ၁၉ ရက် ညမှ စတင်ဖြစ်ပေါ်ပြီး ယနေ့ထက်တိုင် ညစဉ်ကွန့်မြူးလျက်ရှိနေသည်။

သွားရောက်ဖူးမြော်

အများအားဖြင့် ည ၁၂ နာရီကျော်မှ အရုဏ်တက်ချိန်အထိ တဖျတ်ဖျတ်တလက်လက် ပုံစံမျိုးဖြင့်လည်းကောင်း၊ ရောင်စဉ်တန်းပုံစံမျိုးဖြင့်လည်းကောင်း ကွန့်မြူးသည်ဟု ဂေါပကအဖွဲ့ဝင်များနှင့် သွားရောက်ဖူးမြော်သူများထံမှ သိရသည်။

ယခုအခါ ပြင်ဦးလွင်မြို့ပေါ် မြို့ပြင်ရှိ ဘုရားဖူးပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိပြီး ညစဉ်ညတိုင်းဘုရားရင်ပြင် ကွင်းလုံးပြည့်ဖူးမြော်လျက်ရှိနေသောကြောင့် ဘုရားဂေါပကအဖွဲ့မှ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

စလင်းမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၂ ရက် နံနက်က တမာချောင်ကျေးရွာအနီး ဝက်သည်းကန်ဘေး ဇရပ်ယာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း၊ မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းနှင့်အဖွဲ့၊ ဒေသခံများ စုစုပေါင်း ၅၈၁ ပင်ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

လူသတ်မှုကျူးလွန်သည့် ထိုင်းနိုင်ငံသားသုံးဦး လွှဲပြောင်းပေးအပ်

တာချီလိတ် ဇွန် ၂၅

ထိုင်းနိုင်ငံအတွင်း လူသတ်မှုကျူးလွန်ပြီးနောက် မြန်မာနိုင်ငံနယ်စပ်ဒေသသို့ ထွက်ပြေးတိမ်းရှောင်လာကြသည့် ထိုင်းနိုင်ငံသားတရားခံ သုံးဦးအား နယ်ခြားဆက်ဆံရေးရုံး(BLO) အစီအစဉ်ဖြင့် ထိုင်းနိုင်ငံတာဝန်ရှိသူများထံသို့ ဇွန် ၂၅ ရက် နံနက် ၈နာရီခွဲတွင် တာချီလိတ်မြို့ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၁)တွင် ပြန်လည်လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါလွှဲပြောင်းပေးအပ်ပွဲသို့ BLO အဖွဲ့ဝင်များဖြစ်ကြသည့် တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းထွန်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလွင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် လူဝင်မှုကြီးကြပ်ရေး ရဲမှူးကြီး စစ်စီလီဝုန်းကုန်စွန်း၊ မယ်ဆိုင်မြို့ပိုင် နိုင်းဆုံမ်ချိုင်းရွှန့်ဆာခွမ်း၊ မြန်မာ-ထိုင်းနယ်ခြားကော်မတီတို့မှတာဝန်ရှိသူများ၊ နှစ်နိုင်ငံသတင်းမီဒီယာများ တက်ရောက်ကြပြီး ရှေးဦးစွာ နှစ်နိုင်ငံတာဝန်ရှိသူများသည် ချစ်ကြည်ရေးတံတားအမှတ်(၁)ရှိ အစည်းအဝေးခန်းမ၌ လွှဲပြောင်းလက်ခံ စာချွန်လွှာအားလက်မှတ်ရေးထိုးကြပြီးနောက် ပြစ်မှုကျူးလွန်သူသုံးဦးကို ချစ်ကြည်ရေးတံတားပေါ်တွင် လွှဲပြောင်းလက်ခံယူသည်။

အဆိုပါ ပြစ်မှုကျူးလွန်သူ သုံးဦးဖြစ်ကြသည့် ပါဝေ့ယုဒရား(ခ) နိုင်ပရစ်ယုထရား(၂၆ နှစ်)၊ မွန်ထင်(ခ) နိုင်းမွန်းထဲနိုင်းစုံထိချိုင်းဝရာနွန်း(၂၈ နှစ်)၊ မန္တန်းစပါး(ခ) နန်းဆောင်နွတ်စပါးစင်ထရ(၂၀ နှစ်)တို့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လူသတ်မှုကျူးလွန်ပြီး တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု နာဂျဲကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်ခိုလှုံနေခဲ့ကြရာ ထိုင်းနိုင်ငံတာဝန်ရှိသူများက ကူညီစုံစမ်းပေးပါရန် ရပ်ခံချက်အရ မြန်မာနိုင်ငံဘက်မှတာဝန်ရှိသူများသည် ဇွန် ၂ ရက်က ၄င်းတို့ပုန်းခိုနေထိုင်ရာအနီး တစ်ဝိုက် ပိုက်စိပ်တိုက်ရှာဖွေဖမ်းဆီးနိုင်ခဲ့ပြီး တာချီလိတ်မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မြို့နယ်တရားရုံးမှ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၀၅၃/၂၀၁၄ ဖြင့် တရားစွဲဆိုခဲ့ကာ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃(၁)အရ တစ်ဦးလျှင် ဒဏ်ငွေကျပ်နှစ်သိန်း ပေးဆောင်စေရန်နှင့် ဒဏ်ငွေမဆောင်က ထောင်ဒဏ်ခြောက်လကျခံစေရန် ဇွန် ၂၃ ရက်က အမိန့်ချမှတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများက ဒဏ်ငွေပေးဆောင်ခဲ့ပြီးနောက် အဆိုပါပြစ်မှုကျူးလွန်သူ သုံးဦးကို BLO အစီအစဉ်အရ ထိုင်းနိုင်ငံတာဝန်ရှိသူများထံသို့ ဇွန် ၂၅ ရက်က လွှဲပြောင်းပေးအပ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး အလွတ်သဘောဆွေးနွေးပွဲ ချစ်ကြည်ရေးတံတား၌ ကျင်းပ

တာချီလိတ် ဇွန် ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်မှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ(မြောက်ပိုင်း) ချင်းရိုင်ခရိုင်မှ တာဝန်ရှိသူများ နှစ်နိုင်ငံချစ်ကြည်ရေးအလွတ်သဘော ဆွေးနွေးပွဲကို ဇွန် ၂၃ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား ဧည့်ခန်းမ၌ ကျင်းပရာ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအားကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေး ကော်မတီဝင်များ၊ ကုန်သည်ကြီးများအသင်း တာဝန်ရှိသူများ၊ ချင်းရိုင်ခရိုင် အုပ်ချုပ်ရေးမှူး နိုင်းဖွန်းဆပ်ဝပ်စမို့ ဦးဆောင်သော ထိုင်းနိုင်ငံမှ တာဝန်ရှိသူများ နယ်ခြားကော်မတီဝင်များ၊ ကုန်သည်အသင်းဝင်များ၊ နှစ်နိုင်ငံ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ဆွေးနွေးပွဲတွင် ရှေးဦးစွာ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး၊ ပြည်သူများနယ်စပ်ဖြတ်ကျော်သွားလာမှုဆိုင်ရာ နယ်မြေကန့်သတ်မှုမြှင့်တင်ရေး၊ ထိုင်းနိုင်ငံအတွင်း မြန်မာနိုင်ငံသားများအား စိစစ်မှု၊ ဘဏ်တွင်ငွေထုတ်ယူသော မြန်မာနိုင်ငံသားများထံမှ အကျင့်ပျက်ဝန်ထမ်းအချို့နှင့် မသမာသူအချို့မှ ခြိမ်းခြောက်ငွေတောင်းမှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများတွင် နှစ်နိုင်ငံပူးပေါင်းဖြေရှင်းရေး၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အကာအကွယ်ပေးရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ချစ်ကြည်ရေးလက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြကာ ချင်းရိုင်ခရိုင် အုပ်ချုပ်ရေးမှူး နိုင်းဖွန်းဆပ်ဝပ်စမို့က ကျေးဇူးတင်စကား ပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

လတ်တလောအနေဖြင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်စပ်ဖြတ်ကျော်သွားလာမှုကဏ္ဍတွင် မြန်မာနိုင်ငံ တာချီလိတ်မြို့မှ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် ကူးသန်းသွားလာရာတွင် မြန်မာနိုင်ငံသားများအနေဖြင့် ခြောက်ညအိပ် ခုနစ်ရက်နေထိုင်ခွင့်ကို ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့သို့ သွားလာခွင့်ပြုထားရာမှ မကြာမီကာလအတွင်း ချင်းရိုင်ခရိုင် ချင်းရိုင်မြို့အထိ ၁၃ ညအိပ် ၁၄ ရက်ခရီးအထိ တိုးမြှင့်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **မောင်ယဉ်ကျေး**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၆)ရပ်ကွက်၊ သပြေညိုလမ်း၊ မြေကွက်အမှတ်(၁၄၄၀)၊ အကျယ်အဝန်း ပေ(၄၀×၆၀) ဒေါ်ခင်ခင်မြင့်အမည်ပေါက် ပိုင်ဆိုင်သော ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ခင်မြင့် ၁၂/လမန(နိုင်)၁၁၉၈၆၃ ထံမှ ကျွန်ုပ်မိတ်ဆွေက စရန်ငွေအချို့ ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မျိုးထက် LL.B
အထက်တန်းရှေ့နေ(စဉ်-၃၇၁၇၉)
အမှတ် ၁၀၄၊ ခုနစ်လွှာ၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၄၀၁၄၉

ကန့်ကွက်နိုင်ပါသည်

[illegible]

ကျေးဇူးဆပ်ပါမည်

ပြင်ဦးလွင်မြို့နယ်၊ ရေချမ်းအိုးဒေသ၊ သစ်တောကွက်အမှတ် ၂၁/၂၂၊ အကွက်အမှတ် ၄၁၊ မြေဧရိယာဧက ၅၀သည် ဦးမြင့်မောင်(အဖ-ဦးလှိုင်ဘွား) ၁၄/ကပန(နိုင်)၀၀၂၂၅၀ အမည်ဖြင့် ကော်ဖီစိုက်ပျိုးခွင့်ရရှိထားသော မြေဖြစ်ပြီး ယင်းစိုက်ပျိုးမြေနှင့် ပတ်သက်သော(၆-၂-၂၀၀၂) ရက်စွဲပါ ခွင့်ပြုချက်စာ(မူရင်း)နှင့် (၆-၂-၂၀၀၂)ရက်စွဲပါ စိုက်မွေးလုပ်ငန်းဌာန၊ ပြင်ဦးလွင်နှင့် ချုပ်ဆိုထားသည့် စိုက်ပျိုးခွင့်စာချုပ်(မူရင်း)တို့မှာ ပျောက်ဆုံးသွားခဲ့ပါသည်။ ယင်းစာမူရင်းများ လက်ဝယ်ရရှိထားသူများသည် (၂၆-၆-၂၀၁၄)ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံဆက်သွယ်ပေးအပ်ခဲ့ပါက ထိုက်သင့်စွာ ကျေးဇူးဆပ်ပါမည်။ ထိုရက်ထက်ကျော်လွန်ပါက ယင်းစာချုပ်မူရင်းများကို ပျက်ပြယ်ပြီးဖြစ်သော စာချုပ်များအဖြစ်မှတ်ယူ၍ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ပြင်ဦးလွင်မှ ဒုတိယအကြိမ်မူရင်းများ တရားဝင်လျှောက်ထားထုတ်ယူကာ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမောင်မောင်ရဲထန်
၁၄/ကပန(နိုင်)၀၀၁၁၅၆
စပယ်ခြံ ၂လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

[illegible]

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာနတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် တင်ဒါတင်သွင်းနိုင်ရန် ကြေညာအပ်ပါသည်-

(က) မောက်မယ်မြို့နယ်သမဝါယမဦးစီးဌာန(၃၆'×၃၂'×၁၁') အုတ်ညှပ်တစ်ထပ်တိုက်ဆောက်လုပ်ခြင်း
(ခ) ကွန်ဟိန်းမြို့နယ်သမဝါယမဦးစီးဌာန(၃၀'×၂၆'×၁၅') အုတ်ညှပ်တစ်ထပ်တိုက်ဆောက်လုပ်ခြင်း
(ဂ) ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန သမဝါယမသင်တန်းကျောင်းဆရာများနေအိမ်(၄၅'×၃၀'×၁၂')
(ဃ) ပင်လောင်းမြို့နယ်သမဝါယမဦးစီးဌာန ရုံးခြံဝင်းအုတ်တံတိုင်းကာရန်(၁၂၀'×၂၅')
(င) ဆီဆိုင်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနေအိမ်မျက်နှာကြက်ပြုပြင်ရန်
(စ) ရွာငံမြို့နယ်သမဝါယမဦးစီးဌာန ခြံစည်းရိုးအုတ်တံတိုင်းကာရန်(၁၅၀'×၁၀၀')
(ဆ) နောင်ချိုမြို့နယ်သမဝါယမဦးစီးဌာန ရုံးခြံစည်းရိုးအုတ်တံတိုင်းကာရန်(၁၅၀'×၅.၆')
(ဇ) ရုံးသုံးကွန်ပျူတာဝယ်ယူရန်

၂။ တင်ဒါပိတ်မည့်ရက်မှာ ၁၄-၇-၂၀၁၄ရက် ညနေ ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန၊ တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၁၂၂၂၄၀၊ ၀၈၁-၂၁၂၁၆၇၂၊ ၀၈၁-၂၁၂၁၀၅၆တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ်အစိုးရအဖွဲ့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ မေးမြန်းစုံစမ်းလျှောက်သူများပြား

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ပန်းတန်ဖိုးနည်း အိမ်ရာစီမံကိန်းတွင် တိုက် ၂၄ လုံး၊ အခန်း ၅၇၆ ခန်း တည်ဆောက်ပြီးစီးပြီဖြစ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လျှောက်ထားနိုင်ရန် အသိပေးအကြောင်းကြားစာ ကပ်ထားရာ လာရောက်မေးမြန်းစုံစမ်းလျှောက်ထားသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ တန်ဖိုးနည်းအိမ်ရာလျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ၊ပုံမှန်ဝင်ငွေရှိ ပြည်သူဖြစ်လျှင်၊ အငြိမ်းစားဝန်ထမ်းဖြစ်လျှင်၊ အသင်းအဖွဲ့ဝင်ဖြစ်လျှင်၊ ကုမ္ပဏီဝန်ထမ်းဖြစ်လျှင်၊ သက်ဆိုင်ရာအကြီးအကဲလက်မှတ်နှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းကတ်မိတ္တူ၊ အငြိမ်းစားလစာထုတ်ယူခွင့်မိတ္တူ၊ အသင်း၊ အဖွဲ့ဝင်၊ ကုမ္ပဏီကတ်မိတ္တူတို့နှင့်အတူ လိပ်စာအပြည့်အစုံဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ရွှေလင်ပန်းချောင်းအနီးရှိ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ တစ်ခန်းလျှင် ၄၆၈ စတုရန်းပေစီရှိသော ခြောက်ခန်းတွဲ လေးထပ် Steel Structure Hall Type ၁၈ လုံး၊ ခြောက်ခန်းတွဲလေးထပ် (RCC Structure)Hall Type ခြောက်လုံး တည်ဆောက်ထားခြင်းဖြစ်သည်။

တိုက်ခန်းများကို အရစ်ကျငွေပေးချေစနစ်နှင့် ဘဏ်ချေးငွေဖြင့် ဝယ်ယူသည့်စနစ်တို့ဖြင့် ဝယ်ယူနိုင်ပြီး ရောင်းချမည့် ဈေးနှုန်းများကိုလည်း သတ်မှတ်ထားကြောင်း သိရသည်။ ခြောက်ခန်းတွဲလေးထပ် (Steel Structure)တွင် မြေညီထပ်ကို ငွေကျပ်သိန်း ၁၂၀၊ ပထမထပ်အတွက် ငွေကျပ် ၁၁၅ သိန်း၊ ဒုတိယထပ်အတွက် ငွေကျပ် ၁၁၃ သိန်းနှင့် တတိယထပ်အတွက် ငွေကျပ် သိန်း ၁၁၀ ဖြင့်လည်းကောင်း၊ ခြောက်ခန်းတွဲ လေးထပ် (RCC Structure)တွင် မြေညီထပ် ငွေကျပ် ၁၂၅ သိန်း၊ ပထမထပ်အတွက် ၁၂၂ သိန်း၊ ဒုတိယထပ်အတွက် ၁၁၉ သိန်းနှင့် တတိယထပ်အတွက် ငွေကျပ် ၁၁၆ သိန်း သတ်မှတ်ထားသည်။

လျှောက်ထားသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်၍ အသက် ၂၅ နှစ်ထက် မငယ်သူဖြစ်ရမည်။ လစဉ်မိသားစုဝင်ငွေ စုစုပေါင်းသည် အနည်းဆုံးငွေကျပ် သုံးသိန်းရှိရမည်ဖြစ်ပြီး ခုနစ်သိန်းကျပ်ထက် မကျော်လွန်သော ဝင်ငွေရှိ မိသားစုဖြစ်ရမည်။ စည်းကမ်းချက်အသေးစိတ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် စုံစမ်းနိုင်ပါကြောင်း၊ လျှောက်ထားသူသည် ကြော်ငြာသင်ပုန်းတွင်ကပ်ထားသည့် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ၊ တိုက်ခန်းလျှောက်လွှာပုံစံကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ စာတိုက်မှတစ်ဆင့် မှတ်ပုံတင် ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း၊ တိုက်ခန်းများနေရာချထားမှုကို မဲစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး မဲနှိုက်မည့်အစီအစဉ်ကို ထပ်မံ ကြေညာမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဟူ၍ အသိပေးကြေညာထားသည်။

တန်ဖိုးနည်းအိမ်ရာကို နည်းလမ်းနှစ်သွယ်ဖြင့်ဝယ်ယူနိုင်ပြီး ပထမတစ်နည်းသည် တိုက်ခန်းတန်ဖိုးကို အရစ်ကျစနစ် လေးလအတွင်း လေးရစ်ဖြင့်လည်းကောင်း၊ ဒုတိယနည်းသည် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို ဆက်သွယ်ဆောင်ရွက်၍ ဘဏ်ချေးငွေကို လေးနှစ်သတ်မှတ်ပြီး တိုက်ခန်းတန်ဖိုးကို လေးနှစ်အတွင်း အရစ်ကျ အကျေပေးချေသောစနစ်ဖြစ်သည်။ **တိုက်ခန်းဝယ်ယူခွင့်ရရှိသူသည် ကိုယ်တိုင်နေထိုင်ရမည်ဖြစ်ပြီး ငါးနှစ်အတွင်း ငှားရမ်းခြင်း၊ တစ်ဆင့် လွှဲပြောင်းရောင်းချခြင်းမပြုလုပ်ရန် အခါအားလျော်စွာ စစ်ဆေးတွေ့ရှိပါက တိုက်ခန်း ပြန်လည်သိမ်းယူမည်ဖြစ်ပြီး စည်းကမ်းပျက် အမည်စာရင်းဖြစ်သော (Black List) သတ်မှတ်၍ တိုက်ခန်းလျှောက်လွှာ ထပ်မံတင်ခွင့်အား ရပ်ဆိုင်းခံရမည်ဟု အသိပေးထားသည်။**

သတ်မှတ်ကာလ ငါးနှစ်ပြည့်၍ ပြန်လည်ရောင်းချလိုပါက ရရှိထားသော တန်ဖိုးနည်းတိုက်ခန်းများကို အခြားပြည်သူများသို့ ပြန်လည်ရောင်းချနိုင်ရန်အတွက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ သတ်မှတ်သောတန်ဖိုးဖြင့် ဌာနသို့ပြန်လည်အပ်နှံ ရောင်းချရမည်ဖြစ်ကြောင်း၊ အရစ်ကျစနစ်လေးလအတွင်း လေးရစ်ဖြင့် အကျေပေးသွင်းသောစနစ်ဖြင့် ဝယ်ယူပါက မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ်ချေးငွေစနစ်ဖြင့် ဝယ်ယူလိုပါက အရစ်ကျလေးနှစ်ဖြစ်သော တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းဖြစ်သော ဘဏ်ဝန်ဆောင်ခ တစ်ရာခိုင်နှုန်းကို လက်ငင်းပေးသွင်းခြင်း၊ ကျန် ၇၀ ရာခိုင်နှုန်းကို ပထမနှစ်အတွင်း အတိုးနှုန်း ကိုးရာခိုင်နှုန်း၊ ဒုတိယ၊တတိယ၊ စတုတ္ထနှစ်တို့တွင် အတိုးနှုန်း ငါးရာခိုင်နှုန်းစီဖြင့် ပေးသွင်းခြင်းစနစ်တို့ဖြင့် တိုက်ခန်းကိုဝယ်ယူနိုင်ပြီး ဘဏ်ချေးငွေဖြင့် တိုက်ခန်းဝယ်ယူခွင့်ရှိသူသည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

မောင်သင်းပျံ့

တိုက်ကြီးမြို့နယ်တွင် ဝက်မွေးမြူရေးခြံများ ဇီဝလုံခြုံရေးနှင့် ကာကွယ်ဆေးထိုးနှံခြင်း ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်မှ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဇော်ဇော်ထွန်း ဦးဆောင်သောအဖွဲ့သည် ဇွန် ၂၃ ရက်က ဥက္ကံမြို့ရှိ ဝက်မွေးမြူသူအစုအဖွဲ့ခေါင်းဆောင် ၁၂ ဦးတို့နှင့်တွေ့ဆုံ၍ ဝက်မွေးမြူရေးခြံများတွင်ဆောင်ရွက်ရန်လိုအပ်သော ဇီဝလုံခြုံမှု (Bio Security) ကိစ္စရပ်များ၊ ရောဂါကြိုတင်ကာကွယ်ဆေးထိုးနှံရန် ကိစ္စရပ်များ၊ ဝက်များတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဥက္ကံမြို့ပေါ်နှင့် ရှမ်းစုကျေးရွာရှိ ဝက်မွေးမြူရေးခြံ စုစုပေါင်း ၂၅ ခြံတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထို့အပြင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာအောင်သင်းနှင့် ဒေါက်တာချမ်းမြေ့ကျော်တို့ ဦးဆောင်သောအဖွဲ့သည် တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက်၊ မင်္ဂလာရပ်ကွက်၊ လောက်လေးချောင်းကျေးရွာများရှိ ဝက်မွေးမြူရေးခြံများတွင် ဝက်ဝမ်းကျကာကွယ်ဆေးများ ကြိုတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ လှူဒါန်း

နတ်မောက် ဇွန် ၂၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဒန့်ဒလွန်ပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ အဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများ ဖြစ်ကြသော ကိုအောင်ကိုကိုလတ်- မမျိုးသက်သက်အောင်၊ ကိုကျော်မင်းထွန်း၊ ကိုစိုးမင်းထွန်း၊ ကိုဖြိုးမင်းတို့ သူငယ်ချင်းများ စုပေါင်း၍ မူလတန်းအဆင့် ၂၁၃ ဦး၊ အလယ်တန်း ဆင့်၂၆၈ ဦးတို့အတွက် ကျောင်းဝတ်စုံနှင့်စာအုပ်စာရေးကိရိယာ စုစုပေါင်းငွေကျပ် ၁၁၂၇၀၀၀ လှူဒါန်းခြင်းကို ဇွန် ၁၂ ရက်က ကျောင်းခန်းမ၌ကျင်းပခဲ့ရာ တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား ကိုကျော်မင်းထွန်းက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်သန်းထွန်း(နတ်မောက်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန
အလုပ်လျှောက်လွှာခေါ်ယူခြင်း
ကြော်ငြာစာအမှတ် (၁/၂၀၁၄)

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူး (လစာနှုန်းထားကျပ်) (၈၇၀၀၀-၁၀၀၀-၉၂၀၀၀)အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ အငယ်တန်းစာရေး ရာထူးနေရာအတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာပုံစံနှင့်အတူ လိုအပ်သည့်စာရွက်စာတမ်းများပူးတွဲ၍ နိုင်ငံခြားရေးဝန်ကြီးဌာန(နေပြည်တော်)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)တို့တွင် ၁၀-၇-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဂ) သာမန်ဘွဲ့ရပြီးသူ ၁၀-၇-၂၀၁၄ ရက်တွင် အသက် (၂၅)နှစ်ထက် မကျော်လွန်စေရ။

(ဃ) အထူးပြုဘာသာရပ်ဆိုင်ရာ မဟာဘွဲ့ရရှိပြီးဖြစ်ပါက ၁၀-၇-၂၀၁၄ ရက်တွင် အသက် (၃၀)ထက် မကျော်လွန်စေရ။

(င) (၆)လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ (၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ အခြားတတ်ကျွမ်းသောဘာသာရပ်များအတွက် အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

(စ) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာနှင့် စိတ်အခြေအနေစစ်ဆေးချက်။

(ဆ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ကျေးရွာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ။

(ဇ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

(ဈ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်း ထောက်ခံစာ (မူရင်း၊ မိတ္တူ)

၃။ အငယ်တန်းစာရေးရာထူးအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ (၃)နာရီ မေးခွန်းဖြင့် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို ၂၀-၇-၂၀၁၄ရက် ၁၀း၀၀ နာရီမှ ၁၃း၀၀ နာရီအထိ နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်)စာစစ်ဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းပြုလုပ်သွားမည်ဖြစ်ပါသည်။ ခုံအမှတ်စာရင်းများကို ၁၇-၇-၂၀၁၄ရက်မှစတင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်)ကြော်ငြာသင်ပုန်းတွင် ကပ်ထားမည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရပါမည်။ အသေးစိတ်သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်)ဖုန်း-၀၆၇-၄၁၂၃၃၄၊ ၀၆၇-၄၁၂၃၄၂ နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) ဖုန်း-၀၁-၂၁၂၈၄၀နှင့် ၀၉-၈၆၀၁၁၉၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။


ကန့်ကွက်နိုင်ပါသည်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ချမ်းအေးသာစံမြို့နယ်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၉

ဦးစိုင်းနွမ်း နှင့် ၁။ ဦးစိုင်းသီဟစိုး(ခ)မြင့်မောင်
၂။ ဒေါ်အေးမြင့်[ကိုယ်တိုင်နှင့် ဦးစိုင်းသီဟစိုး (ခ)မြင့်မောင်၏ အထူးကိုယ်စားလှယ်စာရသူ]

တရားလို တရားပြိုင်များ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၄ လမ်း၊ ၃၁×၃၂ လမ်းကြားနေ (၁) ဦးစိုင်းသီဟစိုး(ခ)မြင့်မောင် (၂)ဒေါ်အေးမြင့် [ကိုယ်တိုင်နှင့် ဦးစိုင်းသီဟစိုး(ခ)မြင့်မောင်၏ အထူးကိုယ်စားလှယ်စာရသူ] (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ် ၇၁၅၊ ဦးပိုင်အမှတ်(၁၉/ည)နှင့် (၁၉/ဍ) မြေကွက်များနှင့်ပတ်သက်၍ တရားလိုတရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၃ရက် (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လွင်လွင်လှိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ချမ်းအေးသာစံမြို့နယ်တရားရုံး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သိပ္ပံနည်းကျပေါင်းဖြင့် ပျိုးထောင်သည့်စနစ်လက်တွေ့ပြသ

နေပြည်တော် ဇွန် ၂၅

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခုနှစ်မိုးစပါးရာသီတွင် နည်းပညာပြန့်ပွားရေးအတွက် တောင်သူဟောပြောဆွေးနွေးပွဲပြုလုပ်ခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် G.A.P ဖြင့် လက်တွေ့ပျိုးထောင်ပြသခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ ရက် နံနက်ပိုင်းက ကန်လှကျေးရွာတွင် ပေါင်စနစ်ဖြင့် လက်တွေ့လုပ်ဆောင်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများကို မျိုးစေ့ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များ ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းခြင်း၊ မြို့နယ်အတွင်း ကျေးရွာလုံးကျွတ် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် အသုံးပြုစိုက်ပျိုးရေး၊ ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး စိုက်ပျိုးခြင်းစသည့် အလေ့အကျင့်ကောင်းများ တောင်သူများထံ ကွင်းထဲအရောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လယ်ဝေးမြို့နယ်တွင် မိုးစပါးဧက ၆၀၅၀၀ စိုက်ပျိုးရန်လျာထားပြီး သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် ကျေးရွာလုံးကျွတ် ဆောင်ရွက်ခြင်းကို ကျေးရွာ ၁၆ အုပ်စုတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပုလဲသွယ် စပ်မျိုးစပါး၊ ဗီယက်နမ်မျိုးနှင့် အခြားမျိုးကောင်း မျိုးသန့်များကိုလည်း မြို့နယ်စိုက်ပျိုးရေးရုံးက ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ကိုပေါက်(ဥက္ကာမြေ)

လယ်ယာသုံးစက်ပစ္စည်းများ အရစ်ကျငွေချေစနစ်ဖြင့်ရောင်းချ

မန္တလေး ဇွန် ၂၅

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအခမ်းအနား ကျင်းပရေးနှင့် အသေးစား အရင်းအနှီး ချေးငွေလယ်ယာသုံး စက်ကိရိယာပစ္စည်းများ အရစ်ကျငွေပေးချေစနစ်ဖြင့် ရောင်းချရေးလုပ်ငန်းဆိုင်ရာအစည်းအဝေးကို ဇွန် ၂၁ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဖံ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းကျော်မင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်း၊ ဒေါ်နုနုဝင်း၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်နှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့်အသင်းစုချုပ်မှ တာဝန်ရှိသူများက ပထမအကြိမ် Exim Bank ချေးငွေ ၁၀၁၄၅၁ ဒသမ ၉၄ သိန်း အရင်းအတိုး ကောက်ခံပေးသွင်းပြီး ချေးငွေထုတ်ပေးရန် စီစဉ်ထားမှု၊ ဒုတိယအကြိမ် Exim Bank ချေးငွေ ၈၆၄၂၀ ဒသမ ၂၅ သိန်းထုတ်ပေးရန်အစီအစဉ်များ၊ အသင်းစုချုပ်အစီအစဉ်ဖြင့် ပံ့ပိုးချေးငွေထုတ်ပေးရန်ကိစ္စ၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အရစ်ကျ ရောင်းချပေးရန် ကိစ္စရပ်များ ဆွေးနွေးတင်ပြရာ ဝန်ကြီးက လိုအပ်သည်များဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားကို ဇူလိုင်လတွင်ကျင်းပရန်နှင့်အခမ်းအနားတွင် သမဝါယမအသင်းသား တောင်သူများ လိုအပ်သော အသေးစားအရင်းအနှီးချေးငွေ ပထမအကြိမ် Exim Bank ချေးငွေ၊ ဒုတိယအကြိမ်Exim Bank ချေးငွေ၊ တိုင်းဒေသကြီး အသင်းစုချုပ်၏ ပံ့ပိုးချေးငွေများထုတ်ပေးရန်၊ လယ်ယာသုံး စက်ကိရိယာပစ္စည်းများ ငွေကျပ်သိန်း ၄၀ အောက် တိုင်းဒေသကြီး အသင်းစုချုပ်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ငွေကျပ်သိန်း ၄၀ အထက် ဗဟိုသမဝါယမအသင်း အစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၂၆)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၃၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၃၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၄၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၁၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၅၀၀-၁၃၅၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၈၀
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၃
ထိုင်း	တစ်ဘတ်	၃၀.၅-၃၁
အိန္ဒိယ	တစ်ရူပီး	၁၅.၂-၁၅.၇၉
တရုတ်	တစ်ယွမ်	၁၅၃-၁၅၅
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၁

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်သည်)	တစ်အိတ်	၁၇၂၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၁၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၅၀၀-၂၉၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၁၃
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၄၀-၅၆၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၉၅၀-၁၅၅၀
ကြက်သွန်ဖြူ(ကြံကုတ်)	တစ်ပိဿာ	၁၁၇၅-၁၂၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၂၀-၆၀၀
ရေတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၃၀၀
ရေတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၄၀၀-၄၆၀၀
သကြား	တစ်ပိဿာ	၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံတင်ပြသည်။

ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဟောပြော

ပင်လောင်း ဇွန် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အသိပညာပေးဟောပြောခြင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့်လုပ်ငန်းဆိုင်ရာများ အသိပေးဆွေးနွေးပွဲကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက လိန်းညားကျေးရွာအုပ်စု တောင်လေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပင်လောင်းမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးက အမှာစကားပြောကြားပြီး ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူး၊ မြို့နယ်တရားသူကြီးနှင့် မြို့နယ်ဥပဒေအရာရှိတို့က မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှု၊ ဘိန်းစိုက်ပျိုးမှုနှင့် ပတ်သက်သည့် ပြစ်မှုဆိုင်ရာ ဥပဒေများ၊ အရေးယူမှုနှင့် တရားစီရင်ခြင်းအကြောင်းများ ရှင်းလင်းပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး၊ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့နယ်လက်ထောက်အင်ဂျင်နီယာ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုဦးစီးမှူး၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ဌာနနှင့်ပတ်သက်သည့် လုပ်ငန်းများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သိလိုသည့်လုပ်ငန်းများကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ လိန်းညားကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၁၈ ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူ ရွာသားများ၊ တောင်လေးကျေးရွာ အခြေခံပညာ အလယ်တန်း ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ခွန်အာကာစိုး

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ



ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ညောင်ဦးမန်းခရီးသည်တင်ယာဉ် စလစ်ဖြစ်ပြီး တိမ်းမှောက်

သတင်း-မောင်ကျော်ကြီး
ဓာတ်ပုံ-သက်ထက်

တပ်ကုန်း ဇွန် ၂၅

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်းတွင် ယနေ့မွန်းလွဲ ၁၂ နာရီခန့်က ခရီးသည်တင်ယာဉ်တိမ်းမှောက်မှုနှင့် ကျောက်သယ်ယာဉ် လမ်းချော်ပိတ်ဆို့မှုတို့ တစ်ချိန်တည်း နေရာအနည်းငယ်ခြား ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်ဦးမှ နံနက် ၆ နာရီတွင် ထွက်ခွာလာသော 9F/...... ညောင်ဦးမန်း ခရီးသည်တင်ယာဉ်သည် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၂၆၇/၇)အနီး ကုန်းအတက်တွင် စလစ်ဖြစ် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ယာဉ်မောင်း ဦးဥက္ကာမြင့် (၄၀ နှစ်)၊ ယာဉ်နောက်လိုက် ကိုသောင်းဝင်းဇော် (၂၅ နှစ်)၊ ခရီးသည် ၂၄ ဦးဖြင့် နေပြည်တော်သို့ မောင်းနှင်လာကြောင်း သိရသည်။ အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသူမရှိဘဲ လေးဦးဒဏ်ရာရရှိခဲ့ပြီး ကားမှန်များနှင့် ယာဉ်ပျက်စီးမှုရှိခဲ့သည်။

"နံနက် ၆ နာရီက ညောင်ဦးက ထွက်လာတာပါ။ ကားက အရှိန်မများပါဘူး။ ကုန်းအတက်မှာ စလစ်ဖြစ်တာလို့ ထင်ပါတယ်။ အသေအပျောက်မရှိလို့ တော်ပါသေးတယ်။ ဒဏ်ရာရသူတွေတော့ ရှိပါတယ်။ ဆေးရုံကို ပို့ထားပါတယ်" ဟု အဆိုပါ ယာဉ်နှင့်လိုက်ပါလာသူ ခရီးသည်တစ်ဦးက ပြောပြသည်။

အလားတူ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၂၆၇/၂) တွင်လည်း ကျောက်သယ်ယာဉ် ၉၅/. . . . ယာဉ်သည် ဆိုင်ကယ်ကို ရှောင်ရာမှ ရှေ့ဝင်ရိုးကျိုးပြီး လမ်းချော်ပိတ်ဆို့ခဲ့ကြောင်း သိရသည်။

တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ အဖိုးတန်သယံဇာတများဖြစ်သော သစ်နှင့်သစ်တောထွက်ပစ္စည်းများကို ခိုးထုတ်သယ်ယူနေခြင်းများမှ စဉ်ဆက်မပြတ်ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်တွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးဆောင်သော တရားမဝင်သစ်ဖမ်းဆီးရေးအဖွဲ့သည် မြို့မဘိနယ်အတွင်း စစ်ကြောင်းအသွင်ဖြင့် ဖမ်းဆီးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ငွေတောင်ကြီးကျေးရွာ အနောက်ဘက် နှစ်မိုင်ခန့်အကွာနေရာမှ တရားမဝင်အခြားသစ် ၁၁ လုံး ၂ ဒသမ ၉၄၈ တန်ကို ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့သည်။

ဇွန် ၁၈ ရက်တွင် ပခုက္ကူခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် ဆားလင်းကြီး မြို့နယ်မှ ဦးစီးအရာရှိပါဝင်သော အဖွဲ့သည် ဆားလင်းကြီးမြို့နယ် ဆားလင်း/ ဆားခါးဘီနယ် ပေါင်ဝရွာ အရှေ့တောင်ဘက် ချင်းတွင်းမြစ်အတွင်းနေရာမှ တရားမဝင်အင်သစ် ၄၅ လုံး ၁၃ ဒသမ ၃၆၂ တန်နှင့် ပီပါခွဲအလုံး ၄၀ ခန့်ကိုလည်းကောင်း၊ မုံရွာမြို့နယ် ဘုမ္မနိုးရွာအနောက်ဘက် ခြောက်ဖာလုံအကွာ ချင်းတွင်းမြစ်ကမ်းစပ်နေရာမှ ပီပါခွဲအလုံး ၁၀၀ ကိုလည်းကောင်း ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။

ဇွန် ၁၉ ရက်တွင် ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှဦးစီးအရာရှိ ဦးဆောင်သော ဝန်ထမ်းများသည် မြို့နယ်အတွင်း တရားမဝင်သစ်မာ ၃ ဒသမ ၂၂၇၆ တန် ယာဉ်နှစ်စီးနှင့် တရားခံလေးဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး တရားခံများအား ဥပဒေပုဒ်မ-၄၂(ခ)အရ တရားစွဲဆိုရန် ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၉ ရက်တွင် မုံရွာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းအဖွဲ့သည် မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းမိုင်တိုင် (၃၃/၀)နေရာတွင် UD COUNTER အပြာရောင် ၁၂ ဘီးပေါ်မှ တရားမဝင်တမလန်းခွဲသား ၁၄၇ ချောင်း ၁၆ ဒသမ ၇၆၄၆ တန်ကို ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ပြီး တရားခံအား ဆက်လက်ဖော်ထုတ်၍ ဥပဒေပုဒ်မ-၆(၁)အရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဇွန် ၂၀ ရက်က မုံရွာမြို့နယ်မှ တောအုပ်ကြီး ဦးဆောင်သောအဖွဲ့နှင့် မုံရွာခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဦးဆောင်သောပူးပေါင်းအဖွဲ့သည် မုံရွာ-ရေဦးကားလမ်းတွင် ပြင်ဦးလွင်မြို့နေ ဦးအောင်အောင် မောင်းနှင်လာသော (FE -82 EEV 50587) အပြာရောင် ခြောက်ဘီးပေါ်မှ တရားမဝင် တမလန်းခွဲသား ၄၉ ချောင်း ၂ ဒသမ ၁၉၃၂ တန်ကို ဖမ်းဆီးရမိခဲ့ပြီး တရားခံအား ဥပဒေပုဒ်မ-၆(၁)ဖြင့် တရားစွဲဆိုထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ကောလင်းမြို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

ကသာ ဇွန် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့ပေါ်တွင် မသင်္ကာဖွယ်ရာဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၂ ရက် မွန်းလွဲ ၂ နာရီက ကောလင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဟုန်းထန်း၊ ရဲဒုတပ်ကြပ် မြသန်းလင်းတို့အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက် ရွှေဘုန်းပွင့်လမ်းမြောက်ဘက်လမ်းသွယ်တွင် စောင့်ဆိုင်းနေစဉ် မသင်္ကာဖွယ်ရာ ဆိုင်ကယ်တစ်စီးမောင်းနှင်လာသည်ကို တွေ့ရှိခဲ့သဖြင့် ရပ်တန့်စစ်ဆေးရှာဖွေခဲ့ကြသည်။အဆိုပါ ဆိုင်ကယ်မောင်းနှင်လာသူမှာ မြင့်ငွေဆိုသူဖြစ်ပြီး ဆိုင်ကယ်အမျိုးအစားမှာ Zong Shen အဝါ၊ အနက်ရောင်ဆိုင်ကယ်ဖြစ်၍ဆက်လက်ရှာဖွေရာ မြင့်ငွေဝတ်ဆင်ထားသော ပုဆိုးခါးပုံစအတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူ အဝါရောရာ အမှုန့် ၉ ဒသမ ၆ ဂရမ်ခန့်ထည့်ထားသည့် ပလတ်စတစ်ကော်ဘူး တစ်ဘူး၊ ကာလတန်ဖိုးငွေကျပ် ၉၆၀၀၀ ခန့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိသူ မြင့်ငွေ (၃၂နှစ်) မော်ခါးကျေးရွာ ဝန်းသိုမြို့နယ်နေသူအား ရဲအုပ်ဟုန်းထန်းမှတိုင်ကြားခဲ့ရာ ကောလင်းမြို့မရဲစခန်းက အမှုဖွင့်ပြီး ဒုရဲအုပ်ပိုင်စိုးအောင်က အမှုကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

အရှိန်လွန်ကာ ယာဉ်တိုက်မှုဖြစ်ခဲ့သဖြင့် ယာဉ်လေးစီးပျက်စီးပြီး ငါးဦးဒဏ်ရာရ

ရန်ကုန် ဇွန် ၂၅

လှိုင်မြို့နယ်အတွင်း ဇွန် ၂၂ ရက် ည ၉ နာရီခွဲက ဘုရင့်နောင်လမ်းအတိုင်း မြောက်မှတောင်သို့ မင်္ဂလာဒုံမြို့နယ်နေ ယာဉ်မောင်း ဝင်းဇော်ဦး (၄၁)နှစ် မောင်းနှင်လာသော ၅ခ/--- နစ်ဆန်းဒီဇယ် ထရပ်အပြာရောင် အငှားယာဉ်သည် သီရိမင်္ဂလာဈေးသစ်အနီးအရောက် လားရာတူဝဲဘက်ယာဉ်ကြော၌ ဝဲဘက်သို့ ချိုးကွေ့ရန်စောင့်ဆိုင်းနေသော 7C/--- မြန်မာမီနီဆလွန်း အနီရောင် အငှားယာဉ်နှင့် ဘ/--- ကင်တာအပြာရောင်အငှားယာဉ်တို့ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။ ထိုသို့တိုက်မိသည့်အရှိန်ကြောင့် ဘ/---- ယာဉ်မှာ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော 7D---ပရိုဘောက်ခဲရောင် ကိုယ်ပိုင်ယာဉ်ကို ဆက်လက်တိုက်မိခဲ့ကြောင်း သိရကာ ယာဉ်တိုက်မှုကြောင့် ယာဉ်လေးစီးပျက်စီးပြီး 7D --- ပရိုဘောက်ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦးတို့တွင် ဒဏ်ရာနှင့် 7C --- မြန်မာမီနီဆလွန်းယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါအမျိုးသမီးတစ်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့ကြသဖြင့် ရန်ကုန်ဆေးရုံကြီးတွင် ပြင်ပလူနာများအဖြစ် ကုသခဲ့ရသည်။ ယင်းကဲ့သို့ ယာဉ်မဆင်မခြင် မောင်းနှင်သူ ဝင်းဇော်ဦးကို လှိုင်မြို့နယ် ပိတောက်ချောင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ပျောက်ဆုံးကြောင်း
ယာဉ်အမှတ် ၈ဃ/၉၈၆၀၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
အာကာတိုး
၁၂/ဒဂမ(နိုင်)၀၀၈၁၄၃
ဖုန်း-၀၉-၄၄၈၀၄၅၁၅၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၄စ/၁၆၄၈၊ Toyota Porte Hatch Back (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသောင်း ၁၂/လမန(နိုင်) ၀၀၀၈၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ပျောက်ဆုံးကြောင်း
ကျွန်မ မနန်းခမ်းခိုင် ၁၃/ကမန(နိုင်) ၀၉၀၇၃၃၏ ပတ်စ်ပို့ A-012180 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၅၈၀၈၁

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 1H/9038၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မြင်သာ)

အခန်းကျယ်ငှားရမ်းမည်။
(17'x60')
PVC
A/C(1)
Pressur Pump
ကျပ်သိန်း→(720)
Ph:09-5053076

ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့ အထက၊ တက္ကသိုလ်ဝင်တန်း (S)မှ မောင်ကောင်းမြတ်ကျော်၊ မြောက်ဥက္ကလာပမြို့နယ် (အ.လ.က-၇)၊ သတ္တမတန်း(A) မှ မလမင်းသီရိနှင့် ပဥ္စမတန်း (C)မှ မောင်ထက်မြက်ဝေတို့၏ ဖခင်အမည်မှန်မှာ ဦးသက်ခိုင် (အစား) ဦးသက်နိုင်ထွန်းဖြစ်ပါကြောင်း။
ဦးသက်နိုင်ထွန်း ၁၂/ဒဂန(နိုင်)၀၂၇၀၄၈

ဖောင်းကြွနံပါတ်ပြားများလာရောက်ထုတ်ယူရန်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန) အနောက်ပိုင်းခရိုင်ရုံး(မြင်သာ)တွင် မြန်မာအက္ခရာမှ အင်္ဂလိပ်အက္ခရာပြောင်းနံပါတ်ပြားများအား ၁၈-၆-၂၀၁၄ရက်အထိ ရရှိပြီးဖြစ်ပါ၍ အမြန်ဆုံးလာရောက်ထုတ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။
အနောက်ပိုင်းခရိုင်ရုံး
ကညန(မြင်သာ)

ဂန္ထဝင်ရွှေပုဂံ Tourism Learning Centre
Promotion & Marketing Course
(Sat, Sun) 1:00 P.M - 3:00 P.M (၁လခွဲ) 150,000/-
Outbound Tour Leader Course
(Sat, Sun) 4:00 P.M - 7:00 P.M (၁လခွဲ) 150,000/-
No.67, Baho Rd, Sanchaung. Ph: 01-500191, 519292, 510491,510218
81st Road, Between 33 x 34 Street, Mandalay.
Ph: 09-31693339,09-73013856 Hot Line: 09-73003772

iStock®
ငွေစာရင်း
Galaxy Software Services Co., Ltd
Contact Us ...

ကြော်ငြာ

အကောင်းတကာအကောင်းဆုံးစံပြ ဖြစ်အောင် တည်ဆောက်နေသည့် GOLDEN CITY

GOLDEN CITY မှ နေမှုအခန်းများပြသမှုမှာ အိမ်ခန်းပိုင်ရှင်များအား ဒီမြေကွက်အပေါ် အတိုင်းမသိ စိတ်ကူးယဉ်ကမ္ဘာလေးကို ဖြစ်ပေါ်စေသည်။ ထို့ပြင် အနီးအနားတွင် သာယာသော သဘာဝပတ်ဝန်းကျင်နှင့် ထူးထပ်သော လူသွားလူလာများရှိခြင်းကြောင့် အိမ်ဝယ်သူများအား ဤမြေကွက်အပေါ် မျှော်လင့်ချက် အပြည့်ထားမှုရှိစေသည်။

GOLDEN CITY ၏ အိမ်မြေတိုက်တာရောင်းချသည့်နေရာတွင် (အိမ်ခြံမြေလုပ်ငန်းရှင် အရှိမှာလည်း နေမှုအခန်းများကြည့်ပြီးနောက်) ဝယ်ယူသူအများစုသည် GOLDEN CITY ၏ ဆောက်လုပ်ရေး အရည် အသွေးနှင့် ဒီဇိုင်းလက်ရာများအား နှစ်ကျွေးကြသည်။

လှပတဲ့ ရှုခင်း၊ ထည်ဝါလှပတဲ့ ဥယျာဉ်

[illegible]

ခေသသပ်တိကျသောအိမ်တွင်းနေရာသတ်မှတ်ခြင်း၊ မိုက်ဆက်တာခြင်းနှင့်လုံခြုံမှုရှိခြင်း

[illegible]

ဥပမာ-A2 အိမ်ခန်း(၂ခန်းတွဲ)

[illegible]

ပြည့်စုံသောဝန်ဆောင်မှုဖြင့် သက်တောင့်သက်သာရှိရှိ အဆင့်အတန်းမြင့်မြင့် စံမံနိုင်သည်။

[illegible] Property Management Company [illegible] Colliers International [illegible]

ကောင်းမွန်ပြောင်မြောက်သောနည်းပညာနှင့် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကိုက်ညီသော ပစ္စည်းများကိုရွေးချယ်အသုံးပြုထားခြင်း

[illegible]

GOLDEN CITY မှ [illegible]

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ရုံခ၊ ဖျာခဈေးမြင့်ခြင်းကြောင့် ပခုက္ကူ နယုန်ပွဲ စည်ကားမှုနည်းခဲ့သည်ဟုဆို

ပခုက္ကူ ဇွန် ၂၅

ပခုက္ကူနယုန်လ သီဟိုဠ်ရှင်ဘုရားပွဲတော်ကြီးတွင် ဇာတ်ပွဲများ ရုံဝင်ခကြီးမြင့်ခြင်းကြောင့် တစ်ကြောင်း၊ ဇာတ်ပွဲများ ဆက်တိုက်ရုံမဝင်ခြင်းကြောင့်တစ်ကြောင်း စည်ကားမှုလျော့နည်းခဲ့ရသည့်အပြင် ကျေးလက်ပြည်သူများလည်း အလာနည်းခဲ့သည်။

"ဒီနှစ်မှာ ပထမဆုံး ကပြတဲ့ဇာတ်ပွဲက ကလေး၊ လူကြီး ငွေကျပ် ၂၅၀၀ ရုံဝင်ခယူတယ်၊ ဖျာကလည်း ၁၂၀၀၀ ထိ ဈေးမြောက်တယ်။ ဧည့်သည် အနုပညာရှင်တွေကို အကြောင်းပြပြီး ရုံဝင်ခမြင့်တော့ တော်ရုံတန်ရုံ ကျေးလက်ပြည်သူတွေက မလာကြတော့ဘူး။ ဆိုးတာက ပထမဇာတ်ပွဲကပြပြီး နောက်ဇာတ်ပွဲက ငါးရက်လောက်ခြားပြီးဝင်တယ်။ ပွဲမပါတော့ နယ်က လူတွေ မလာကြပြန်ဘူး။ လာမယ့်နှစ်မှာ ဈေးသည်တွေလာချင်အောင် ဇာတ်ပွဲများလည်း ဆက်တိုက်ကပြဖို့ လိုအပ်ပါတယ်။ ရုံဝင်ခကိုလည်း ကျေးလက်ပြည်သူတွေ ကြည့်နိုင်ဖို့ တာဝန်ရှိသူများနဲ့ ညှိနှိုင်းဆောင်ရွက်သင့်ပါတယ်"ဟု ပွဲဈေးသူ ပွဲဈေးသားများက ရင်ဖွင့်ပြောကြားကြသည်။

ပခုက္ကူ နယုန်ပွဲတော်သည် နယုန်လဆန်းမှ လကွယ်တိုင်အောင် ပွဲရက်ရှည်ခင်းကျင်းသော အထက်မြန်မာပြည်၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီး ဖြစ်သည်။ ဆင်ဖြူရှင်တံတား၊ ဧရာဝတီတံတားများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးဒေသတို့အပြင် ချင်းပြည်နယ်၊ မင်းတပ်၊ မတူပီ၊ ယောနယ်တစ်ခွင် ပုလဲ၊ မင်းတိုင်ပင်ဒေသပါမကျန် လာရောက်ဈေးဝယ်ကြသည်။ ဆယ့်နှစ်ပွဲဈေးသည်များမှလည်း ရန်ကုန်၊ မန္တလေး၊ ရွှေဘို၊ စစ်ကိုင်း၊ မုံရွာ၊ မိုးညှင်း၊ သမ္ဗုဒ္ဓေ၊ မကွေး၊ မြန်အောင်၊ ဟင်္သာတ၊ ပန်းတနော်စသည့် နယ်များမှ လာရောက်ရောင်းဝယ်ကြသည်။ ပခုက္ကူ နယုန်ပွဲတော်သည် တစ်ခေတ်တစ်ခါက ဇာတ်ပွဲလေးပွဲအထိ ရုံနှစ်ရုံအပြိုင်ကပြပြီး ယဉ်ကျေးမှုကိုထိန်းသိမ်းသော မြန်မာ့ရိုးရာ ရုပ်သေးသဘင်ကိုလည်း အခမဲ့ထည့်သွင်းဆင်ယင်ကျင်းပသည့် ပွဲတော်ကြီးဖြစ်ခဲ့သည်။

"ပခုက္ကူနယုန်ပွဲက ပခုက္ကူကိုယ်စားပြုတဲ့အပြင် တစ်နိုင်ငံလုံးကိုလည်း ကိုယ်စားပြုတဲ့ပွဲတော်ကြီးပါ။ ပြီးတော့ ကျွန်တော်တို့ ဆယ့်နှစ်ပွဲဈေးသည်တွေရဲ့ အဓိကအားထားရောင်းဝယ်တဲ့ပွဲတော်ကြီးလည်းဖြစ်ပါတယ်။ အဲဒါကြောင့် တာဝန်ရှိသူတွေအနေနဲ့ ပွဲတော်ကြီးစည်ကားသိုက်မြိုက်အောင် ပွဲတော်ဂုဏ်ကိုလည်း ထိန်းသိမ်းရာရောက်အောင် လာမယ့်နှစ်တွေမှာ စီစဉ်ဆောင်ရွက်ပေးဖို့လိုပါတယ်"ဟု ဈေးသည်တစ်ဦးက ပြောသည်။

ပခုက္ကူနယုန်လ သီဟိုဠ်ရှင်ပွဲတော်ကြီးသည် အနယ်နယ်မှ ဈေးသည်များ အားထားရောင်းဝယ်ရာ ဘုရားပွဲတော်ကြီးဖြစ်သည်။ဈေးသည်ပေါင်း ၅၀၀၀ နီးပါး ဆိုင်ခန်းပေါင်း ၃၀၀၀ ကျော် လာ ရောက်ရောင်းချပြီး လူသုံးကုန်ပစ္စည်း မျိုးစုံ ဒေသထွက်ကုန်ပစ္စည်းမျိုးစုံကိုဈေးနှုန်းချိုသာစွာ ရောင်းဝယ်ကြသည်။ **သမီးအိမ့်**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုဆိုင်ရာ သင်တန်းပို့ချ

မော်လမြိုင် ဇွန် ၂၅

မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၄)ရပ်ကွက်ရှိ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် ဇွန် ၂၁ ရက် နံနက် ၉ နာရီခွဲက ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ သင်တန်းပို့ချခဲ့ရာ သင်တန်းသို့ မော်လမြိုင်ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးချမ်း၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)၊ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ် (Animal Health Program) မှ အကြီးတန်းအကြံပေး ပညာရှင် Dr. Tommy Willons၊ ဒေသခံဝန်ထမ်းများဖြစ်သည့် ဒေါက်တာချိုချိုစုမွန်၊ ဒေါက်တာမြတ်ကျော်နှင့် မွေးမြူရေးလုပ်ငန်းရှင်များ စုစုပေါင်း ၃၅ ဦးခန့် တက်ရောက်ကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် ဒေါက်တာ နီနီမော်တို့က အမှာစကားပြောကြားပြီး Dr. Tommy Willons မှ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ဒေါက်တာချိုချိုစုမွန်က တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းရှင်များ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဒေါက်တာမြတ်ကျော်က တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များကိုလည်းကောင်း ဟောပြောပို့ချခဲ့ကြောင်း သိရသည်။

မင်းမဟာ(မော်လမြိုင်)

ကျေးရွာအခြေခံလူမှုအဆောက်အအုံလုပ်ငန်းများ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းဖွင့်

ဖရူဆို ဇွန် ၂၅

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့ (IRC) တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံအတွင်း ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်းနှင့် လူမှုပေါင်းစည်းခြင်းဆိုင်ရာ စီမံချက်ရေးဆွဲကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ကယားပြည်နယ် ဖရူဆိုမြို့နယ်တွင် ကျေးရွာ ၂၀ ကို ကျေးရွာအခြေခံလူမှု အဆောက်အအုံ လမ်း၊ တံတား၊ ဆည်မြောင်းပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာသင်တန်းကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက ကျေးဖူးပြည့်မယ်တော်ဘုရားကျောင်း၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဧရိယာညှိနှိုင်းရေးမှူး ဦးထွန်းထွန်းက မြန်မာနိုင်ငံအတွင်း ပိုမိုကောင်းမွန်သော အသက်မွေးကျောင်းနှင့် လူမှုပေါင်းစည်းခြင်းဆိုင်ရာ စီမံချက်ရေးဆွဲပြီး ဂျပန်နိုင်ငံမှ အကူအညီဖြင့် ဖရူဆိုမြို့နယ်အတွင်း ကျေးရွာပေါင်း ၂၀ တွင် ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်ခြင်း၊ လမ်းများပြုပြင်ခြင်း၊ ကျောက်ချောလမ်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့ (IRC)က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း (UNDP) နှင့် ငြိမ်းဖောင်ဒေးရှင်းကိန္နရာ၊ ကေးဖိုးဒူနှင့် ကယားဖူးစသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်ပေးခဲ့ကြောင်း၊ ယခုအခါ ကျေးရွာချင်းဆက်လမ်းများ ပြီးစီးသွားပြီဖြစ်၍ ကျေးရွာပြည်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရခြင်းဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ ကျောက်ချောလမ်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်းများအတွက် ကျေးရွာပေါင်း ၂၀ မှ တစ်ရွာလျှင် ငွေကျပ် ၁၂၀၆၂၅၀၀ ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

တနိုင်း ဇွန် ၂၅

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်၌ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး ဆောင်ရွက်ခြင်းကို ဇွန် ၂၁ ရက် နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ရာ တနိုင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ထွန်းဦးနှင့် ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် များနှင့် တာဝန်ရှိသူများသည် တနိုင်းမြို့ ဆင်မ်ဆာ့ရပ်ကွက်အတွင်းရှိ လူနေအိမ်များသို့ကွင်းဆင်း၍ သောက်သုံးရေ၊ ရေကန်များသို့ အဘိတ်ဆေးခတ်ခြင်း၊ ရေများ သိုလှောင်ရာတွင် ပလတ်စတစ်များ ဖုံးအုပ်ထားရှိရန် မှာကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်

မိတ္ထီလာ ဇွန် ၂၅

မိတ္ထီလာမြို့ လျှော်ဖြူကန်ကျေးရွာတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ဆောက်လုပ်သည့် အလျား ပေ ၆၀၊ အနံ ၁၂ ပေ သွပ်မိုး၊ အုတ်ကာ အမှတ် ၃၂ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း၌ကျင်းပရာ မိတ္ထီလာ အမှတ်(၁)မဲဆန္ဒနယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောဌေး၊ ခရိုင်အုပ်ချုပ်ရေးမှူး တင့်ဝေသုံ၊ ခေတ္တခရိုင်ပညာရေးမှူး ဦးသက် လေးဦးနှင့် ရပ်မိ ရပ်ဖ ဦးတင့်လှိုင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကား ပြောကြားပြီး ခေတ္တခရိုင်ပညာရေးမှူးက လက်ရှိပညာရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုများ အကြောင်းကို ရှင်းလင်းပြောကြားကာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျောင်းတွင် ပညာသင်ယူနေသည့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ စာပေလေ့လာရန် နေ့စဉ် သတင်းစာများကိုဆက်လက်လှူဒါန်းရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က နေ့စဉ်ထုတ်သတင်းစာများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီမှ ဗလာစာအုပ် ဒါဇင် ၃၀၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ ဗလာစာအုပ် ဒါဇင် ၃၀၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဗလာစာအုပ် ဒါဇင် ၃၀၊ မြို့နယ်လယ်ယာမြေ အသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ ဗလာစာအုပ် ဒါဇင် ၁၀ တို့ကို ပေးအပ်လှူဒါန်းပြီးတာဝန်ရှိသူများက လက်ခံယူသည်။

လျှော်ဖြူကန်ကျေးရွာ အမှတ်(၃၂) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ လျှော်ဖြူကန်၊ ကန်တိုင်ပေါက်၊ သာစည်လေးစသည့် ကျေးရွာများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၄၉ ဦး တက်ရောက်ပညာသင်ယူနေကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မိဘအမည်မှန်နှင့် အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကာဘိုးရွာ အထက(ကာဘိုး) ပဥ္စမတန်း(A)မှ မအိအိလင်း၏ အမည်မှန်မှာ မအိဖြူထွန်းဖြစ်ပြီး ၎င်း၏မိဘအမည်မှန်မှာ ဦးထွန်း ၅/ကဘလ(နိုင်)၀၂၆၄၃၈-(ဒေါ်အမာဆွေ)ဖြစ်ပါကြောင်း။

ဦးထွန်း-(ဒေါ်အမာဆွေ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၁ဃ/၉၀၃၂၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွေးကြည် ၁၀/ပမန(နိုင်)၀၁၈၄၉၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၉၅၃၆၉၊ New Anbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်သက်ဝင်း ၉/ပသက(နိုင်)၀၈၃၈၂၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၉၃၃၆၊ Tip Top (TTJ. J2) Jeep (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်း ၉/ညဥန(နိုင်)၁၃၂၁၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)၊ မ-၁၀/၂၅နေ မောင်သီဟအောင် ၅/ရဘန(နိုင်)၂၁၇၀၇၅နှင့်VEC ပညာ့ရိပ်သာ ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မရွှေယမင်းတို့၏ မိဘအမည်မှန်မှာ ဦးဘိုးတိုး ၉/ကပတ(နိုင်)၀၆၅၃၁၅-ဒေါ်ဆွေဆွေသင်း ၅/ရဘန(နိုင်)၀၈၄၉၅၁ ဖြစ်ပါကြောင်း။

ဦးဘိုးတိုး-ဒေါ်ဆွေဆွေသင်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မိုးမိတ်ခရိုင်တရားရုံး
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃

ဒေါ်နန်းကွယ် **နှင့်** ဦးနိုင်ဝင်း

တရားလို **တရားပြိုင်**

တရားပြိုင် ဦးနိုင်ဝင်း (ဘ) ဦးဘသော် ငှက်ပြာကြီးရွာ၊ ဆိပ်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ လင်မယားကွာရှင်းပြီး ပစ္စည်းခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၂၅ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းမြိုင်)
ခရိုင်တရားသူကြီး
မိုးမိတ်ခရိုင်တရားရုံး

ဖခင်အမည်မှန်

တန့်ယန်းမြို့၊ အထက(၂)၊ အဋ္ဌမတန်း(အေ)တွင် ပညာသင်ကြားခဲ့သော မမင်းမင်း၏ဖခင်အမည်မှန်မှာ ဦးဖြူအမ်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၂-၄-၂၀၀၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အထက(မော်လူး) ဆဋ္ဌမတန်း(င)မှ မောင်မြတ်မင်းသူ၏ဖခင်အမည်မှန်မှာ ဦးစန်းဝင်း ၈/ဂဂန(နိုင်)၀၇၄၄၃၃ ဖြစ်ပါသည်။ **ဦးစန်းဝင်း**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၃၅၈၅၊ Toyota Wish, S/W ယာဉ်လက်ဝယ်ရှိသူ ဦးမိုဟာမက်အီလီယက်(စ်)(ခ)သန်းကျော် ၁၂/ကတတ(နိုင်)၀၂၀၄၄၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6B/4078၊ နစ်ဆန်း၊ ဒီဇယ် ထရပ်(၈×၄)R ယာဉ်လက်ဝယ်ရှိသူ နော်ဂျူလိုင်ဖော ၁၂/တတန(နိုင်)၁၈၇၈၁၆မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁စ/၆၁၈၆ Mazda Demio Hatch Back ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြင်မြင့် ၁၃/လရန(နိုင်)၀၆၄၆၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၈၈၉၉ Isuzu Bighom, S/W ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၁၂/မရက(နိုင်)၀၃၃၀၀၈မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲတွင် ဆုရရှိသူများ စာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၂၅

ဇူလိုင်၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲများအား ဖိတ်ခေါ်ကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့ကြသည့်အမည်စာရင်းအား ပြိုင်ပွဲကျင်းပရေးကော်မတီက ဇွန် ၂၃ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆု မဟယ်လင်၊ ဒုတိယဆု ချိုချိုမြင့် (စီးပွားရေးတက္ကသိုလ်-ရန်ကုန်)၊ တတိယဆု ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း) တို့ရရှိကြသည်။ အထူးဆုများအပြင် ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ ကိုထိုက်(ခင်ဦး)၊ မျိုးမင်းကြွယ်(ရွှေတောင်ကြား)၊ ငွေးလွင်-နှင်းဝတ်ရည် (အမရပူရ)နှင့် ယမင်းဝင်းလှိုင်တို့က အသီးသီး ဆုရရှိခဲ့ကြသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆု မမေစိမ်းဝင်း (ကောင်းကင်မေ-စီးပွားရေးတက္ကသိုလ်)က"မေမေ့ သမီးလေး ကံကောင်းပါသည်"စာမူဖြင့်လည်းကောင်း၊ ဒုတိယဆု ဒေါ်နုနုသိန်း(သိမ့် စီးပွားရေးတက္ကသိုလ်)က "နွမ်းလည်းမကြွေ မွှေးဆဲပေမို့"စာမူဖြင့်လည်းကောင်း၊ တတိယဆု ဦးဇော်လွင်ဦး (ဇော်လွင်ဦး ဟသ်ာတ)က "နွမ်းမကြွေဘဲ လန်းစေလို"စာမူဖြင့်လည်းကောင်း ဆုရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ဒေါ်တင်ဥမ္မာအောင်(မေမဒ္ဒီ)က "သူ့လို ချစ်တတ်နိုင်ပါစေ"စာမူဖြင့်လည်းကောင်း၊ ဦးသိန်းရွှေ(ပုသိမ်ရန်နောင်စိုး) က "တန်ဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်"စာမူဖြင့်လည်းကောင်း၊ ဦးသက်နိုင် (သက်နိုင်-ပြင်ဦးလွင်)က "ဆလုံမြေမှ ချစ်သက်သေ"စာမူဖြင့် လည်းကောင်း၊ ဦးရဲညွန့် (ရဲရဲထွန်း-ဟသ်ာတ)က "စစ်သားကောင်းတို့အမေ နွယ်ရစ်ရွာမှာ နေသည်"စာမူဖြင့်လည်းကောင်း၊ ဒေါ်နန်းစောညွန့်(စော-ဟိုပင်) က "နေလောင်ပန်းများ မနွမ်းစေချင်"စာမူဖြင့်လည်းကောင်း အသီးသီး ဆုရရှိခဲ့ကြသည်။

မြန်မာအမျိုးသမီးများနေ့ ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဇူလိုင် ၃ ရက်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ ဆုရရှိသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ရန်အောင်မြင်ဘုရားလမ်း ဒက္ခိဏသီရိမြို့ နေပြည်တော် ဖုန်း-၀၆၇-၄၁၉၁၇၄၊ ၀၆၇-၄၁၉၁၈၉၊ ၀၆၇-၄၁၉၁၉၀၊ ၀၆၇-၄၁၉၁၉၁ သို့ ၂၀၁၄ ခုနှစ် ဇွန်၂၈ ရက်ထက် နောက်မကျစေဘဲ ဆက်သွယ်သတင်းပေးပို့ကြရမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တောင်သူပညာပေး ဟောပြောပွဲ ကန်းဒေးကျေးရွာ၌ကျင်းပ

တောင်ကုတ် ဇွန် ၂၅

တောင်ကုတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှုကြီးမှူး၏ တောင်သူအသိပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက် မွန်းတည့် ၁၂ နာရီက ကန်းဒေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းသိန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ရွှေတို့က အမှာစကားပြောကြားပြီးနောက် ဦးစီးမှူး ဦးထွန်းသိန်းနှင့် ဝန်ထမ်းများက မျိုးကောင်း မျိုးသန့် ပြောင်းလဲစိုက်ပျိုးရေး၊ ခေတ်မီသိပ္ပံနည်းကျ (GAP) စနစ်ဖြင့် စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ လေလွင့်ဆုံးရှုံးမှု နည်းပါးရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို ဟောပြောဆွေးနွေးရာ တောင်သူများ၏ မေးမြန်းချက်များကို ဦးစီးမှူး ဦးထွန်းသိန်းက ပြန်လည်ဖြေကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

သာယာအေးရွာ၏ အလင်းတံခါးကို ဖွင့်လှစ်မည့် သုတပဒေသာစာကြည့်တိုက်ဖွင့်

နေပြည်တော် ဇွန် ၂၅

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သာယာအေးအုပ်စု သာယာအေးကျေးရွာ၌ ကျေးလက်နေပြည်သူများ ဗဟုသုတမြင့်မားစေရန်အတွက် ရွာသူ ရွာသားများ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ပြီးစီးသည့် သုတပဒေသာ စာကြည့်တိုက် အဆောက်အအုံသစ်နှင့် ကျေးရွာမုခ်ဦးဖွင့်ပွဲကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျေးရွာ၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် ကျေးရွာကော်မတီဝင် ဦးလှဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးခြင်း၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ကျေးရွာအတွင်း၌ သုတပဒေသာ စာကြည့်တိုက်ကို ကျေးရွာလူထု၏ စုပေါင်းထည့်ဝင်ငွေ ၄၈ သိန်း အကုန်အကျခံ၍ ကိုယ့်အားကိုယ်ကိုး ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းဖြင့် ကျေးရွာသားများ စာဖတ်သည့်အလေ့အထများ ပိုမိုရရှိလာပြီး အသိပညာနှင့် ဗဟုသုတများ တိုးပွားလာစေမည်ဖြစ်ကြောင်း၊ ကျေးရွာအတွင်း လူငယ် လူရွယ်လေးများ အတွေးသစ်၊ အမြင်သစ်များ ရရှိစေရန် အပြင် စာကြည့်တိုက် ရေရှည်တည်တံ့စေရန် အားလုံးဝိုင်းဝန်းထိန်းကြရန် လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်/ဆက် ဦးစီးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များက စာကြည့်တိုက်အတွက် လှူဒါန်းသည့်စေတနာရှင် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ကျေးရွာပြည်သူများကိုယ်စား ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

"သမီးတို့ရွာမှာ အခုလို စာကြည့်တိုက် ဖွင့်လှစ်ပေးတဲ့အတွက် သမီးအနေနဲ့အလွန်ပဲ ဝမ်းသာပါတယ်။ သမီးတို့ တောင်သူတွေ အနေနဲ့ သမီးက ဆယ်တန်းမအောင်ပေမဲ့ အခုလို စာကြည့်တိုက်က သတင်းစာတွေ၊ ဂျာနယ်တွေ၊ သုတ၊ ရသစာအုပ်တွေ ဖတ်ရတော့မယ်ဆိုတော့ ဗဟုသုတတွေလည်း အများကြီးရမှာပါ။ အလုပ်အားတဲ့ အချိန်တွေမှာလည်း စာကြည့်တိုက်ကိုလာပြီး စာဖတ်ရင်းနဲ့ အချိန်ကုန်ဆုံးစေမှာပါ" ဟု ခုနစ်တန်းအောင်ပြီး ကျောင်းထွက်ခဲ့ရသူ မခိုင်သဇင်က ပြောသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ကျေးရွာအတွင်းရှိ ကလျာဏယုဝပရဟိတ လူငယ်အသင်းဦးစီးပြီး ကျေးရွာသူရွာသားများ စုပေါင်းထည့်ဝင် ငွေကျပ် ၁၈ သိန်းကျော် အကုန်ကျခံဆောက်လုပ်သည့် ကျေးရွာမုခ်ဦးသစ်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

သတင်း-တင်မောင်လွင်
ဓာတ်ပုံ-မောင်လွင်(တပ်ကုန်း)

မွန်ပြည်နယ် တရားလွှတ်တော်အတွင်းရှိ တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများ၏ သားသမီးများအတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်စားမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲကို ဇွန် ၁၆ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးတို့ကို ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပြည်နယ်လွှတ်တော်ရုံး)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နွယ်နီလမ်း၊ အမှတ် ၃၂၊ မြေညီထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၂ ၁/၂×၅၀)ပေရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သူ ဦးအောင်ကျော်လွင် ၁၂/လမတ(နိုင်)၀၁၄၇၂၀ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေပေးချေပြီးဖြစ်ပါ၍ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းရည်(ငါးသိုင်းချောင်း)
တရားလွှတ်တော်ရှေ့နေ (၂၀၉၄)
B.A(Law), LL.B, M.A(Business Law), D.B.L, D.I.L, D.M.L, PGDCA, B.D.S, E.DS(MOFA)
ရုံးခန်း-၁၃၀/၃၀(ငါးလွှာ)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၆၅၁၆၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ ၈ လမ်း၊ အမှတ် ၃၇၁ ဟုခေါ်တွင်သော ဧရိယာ(ပေ ၂၀×ပေ ၆၀)မြေသည် ဦးကြည်ထွန်းအမည်ပေါက်ဖြစ်ပါသည်။ အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးမျိုးနိုင် ၁၂/ဥကမ(နိုင်)၁၁၄၇၉၂ ထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းဇော်ဦး LL.B **ဦးနိုင်လင်းထွန်း LL.B**
အထက်တန်းရှေ့နေ (စဉ်-၂၁၇၁၆) **အထက်တန်းရှေ့နေ (စဉ်-၂၈၆၄၀)**

ဖခင်အမည်မှန်

လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသော အဌမတန်း(B)မှ နန်းနွံလှိုင်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းသန်းသူ ၁၃/ပယန(နိုင်)၀၀၀၁၅၉ ဖြစ်ပါသည်။

မိဘအမည်မှန်

ဖားကန့်မြို့နယ် လုံးခင်း အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်ညီညီအောင်၏ မိဘအမည်မှန်မှာ သန်းခေါင်စာရင်းအရ ၅/ဒပယ(နိုင်)၀၆၅၉၇၀ ဦးမြင့်လင်း၊ ၅/ရဉန(နိုင်)၀၃၉၈၉၄ ဒေါ်ခင်မြ ဖြစ်ပါကြောင်း။

ဦးမြင့်လင်း-ဒေါ်ခင်မြ

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၉)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ငြိမ်းပိုင်ဖြိုး၏ဖခင်အမည်မှန်မှာ ဦးငြိမ်းချမ်း ဖြစ်ပါသည်။

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ အထက သုဝဏ္ဏ သတ္တမတန်း(D)မှ မအိငြိမ်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်း ဖြစ်ပါသည်။

ဦးတင်ထွန်း ၁၂/သဃက(နိုင်)၁၄၅၈၁၅

အများသိစေရန်နှင့် ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေကွက်အမှတ် ၁၈၇၊ ပေ(၄၀×၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅၈ဧက၊ စတုရန်းပေ ၂၄၀၀ ဦးလှမြင့်အမည်ပေါက် နှစ် ၆၀ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဦးအိုက်ဆန်း ၁၃/တကန(နိုင်)၁၄၄၅၇၇ အထက်ဖော်ပြပါမြေကွက်အား ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှဝယ်ယူရန် အဆိုပါမြေကွက်၏ ရောင်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများကို တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇောကျော်အောင်(စဉ်-၃၄၄၉၀) LL.B, C.B.L
ဒေါ်ကြည်သာဝင်း(စဉ်-၂၉၅၃) LL.B, LL.M
ဒေါ်နန်းဆိုင်အုံ(စဉ်-၃၄၅၃၀) LL.B
ဒေါ်ဇင်လင်းထွေး(စဉ်-၃၈၂၃၈) LL.B
ဦးမိုးမင်းဟိန်း (စဉ်-၃၈၂၉၂) LL.B

အထက်တန်းရှေ့နေများ (ရွှေဟသ်ာ အိမ်ခြံမြေဥပဒေအတိုင်ပင်ခံအကျိုးဆောင်)
အမှတ် ၈၆၄၊ ပင်လုံလမ်း၊ (၃၆) အဆင့်မြင့်ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၄၃၁၃၃၇၅၁၊ ၀၉-၃၁၂၀၇၇၂၊
၀၉-၃၁၃၀၂၆၂၉၊ ၀၉-၄၂၀၂၅၇၄၀၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇၀)၊ မြေကွက်အမှတ်(၂၄/က)၊ အလျားပေ၂၀×အနံပေ၆၀ ရရှိသူ အမည်ပေါက် ဦးလှထွန်းထံမှ စာချုပ်အဆင့်ဆင့်ဝယ်ယူသူ ဒေါ်ခင်မြမြသိန်း (ဘ)ဦးခင်ဌေး ၁၂/သဃက(နိုင်)၁၄၀၅၈၂ တို့မှ မြေပါမစ်စာရင်းသွင်းခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်အား စာရင်းသွင်းဆောင်ရွက်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၅(စက်မှု)၊ မြေကွက်အမှတ် ၁၄/၁၅၊ မြေကွက်တည်နေရာအမှတ် ၁၄/၁၅၊ ကင်းဝန်မင်းကြီးလမ်း၊ ဒညင်းကုန်းရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဒေါ်ပွဲနန်း+၁)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ပွဲနန်း+၁ [၁/မညန(နိုင်) ၀၂၃၁၅၁] မှ ၂၀၀၉ ခုနှစ် အရောင်းမြေပုံပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉/အေ၊ မြေကွက်အမှတ်(၃၅)၊ သစ္စာ ၃ လမ်း၊ အိမ်အမှတ် (၃၅)၊ အကျယ်အဝန်း ပေ (၄၀×၆၀) စတုရန်းပေ ၂၄၀၀၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာဖြစ်သည့်မြေကွက်အား ဂရန်အမည်ပေါက် ဦးမြင့်ဦး ၁၂/သဃက(နိုင်)၀၇၆၄၆၂၏ GPရရှိသူ ဦးတင်အောင်လှိုင် ၁၂/မရက(နိုင်)၀၇၄၄၉၃ ထံမှ အရပ်စာချုပ်ဖြင့်ဝယ်ယူပြီး ယခုလက်ရှိပိုင်ဆိုင်သူ ဒေါ်မြမြထွေး ၁၂/ရကန(နိုင်)၀၅၇၅၅၄ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘူမောင် LL.B(စဉ်-၂၂၇၄၇) **ဒေါ်နှင်းပွင့်သန်း LL.B(စဉ်-၂၇၀၇၅)**
လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင် အထက်တန်းရှေ့နေများ
အမှတ် (၅/၁၁)၊ မြေညီ၊ ဗိုလ်ရှင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၂၇၈၃၃၆

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပညာပေးဟောပြောခြင်းနှင့် ကုသခြင်းများဆောင်ရွက်

မော်လူး ဇွန် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသခံပြည်သူများအား မန္တလေးသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ပါမောက္ခနှင့် ဆရာ ဆရာမများ၊ အလုပ်သင်ဆရာဝန်များနှင့် စတုတ္ထနှစ်ကျောင်းသားကျောင်းသူများပါဝင်သည့်အဖွဲ့သည် ဇွန် ၂၃ ရက်က မော်လူးတိုက်နယ် ဆေးရုံတွင် ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများနှင့် ကုသခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူများအား ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းကို ဒေါက်တာသက်နိုင်(ကထိက) သွား/ညှိကုသဌာန၊ ဒေါက်တာကျော်သက်အောင်၊ ဒေါက်တာချမ်းချမ်းအေး၊ ဒေါက်တာငြိမ်းငြိမ်းအောင်၊ ဒေါက်တာစိုးလင်းကျော်နှင့် ဒေါက်တာစိုးသူရဇော်တို့မှ မော်လူးတိုက်နယ်ဆေးရုံ ကုသဆောင်တွင် ဟောပြောခဲ့ကြပြီး ဒေသခံ သွားနှင့် ခံတွင်းဝေဒနာရှင်များကို သံဃာဆောင်တွင် ဒေါက်တာကျော်သီဟ(တွဲဖက်ပါမောက္ခ)က ဦးဆောင်ပြီး အလုပ်သင်ဆရာဝန်များက သွားနှင့်ခံတွင်းဝေဒနာရှင် လူနာ ၁၈၉ ဦးကို စစ်ဆေးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် မော်လူးကျေးရွာအတွင်း သွားနှင့် ခံတွင်းဆိုင်ရာကျန်းမာရေး လိုအပ်ချက်များ ရှိ မရှိကို တစ်အိမ်တက်ဆင်း စစ်တမ်းကောက်ယူခဲ့ကြကာ ဆေးကုသမှုအဖွဲ့အား မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးဝင်းစိန်၊ တိုက်နယ်ဆေးရုံဆရာဝန် ဒေါက်တာလာမာမီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာ အသီးသီးမှတာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြပြီး အဆိုပါအဖွဲ့တွင် မန္တလေးသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ အလုပ်သင်ဆရာဝန်များနှင့် စတုတ္ထနှစ်ကျောင်းသားကျောင်းသူ အင်အား ၄၀ ဦးပါရှိကြောင်း သိရသည်။ **(၁၄၉)**

မရင်းမြောင်းကူးတံတား ပြုပြင်ပေးရန် ဒေသခံများ ဆန္ဒရှိနေ

ကျောက်ဆည် ဇွန် ၂၅

ကျောက်ဆည်-မြစ်သား မြို့ချင်းဆက်လမ်းပေါ်မင်းစုကျေးရွာ၏ မြောက်ဘက် တစ်ဖာလုံခန့်အကွာရှိ မရင်းမြောင်းကူးသစ်သားတံတားသည် လမ်း၏ ချိုင့်အတွင်းတည်ရှိပြီး ပျက်စီးယိုယွင်းနေသောကြောင့် လမ်းအသုံးပြုသူများနှင့် ကျောင်းသားကျောင်းသူများ သွားလာရေးခက်ခဲနေသဖြင့် အဆင်ပြေချောမွေ့စေရန် ပြုပြင်ပေးရန် လမ်းအသုံးပြုသူများ မျှော်လင့်လျက်ရှိကြောင်း သိရှိရသည်။

"တံတားက ကုန်းနှစ်ကုန်းကြားမှာရှိနေတာ၊ အလယ်ခေါင်ချိုင့်ကြီးထဲမှာ တောင်ဘက်ကလာလည်း ကုန်းလျှော၊ မြောက်ဘက်ကလာလည်း ကုန်းလျှော၊ အရှိန်မထိန်းနိုင်တဲ့ဆိုင်ကယ်၊ စက်ဘီးတွေဆို ခဏခဏလဲတယ်၊ ကျောင်းလာတဲ့ ငယ်သေးတဲ့ ကျောင်းသားတွေအတွက် စိတ်မချရဘူး၊ အမြန်ဆုံးပြင်စေချင်တယ်၊ ကြာရင်ဒီထက်ပိုပျက်သွားရင် သွားရလာရတာ ပိုခက်ခဲသွားမှာ"ဟု တံတားကို နေ့စဉ်အသုံးပြုနေရသူ မင်းစုကျေးရွာသားတစ်ဦးက ပြောသည်။

အဆိုပါ မရင်းမြောင်းကူးတံတားကို ရေပြစ်၊ ငါးမြွေကုန်းကျေးရွာများမှ ကျောင်းသားကျောင်းသူများ၊ မင်းစု၊ အင်ရောင်း၊ စပါယ်တော၊ ရွှေအင်း၊ ရှင်ငယ်ကျ၊ မဲကုန်း၊ ဆူးလေကုန်း ကျေးရွာများ၊ မြစ်သားမြို့နှင့် မြို့နယ်အတွင်းရှိ အခြားကျေးရွာများမှ ကျောက်ဆည်မြို့သို့ လာရောက်သောသူများသည် နေ့စဉ် စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ၊ ကားများဖြင့် ဖြတ်သန်းအသုံးပြုလျက်ရှိကြောင်း သိရှိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

တံတားဦးမြို့နယ် သူငယ်တော်ကန် ကျောက်စီမှုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

တံတားဦး ဇွန် ၂၅

တံတားဦးမြို့နယ်အတွင်းရှိ သူငယ်တော်ကန်၏ ရေထွက်တံခါး(၂)အထွက်ပိုင်း ကျောက်ဆလန်စီခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ခရိုင်ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်နှင့် တာဝန်ရှိသူများက ဇွန် ၂၂ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သူငယ်တော်ကန် ကျောက်ဆလန်စီခြင်းလုပ်ငန်းကို မေလဒုတိယအပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံးပြီးစီးခဲ့ပြီဖြစ်ကြောင်းနှင့် ကျောက်ဆလန်စီခြင်းလုပ်ငန်း မြောင်းအရှည် ၄၂၅ပေ ရှိကြောင်း၊ ကျောက်ဆလန်စီခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး အစိုးရရန်ပုံငွေကျပ်သိန်း ၂၀၀ ဖြင့်တည်ဆောက်ခြင်းဖြစ်ကြောင်း တံတားဦးမြို့နယ် ဆည်မြောင်းဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။ ကျောက်ဆလန်စီခြင်းအားဖြင့် ရေစီးရေလာကောင်းမွန်ပြီး ရေအလေအလွင့်မရှိဘဲ တောင်သူများအတွက် ရေပိုမိုရရှိမည်ဖြစ်ကာ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း သိရသည်။

သူငယ်တော်ကန်သည် ကန်ဘောင်အရှည် ၁၀၆၀၀ ပေ အမြင့် ၁၂ပေ အကျယ် ၁၄ပေ ရှိကာ ကန်၏ရေထွက်တံခါး(၁)မှာ စိုက်ပျိုးမြေဧက ၅၀ကို ရေပေးဝေနိုင်ပြီး ရေထွက်တံခါး(၂) မှာစိုက်ပျိုးမြေဧက ၂၅၀ကို ရေပေးဝေနိုင်မည်ဖြစ်သောကြောင့် မိုးသီးနှံများသာမက ဆောင်းသီးနှံများဖြစ်သော ဂျုံ၊ ကုလားပဲ၊ နေကြာနှင့် အခြားသီးနှံများကိုပါ စိုက်ပျိုးနိုင်မည့် စိုက်ပျိုးရေရရှိမည်ဟု သိရသည်။ **ရဲတင့်**

မူးယစ်ဆေးဝါးကာကွယ်ရေး?

မှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး မြင်းခြံမြို့တွင် အသိပညာပေးဟောပြော

မြင်းခြံ ဇွန် ၂၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ဇွန် ၂၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြင်းခြံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်က မှုခင်းကျဆင်းရေးအကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူးဦးလေးနိုင်က ဆိုင်ကယ်စီးသူများလိုက်နာရန် အချက်များ၊ ဒုတိယခရိုင်ဥပဒေအရာရှိ ဒေါ်ခင်အုန်းမြင့်က မှုခင်းဖြစ်ရပ်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်နိုင်က လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအိအိဝင်းက မူးယစ်ဆေးဝါးဆိုးကျိုးနှင့်ပတ်သက်၍ သိကောင်းစရာများ၊ ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲမှူးခင်မောင်ချိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ဆိုင်ကယ်စီးသူများ လိုက်နာရမည့်အချက်များကို ဟောပြောခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**



သတင်းတို

ချယ်ရီပင် ၇၀၀ ကျော် ကျိုင်းတုံ၌ စိုက်ပျိုး

ကျိုင်းတုံ ဇွန် ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ကို ချယ်ရီမြို့တော်ဖြစ်မြောက်စေရန်ရည်မှတ်ချက်ထား၍ ကျိုင်းတုံမြို့ သစ်တောဦးစီးဌာနနှင့် လူမှုကူညီစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကာ ကျိုင်းတုံမြို့ RCM ဘုရားကျောင်းအတွင်း၌ ဇွန် ၂၁ ရက်က ချယ်ရီပင် ၂၀၄ပင်စိုက်ပျိုးခဲ့ကြောင်းနှင့် ချယ်ရီပင်များကို ပြည်သူ့ဆေးရုံကြီးတွင် အပင်၂၀၀၊ လူမှုကူညီစောင့်ရှောက်ရေးရုံးရှေ့တွင် အပင်၂၀၀၊ စွန်းတောင်းဘုရားတွင် အပင် ၅၀၊ ကျိုင်တုံဂေါက်ကွင်းတွင် အပင် ၅၀ စိုက်ပျိုးပြီးဖြစ်ကာဆက်လက်၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ချယ်ရီပင်စိုက်ပျိုးပွဲတွင် ကျိုင်းတုံခရိုင် ခေတ္တအုပ်ချုပ်ရေးမှူး ဦးသိန်းဦးနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံတိုင်းရင်းများက စိုက်ပျိုးခဲ့ကြသည်။ **မောင်မောင်နိုင်(iprd)**

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
မြေအောက်ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်းများ
ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်အခြေစိုက် အဝေးဆက်သွယ်ရေးစခန်းမှ ဆောင်ရွက်ပြီးစီးခဲ့သော ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်းများအနက် အောက်ဖော်ပြပါ ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်းအားလည်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရန် ထပ်မံ၍ လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါ၍ စိတ်ပါဝင်စားသော မြန်မာနိုင်ငံသား လုပ်ငန်းရှင်/ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
- ရန်ကုန်-ပြည်-မကွေး-နတ်မောက်-ပျော်ဘွယ်-နေပြည်တော် (48 Core)(U/G) ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်း (၈၇၄·၀၀ ကီလိုမီတာ)

၂။ တင်ဒါပုံစံများကို ကြော်ငြာသည့်ရက်မှစ၍ ၃၀-၆-၂၀၁၄ရက်အထိ တင်ဒါပုံစံတစ်စောင်လျှင် ၅၀၀၀၀ ဖြင့် ရောင်းချမည်ဖြစ်ပြီး ၂၅-၇-၂၀၁၄ရက် ၁၆း၀၀နာရီတိတိ နောက်ဆုံးထား၍ ပေးသွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အင်ဂျင်နီယာချုပ်ရုံး
ရုံးချုပ်အခြေစိုက်အဝေးဆက်သွယ်ရေးစခန်း
အမှတ် ၁၂၅၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၀၇၂၇
Fax-၀၁-၃၇၀၄၅၄

စွမ်းအင်ဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ တင်ဒါအမှတ် MOE/LP/COM/CAP/T/1(2014-2015) ဖြင့် Computer များအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ် ၆၊ စွမ်းအင်ဝန်ကြီးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၂-၇-၂၀၁၄ရက် မွန်းတည့် ၁၂း၀၀နာရီတွင် နောက်ဆုံးပေးသွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၁၄၈၇၊ ၄၁၁၁၃၄

ရတနာမဉ္ဇူမေမွှရိပ်သာ
တတိယအကြိမ်မြောက် ဝါတွင်းကာလ ရက်ပေါင်း(၉၀)တရားစခန်းပွဲ
ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ ၂လမ်း၊ ရတနာမဉ္ဇူမေမွှရိပ်သာ၌ လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာရှုနည်းဖြင့် ရတနာမဉ္ဇူမေမွှရိပ်သာ ပဓာနနာယက ဆရာတော်လယ်တီကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ ဝါတွင်းသုံးလ ၁၃၇၆ခုနှစ် ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ (၁၁-၇-၂၀၁၄ရက်မှ ၈-၁၀-၂၀၁၄ရက်)အထိ ရက်(၉၀)တရားစခန်းပွဲကြီး ကျင်းပပါမည်။ ဝါဆိုသံဃာတော်များ လက်ခံပါမည်။ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

တရားစခန်းပွဲဝင်ရောက်လိုသော ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးယောဂီများ ဝင်ရောက်အားထုတ်နိုင်ပါသည်။ အနည်းဆုံး (၁၀)ရက်ဝင်နိုင်ရမည်။ အကြောင်းညီညွတ်လျှင် ပြန်ဝင်နိုင်မည်။ ရက်ပေါင်း ၉၀ အတွင်း မိမိတို့ အားလပ်သည့်ရက်တွင် မိမိတို့စွမ်းအားရှိသည့်အလျောက် အချိန်အခါရက်မရွေး လာရောက်အားထုတ်နိုင်ပါသည်။ မိမိတို့အသုံးအဆောင်၊ ဆေးဝါး၊ အိပ်ရာလိပ်၊ အမျိုးသားမှတ်ပုံတင်တို့ ယူဆောင်လာရပါမည်။ ၁၁-၇-၂၀၁၄ရက် (ဝါဆိုလပြည့်နေ့) ညနေ ၄း၀၀နာရီအရောက် လာရပါမည်။ မရှင်းလင်းပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနှင့်ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။ အရုဏ် ၂၀၀၀ဝိ/၊ နေ့ဆွမ်း-၃၅၀၀ဝိ/၊ ညနေအအေး ၅၀၀ဝိ/၊ တစ်နေ့တာ ၆၀၀၀ဝိ/-လှူဒါန်းနိုင်ပါသည်။ **အကျိုးဆောင်အဖွဲ့**
ရတနာမဉ္ဇူမေမွှရိပ်သာ၊ သမိုင်း(၂)လမ်း၊ (၁)ရပ်ကွက်
ဖုန်း-၀၁-၆၆၃၈၀၂၊ ၀၉-၅၁၉၇၀၂၇၊ ၀၉-၄၉၂၄၅၇၉၉

ဇလွန်မြို့၊ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၉၆) ဓမ္မရိပ်သာကြီးတွင် (၈၅)ကြိမ်မြောက် ဝိပဿနာအလုပ်ပေး ရက်(၄၀)တရားစခန်းပွဲကြီး

ဇလွန်မြို့၊ လမ်းမတော်မြောက်ရပ်ကွက်၊ ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ် ၉၆ ဓမ္မရိပ်သာကြီးတွင် (၁၃၇၆ခုနှစ် ဝါဆိုလကွယ်နေ့) ၂၆-၇-၂၀၁၄ရက်မှ (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၁၀ရက်) ၃-၉-၂၀၁၄ရက်အထိ (၈၅)ကြိမ်မြောက် ဝိပဿနာအလုပ်ပေး ရက် ၄၀ တရားစခန်းပွဲကြီး ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ ရက် ၄၀ တရားစခန်းပွဲကြီး၌ ကမ္မဋ္ဌာနာစရိယ အင်းမမြို့ တက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဦးသာဂရအရှင်သူမြတ်နှင့် မိုးကုတ်ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးကျော်စိန်နှင့် ဆရာဦးမြင့်အောင်တို့မှ ခန္ဓာဉာဏ်ရောက်သဘောပေါက်အောင် နေရာမလပ်ရှုပွားနည်းသင်ကြားပြသမည်ဖြစ်ပါသောကြောင့် တရားဝင်ရောက်အားထုတ်ကြပါရန် နှိုးဆော်အပ်ပါသည်။

ရန်ကုန်မှ လိုက်ပါလိုသော ယောဂီများသည် ဆရာကြီးဦးကျော်စိန် ဖုန်း-၀၁-၅၅၄၄၃၅ ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ
အမှတ် ၉၆၊ ဇလွန်မြို့

အမည်ပြောင်း

ဦးတင်အောင်ဟိန်း၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ် ခုံမင်းကြီးကျောင်းတွင် ပညာသင်ကြားနေသော စတုတ္ထတန်းကျောင်းသူ မလင်းလက်ရှင်အား မရှင်ဘုန်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်ပြောင်း

ဦးရန်နိုင်၏သားဖြစ်သူ အမက(၁၈) မရမ်းကုန်း၊ စတုတ္ထတန်း Bမှ မောင်လင်းသန့်အောင်အား မောင်သစ်ထူးနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄စ/၃၇၁၁၊ Suzuki Carry DA63T P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဆွေဆွေ ၇/ပခန(နိုင်)၁၈၅၃၇၇မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့ (Mobile Team) ကျိုင်းတုံ၌ ဖွဲ့စည်းဆောင်ရွက်

ကျိုင်းတုံ ဇွန် ၂၅

တရားမဝင်ကုန်သွယ်မှုများကို တရားဝင်ကုန်သွယ်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့တွင် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့ (Mobile Team)ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ရာ အဖွဲ့၏ ဆောင်ရွက်သွားမည့်အခြေအနေများကို ကုန်သည်များနှင့်ပြည်သူများ သိရှိနားလည်စေရန်အတွက် တွေ့ဆုံရှင်းလင်းပွဲကို ဇွန် ၂၃ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေးစခန်း(ကျိုင်းတုံ)၌ ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် နယ်စပ်ကုန်သွယ်ရေးစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မိုးက လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြီး ကုန်သည်လုပ်ငန်းရှင်များ၏ သိလိုသည့်မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့သည်။

ကျိုင်းတုံမြို့တွင် Mobile Team ကို အဖွဲ့နှစ်ဖွဲ့နှင့် အရံတစ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး အဖွဲ့ ၁ ကို ကျိုင်းတုံ-မိုင်းလားလမ်းရှိ နောင်ငင်းကျေးရွာအနီး၌လည်းကောင်း၊ အဖွဲ့ ၂ ကို ကျိုင်းတုံ-တာချီလိတ်လမ်း နောင်နွန်းရွာအနီးတွင်လည်းကောင်း ဖွင့်လှစ်ဆောင်ရွက်သွားမည် ဖြစ်သည်။ Mobile Team အဖွဲ့တွင် ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကုန်သည်အသင်းနှင့် သတင်းမီဒီယာများပါဝင်မည်ဟု သိရသည်။

မောင်မောင်နိုင်(iprd)

ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်၁၂၂၄ သိန်းနှင့် မိဘပြည်သူများ၏ အလှူငွေများဖြင့် အရှည် ၁၇၀ ပေ၊ အကျယ် ၃၀ပေရှိ သုံးထပ် ကျောင်းဆောင်သစ်ကို ဆောက်လုပ်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ပြီး စာသင်ခန်းသစ် ၇၅ ခန်း ပါဝင်မည်ဟု သိရသည်။

ဂျူနိုင်း

ဝက်လက်မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ဝက်လက် ဇွန် ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများသည် ဇွန် ၂၂ ရက်က ဝက်လက်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ရေလည်မော်ကျေးရွာသို့ရောက်ရှိပြီး ချမ်းသာကြီးဘုရား ပြုပြင်တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ရေလည်မော်ရွာ အထောက်အကူပြုဥက္ကဋ္ဌ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ဘုရားထီးတော်တင်ပွဲပြုလုပ်ရန်မှာကြားပြီး ကျေးလက်ကျန်းမာရေးဌာနနှင့် အထကခွဲများသို့သွားရောက်၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရှိမ္ဗကားကျေးရွာသို့ ရောက်ရှိပြီး ရွှေယက်သာဘုရားတည်ထားပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် ရှိမ္ဗကားတိုက်နယ်ဆေးရုံသို့ တက်ရောက်ဆေးကုသခံယူနေသော လူနာများနှင့် ဆေးသိုလှောင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ရှိမ္ဗကား အထက ကျောင်းသို့လည်း သွားရောက်ခဲ့ကာ ကျောင်းအုပ်ကြီး၊ဆရာဆရာမများနှင့် တွေ့ဆုံ၍ အောင်ချက်မြင့်မားရေး သင်ကြားပို့ချခြင်းအား အခြေခံကျကျ စနစ်တကျသင်ကြားပို့ချရေး လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် သစ်ဆိမ့်ရွာသစ်ကျေးရွာ ဓာတ်တော်ကြီးဘုရားကို ဖူးမျှော်ပြီး ဝက်လက်မြို့တွင် ပြည်သူ့ဆေးရုံ ဆေးကုသဆောင်တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် ဝက်လက် အထက ကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အောင်ချက် မြင့်မားရေး မှာကြားခဲ့ကြောင်း သိရသည်။

နန်းမြင့်

တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးရသူများအား ဂုဏ်ပြုပွဲ ညောင်တုန်းမြို့တွင် ကျင်းပ

ညောင်တုန်း ဇွန် ၂၅

ညောင်တုန်းမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့်ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများနှင့် ဂုဏ်ထူးများရရှိအောင်သင်ကြားပေးသော ဆရာဆရာမ များအားဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၂၃ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ငါးဘာသာဂုဏ်ထူးရှင်များအား ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းက လည်းကောင်း၊ ဂုဏ်ထူး လေးဘာသာနှင့် သုံးဘာသာရရှိသူများအား လွှတ်တော်ကိုယ်စားလှယ်များကလည်းကောင်း၊ နှစ်ဘာသာနှင့်တစ်ဘာသာဂုဏ်ထူးရှင်များနှင့် ဂုဏ်ထူးများရရှိအောင်သင်ကြားပေးသော ဆရာဆရာမများအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားတွင် ငါးဘာသာ ဂုဏ်ထူးရှင် ၂ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၅၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅၈ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၂၄ ဦး စုစုပေါင်းဂုဏ်ထူးရှင် ၅၁၅ ဦးအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်းနှင့် ညောင်တုန်းမြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်တွင် အောင်ချက် ၄၈ ဒသမ ၂၁ ရာခိုင်နှုန်းဖြင့် သတ္တမအဆင့်ရခဲ့ကြောင်း သိရသည်။

ထွန်းကျော်(ညောင်တုန်း)

သတင်းတိုများ

သိပ္ပံနည်းကျ ပေါင်ပျိုးစနစ်စိုက်ပျိုးမှု သရုပ်ပြ

ညောင်ရွှေ ဇွန် ၂၅

ညောင်ရွှေမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း ပုလဲသွယ်စပ်မျိုးစပါးကို သိပ္ပံနည်းကျပေါင်ပျိုးစနစ်ဖြင့် လက်တွေ့ပျိုးထောင်ခြင်းကို ဇွန် ၂၁ ရက်က တိလောကျေးရွာအုပ်စုတွင် ပြုလုပ်ခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်ဝင်းထွန်းက မျိုးစေ့များ အလေအလွင့်နည်းပါးပြီး ပျိုးပင်ကြီးထွားမှု အားကောင်းစေရန် သိပ္ပံနည်းကျပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးမှုကို ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

PSI ဂြိုဟ်တုစလောင်းများ တပ်ဆင်အသုံးပြုသူများပြားလာ

ရှာင် ဇွန် ၂၅

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသည် PSI ဂြိုဟ်တုစလောင်းများ တပ်ဆင်အသုံးပြုသူများပြားလာကြကြောင်း သိရသည်။

PSI ရုပ်မြင်သံကြား ဂြိုဟ်တုစလောင်းသည် တပ်ဆင်ခငွေကျပ် သုံးသောင်းရှစ်ထောင်သာကုန်ကျပြီး ရုပ်သံကြည်လင်ပြတ်သားခြင်း၊ မြန်မာဇာတ်ကားလိုင်းများ ထုတ်လွှင့်ပြသခြင်း၊ မြန်မာသတင်းများ၊ မိုးလေဝသသတင်းများ၊ နိုင်ငံတကာ သတင်းများအပါအဝင် ရုပ်သံလိုင်းပေါင်း တစ်ရာကျော်ကို လစဉ်ကြေးပေးသွင်းစရာမလိုပဲ ကြည့်ရှုနိုင်ခြင်းကြောင့် ပြည်သူများအကြိုက်တွေ့၍ တပ်ဆင်သုံးစွဲသူ များပြားလာကာ အရောင်းဆိုင်များတွင် ပစ္စည်းပြတ်တောက်လျက်ရှိကြောင်း PSI ဂြိုဟ်တုစလောင်းရောင်းချသည့်ဆိုင်များမှ သိရသည်။

ထွန်းထွန်းဝင်း(ရှာင်)

အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)
ဖိတ်ကြားစာ

အိမ်မဲမြို့နယ်အသင်းသည် ဧကာဒသမ(၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အိမ်မဲကျောင်း၊ ၆ ဝိုင်း၊ မြို့ဦးကျောင်းတိုက်၊ သံသုမာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၌ (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက်) ၁၃-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အစီအစဉ်အရ သံဃာတော်အရှင်မြတ်များအား အရုဏ်ဆွမ်း(မုန့်ဟင်းခါး) ဆက်ကပ်ခြင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ နေ့ဆွမ်းကို အိမ်မဲပုစွန်ချဉ်အပါအဝင် ရသာဟင်းအမျိုးမျိုးဖြင့် ဆက်ကပ်လှူဒါန်းခြင်း၊ ကြွရောက်လာသော ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးခြင်း ပြုလုပ်မည်ဖြစ်၍ အားလုံးစုံစုံညီညီ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပါဝင်လှူဒါန်းလိုသူများသည် နာယက ဦးသိန်းလွင် ဖုန်း-၀၉-၄၂၁၁၇၄၇၂၆၊ ဥက္ကဋ္ဌ ဦးမြင့်စိုး ဖုန်း-၀၉-၅၀၁၄၉၄၃၊ အတွင်းရေးမှူး ဦးခင်မောင်သန်း ဖုန်း-၀၉-၅၀၂၈၇၆၇၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်ညွှန့် ဖုန်း-၀၁-၈၅၀၆၅၉၊ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၀၆၂၉၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
အိမ်မဲမြို့နယ်အသင်း
မှတ်ပုံတင်အမှတ် ၁၄၅၈

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄ဘီ၊ မြေကွက်အမှတ် ၁၈ J၊ ၁၈ E၊ မြေကွက်တည်နေရာ ၁၀၇ အီး၊ ဗဟိုလမ်း၊ ကရင်ခြိရပ်ကွက်၊ အလုံမြို့နယ် (ဦးသိန်း၊ ဒေါ်ခင်ခင်ကြီး)အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသိန်းကွယ်လွန်သဖြင့် ဇနီးဖြစ်သူ (၁) ဒေါ်ခင်ခင်ကြီး ၁၂/ဒဂန(နိုင်)၀၀၈၀၇၃၊ (၂) ဒေါ်ခင်သန်းသန်း ၉/မမန(နိုင်)၀၂၄၈၄၇ တို့က သားသမီးများဖြစ်သော (၃) ဒေါ်မိုးစန္ဒာသိန်း ၁၂/ဒဂန(နိုင်)၀၀၈၀၇၅၊ (၄) ဒေါ်နှင်းနှင်းထွန်း ၁၂/ကတတ(နိုင်)၀၁၂၂၀၁၊ (၅) မကြာညိုသင်းပုံ့ ၁၂/ဒဂန(နိုင်)၀၃၅၁၀၆၊ (၆) ဦးမင်းသိန်း ၁၂/ဒဂန(နိုင်)၀၀၈၀၇၉၊ (၇) ဦးမျိုးသိန်း(ခ)မိုဆင် ၉/မမန(နိုင်)၀၂၈၄၄၄၊ (၈) ဒေါ်ယုဇနသိန်း ၁၂/ဒဂန(နိုင်) ၀၀၈၀၇၆၊ (၉) ဦးရဲလွင် ၁၂/ဒဂန(နိုင်)၀၀၈၀၇၇၊ (၁၀) ဦးမြင့်သိန်း ၁၂/ဒဂန(နိုင်)၀၀၈၀၇၄၊ (၁၁) ဦးသန့်ဇင်သိန်း၉/မမန(နိုင်)၀၂၄၈၅၂၊ (၁၂) ဦးလှသိန်း ၉/မမန(နိုင်)၀၂၄၈၅၀၊ (၁၃) ဦးဝင်းသိန်း ၉/မမန(နိုင်)၀၂၄၈၅၁၊ (၁၄) ဒေါ်သူဇာသိန်း ၉/မမန(နိုင်)၀၂၄၈၅၃ တို့က မှတ်ပုံတင်မိတ္တူ၊ သေစာရင်းမိတ္တူ၊ ကျမ်းကျိန်လွှာ တရားမကြီးမှုအမှတ် ၈၇၁/၀၄ တင်ပြ၍ (ပိုင်ဆိုင်+စွန့်လွှတ်)စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၁၀၄၊ (အလျား ၄၅ပေ×အနံ ပေ၆၀)ရှိ ရဲရန်နိုင်လမ်းပေါ်တွင် ဆောက်လုပ်ထားသော အိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးသောင်းတင်(ခ)ဦးကျယ်ပြူး ၁၂/ပဇတ(နိုင်)၀၀၇၉၈၇၊ ဒေါ်ကြည်သန်း ၁၂/ပဇတ(နိုင်) ၀၀၈၂၇၀ အမည်ပေါက် ဂရန်မြေအား အရပ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ဝယ် ဝယ်ယူထားရှိ ပိုင်ဆိုင်အကျိုးခံစားလျက် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးညွှန့်ရွှေ ၁၂/အစန(နိုင်)၁၃၅၂၈၇၊ ဒေါ်မြင့်မြင့်ဆွေ ၁၂/အစန(နိုင်)၁၃၅၄၂၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မူရင်းစာရွက် စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇင်သန့်ဦး LL.B, LL.M,D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၄၄)
တိုက် ၁၃၊ အခန်း ၁၉၊ ကန်တော်လေးအိမ်ရာစခန်း၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၂၀၅၉၁

တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရရှိသော သားသမီးများအတွက် အစည်းအရုံးဝင်များလျှောက်ထားနိုင်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သည့် ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများအား နှစ်စဉ်ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်သည့် အစဉ်အလာရှိပါသည်။ သို့ပါ၍ ၂၀၁၃/၂၀၁၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများ ပူးတွဲပါအချက်များဖြင့် လျှောက်ထားနိုင်ပါသည်။

(၁) မိဘ၏အစည်းအရုံးဝင်ကတ်မိတ္တူ

(၂) သန်းခေါင်စာရင်းမိတ္တူ

(၃) ဂုဏ်ထူးရရှိကြောင်းအမှတ်စာရင်းမူရင်း၊ မိတ္တူတို့နှင့်အတူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ပုံစံလာရောက်ထုတ်ယူနိုင်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် ၄C/၈၇၄၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် BB/7094၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ်7B/4302၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၃၈၅၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မိုးညှင်းမြို့နယ်အတွင်း မိုးရာသီစိုက်ပျိုးစရိတ် သိန်းပေါင်းငါးသောင်းကျော် ထုတ်ချေးမည်

မိုးညှင်း ဇွန် ၂၅

မိုးညှင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၁ စုအတွက် ယခုနှစ်မိုးရာသီစပါးစိုက်စရိတ် ကျပ်သိန်းပေါင်း ငါးသောင်းကျော်ကို မိုးညှင်းမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးရန် လျာထားကြောင်း သိရသည်။

"ကျေးရွာအုပ်စု ၄၁ စုအတွက် စုစုပေါင်း ကျပ်သိန်းပေါင်း ငါးသောင်းခြောက်ထောင်အထိ ထုတ်ချေးဖို့မှန်းထားပါတယ်။ ဇူလိုင်လကုန်အထိအတွင်းမှာ အပြီးထုတ်ချေးပေးမှာပါ။ ဇွန် ၂၃ရက်အထိ ကျေးရွာအုပ်စု ၁၇ ခုက တောင်သူတစ်ထောင်ကျော်ရဲ့ စိုက်ဧက တစ်သောင်းကျော် အတွက် သိန်းပေါင်းတစ်သောင်းကျော် ထုတ်ချေးပြီးပါပြီ"ဟု မိုးညှင်းမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်သွယ်သွယ်စန်းက ရှင်းပြသည်။

ချေးငွေများကို ဇွန် ၆ ရက်က စတင်ထုတ်ချေးပေးခဲ့ပြီး ဇွန် ၂၃ ရက်အထိ ကျေးရွာအုပ်စု ၁၇ စုမှ တောင်သူ ၁၆၉၅ ဦး၏ စိုက်ဧက ၁၀၈၆၂ ဧက အတွက် ချေးငွေကျပ်သိန်းပေါင်း တစ်သောင်းရှစ်ရာကျော်ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးစရိတ်အဖြစ် တောင်သူများအား လယ်တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကာ အတိုးနှုန်းမှာလည်း သက်သာသည့်အတွက် တောင်သူလယ်သမားများအတွက် များစွာအဆင်ပြေကြောင်းနှင့် ချေးငွေရရှိသည့်အတွက် အထွက်တိုးစပါးများ စိုက်ပျိုးနိုင်ရန် အထောက်အကူပြုပြီး ယခုနှစ်တွင် ဆင်းဧကရီ ၃ စပါးမျိုးကို အဓိကထားစိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

မျိုးအောင်(ရွှေရတု)

မြစိမ်းရောင်ကျေးရွာများအတွက် စီမံကိန်းရံပုံငွေများ လွှဲပြောင်းပေးအပ်

ကျောက်ပန်းတောင်း ဇွန် ၂၅

ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၅ ရွာသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရံပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၃ ရက်က မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစိုးနိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊ နည်းပညာ) က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရံပုံငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ကော်မတီအလိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့သွားလာမှု ကုန်ကျစရိတ်များရှိပါက စနစ်တကျသုံးစွဲကာ အသုံးစရိတ်ပြေစာနှင့်တကွ စာရင်းဇယားတိတိကျကျ ထိန်းသိမ်းထားရှိဆောင်ရွက်ရန်နှင့် စီမံကိန်းနှင့်ပတ်သက်သည့် မည်သည့်လုပ်ငန်းမဆို ကော်မတီဝင်အချင်းချင်း ညှိနှိုင်းတိုင်ပင်ဆောင်ရွက်လုပ်ကိုင်သွားကြရန် မှာကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် ရံပုံငွေကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၏ မေးမြန်းချက်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး၊ မြစိမ်းရောင်ရံပုံငွေများကို မြို့နယ်ဦးစီးမှူးဦးစိုးနိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် ရံပုံငွေကြီးကြပ်ရေး ကော်မတီဝင်များက လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။ အခမ်းအနားသို့ ကျောက်ပန်းတောင်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေး၊ မဲဆန္ဒနယ်အမှတ်(၂)မှတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်၊ မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးဘိုကျော်၊ ကော်မတီအဖွဲ့ဝင် ဦးလှဌေး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှမြို့နယ်ဦးစီးမှူးဒေါက်တာကျော်ဝင်း၊ ပျားမွေးမြူရေးဦးစီးဌာနမှ ဦးစောဦး၊ ထွေ/အုပ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးလှိုင်မိုး၊ စီမံကိန်းဝင် ကျေးရွာငါးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရံပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ သစ်တိန်းကျေးရွာမှ ရံပုံငွေ ကြီးကြပ်ရေးကော်မတီဝင် မဌေးဌေးရီက စီမံကိန်းရံပုံငွေများကို ကျေးရွာများမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သည့် ရွာသားများအား ထုတ်ချေးသွားမည်ဟု ပြောသည်။

နေအောင်(ပြန်/ဆက်)

သတင်းတိုများ

အစာအဆိပ်သင့်၍ ကလေးတစ်ဦးသေဆုံး

နတ်တလင်း ဇွန် ၂၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ သာစည်ရပ်ကွက်မူလတန်းကျောင်းတွင် ဇွန် ၂၃ရက်က ကျောင်းသားတစ်ဦး သွေးအန်သေဆုံးကြောင်း သတင်းအရ နတ်တလင်းမြို့မရဲစခန်းမှ သွားရောက်စစ်ဆေးရာ တတိယတန်းမှ ကျောင်းသား မောင်ပြည့်ဖြိုးအောင် အသက်(၈နှစ်)သည် စာသင်ခန်းအပြင်ရှိ ရေသန့်ဘူးစင်မှ ရေကိုသောက်ပြီး စာသင်ခန်းထဲသို့ပြန်အရောက်တွင် သွေးအန်သည်ကို တွေ့ရသဖြင့် နတ်တလင်းဆေးရုံသို့ တင်ပို့စဉ် သေဆုံးသွားကြောင်းသိရ၍ သေမှုသေခင်းအမှတ် ၉/၂၀၁၄ဖြင့် အမှုဖွင့်ထားပြီး ဓမ္မတာအတိုင်း သေဆုံးမှုဟုတ်မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**

ပဲတီစိမ်းမြန်မာမျိုး အထွက်နှုန်းကောင်း

မြင်းမူ ဇွန် ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သော ပဲတီစိမ်း မြန်မာမျိုးရေဆင်း(၁၁)များသည် အထွက်နှုန်းကောင်းမွန်သဖြင့် စိုက်ပျိုးသော မြင်းမူမြို့နယ်မှ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ မြင်းမူမြို့နယ် ကန်ဖျားကျေးရွာရှိ စိုက်ပျိုးမြေဧက ၃၅၀ တွင် ပဲတီစိမ်းမြန်မာမျိုးရေဆင်း (၁၁)များကို ယခုနှစ်စိုက်ပျိုးခဲ့ရာ အထွက်တိုးအောင်မြင်ကြောင်းနှင့် တစ်ဧကလျှင် ပဲတီစိမ်း ၂၅ တင်းအထိ အထွက်တိုးကာ လက်ရှိပေါက်ဈေးအရ တစ်ဧကလျှင် ငွေကျပ် ကိုးသိန်းခွဲ ရရှိ၍ ဒေသခံတောင်သူများ ဝင်ငွေတိုးပြီး စီးပွားရေး အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။ စိုက်ခင်းများအထွက်တိုးရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **အောင်စိုးဖေ(IPRD)**

မဒေါက်မြို့တွင် ပညာတံခွန်ကျောင်း စာကြည့်တိုက်ဖွင့်

မဒေါက် ဇွန် ၂၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့တွင် ပညာတံခွန်ကျောင်း စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၂၃ ရက်က ကျင်းပခဲ့ရာ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များနှင့် အငြိမ်းစား ဆရာ ဆရာမကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အလှူရှင်များက ကွန်ပျူတာ၊ အားကစားပစ္စည်းများ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့သည်။ ကျောင်းစာကြည့်တိုက်ကို အလှူရှင် ဗိုလ်ကြီးခင်ဝင်းမိသားစုက မတည်၍ အခြားစေတနာရှင်များစုပေါင်းကာ ကျပ်သိန်း ၈၀ကျော် အကုန်အကျခံဆောက်လုပ်လှူဒါန်းခဲ့သည်ဟု သိရသည်။ **နေလင်း(ညောင်လေးပင်)**

အင်းစိန်တွင် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့

ရန်ကုန် ဇွန် ၂၅

သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို အင်းစိန်မြို့နယ် စာရေးဆရာအသင်းရုံး ခန်းမဆောင်တွင် ဇွန် ၂၁ ရက်က ကျင်းပခဲ့ရာ သက်ကြီးစာပေပညာရှင်ကြီးများအား အင်းစိန်မြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာများက ငွေကြေးနှင့် အသုံးအဆောင်များ ပူဇော်ကန်တော့ခဲ့ကြကြောင်းသိရသည်။ **မြင့်ဦး(အင်းစိန်)**

နေရာကောင်းတိုက်ခန်းရောင်းမည် (ပေကျယ်)

စမ်းချောင်းမြို့နယ်၊ အဆင့်မြင့်ပြင်ဆင်ပြီး အသင့်နေရုံတိုက်ခန်းများ

၁။ ကျွန်းတောလမ်းမ၊ ပေ(၂၀×၅၅)၊ တတိယထပ်၊ ပြင်ပြီး(သန့်)၊	၁၁၅၀	သိန်း
၂။ သရက်တောလမ်း၊ ပေ(၂၅×၅၀)၊ တတိယထပ်၊ ပြင်ပြီး(သန့်)၊	၁၀၅၀	သိန်း
၃။ ညောင်တုန်းလမ်း၊ ပေ(၂၅×၅၀)၊ ပဉ္စမထပ်၊ ပြင်ပြီး(သန့်)၊	၉၅၀	သိန်း
၄။ သီရိလမ်း၊ ပေ(၂၅×၅၀)၊ ပဉ္စမထပ်၊ ပြင်ပြီး(သန့်)	၇၃၀	သိန်း
၅။ ဦးစံညွှန့်လမ်း၊ ပေ(၁၆×၅၀)၊ ပဉ္စမထပ်၊ ပြင်ပြီး(သန့်)	၅၉၀	သိန်း

(ညှိနှိုင်းဈေး၊ ညှိနှိုင်းငွေပေးချေနိုင်၊ ပွဲစားမလိုပါ)

ဆက်သွယ်ရန်ဖုန်း-၀၉-၃၀၂၂၅၉၅၈၊ ၀၉-၇၃၁၅၆၄၉၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအနောက်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၂၉၃/ခနေ ဒေါ်သီဂီထွန်း ၁၂/ဆကခ(နိုင်)၀၁၅၁၇၄၏ ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/၃၄၊ လူနေရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၇၉၃/ခ၊ ဧရိယာစတုရန်းပေ ၁၂၀၀၊ အကျယ်အဝန်း (အလျားပေ၂၀ × အနံပေ ၆၀)ရှိ ဦးသိန်းဝင်းအမည်ပေါက် နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၇၉၃/ခ၊ ရေကြည်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်းခင်းအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ်ဖြင့်ဝယ်ယူခဲ့ပြီး လက်ဝယ်ပိုင်ဆိုင်နေထိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူဝန်ခံကတိပြုသူ ဒေါ်အေးအေးသင်း ၁၁/မတန(နိုင်)၀၁၂၆၈၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီဂီထွန်း ၁၂/ဆကခ(နိုင်)၀၁၅၁၇၄က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ၂၁-၆-၂၀၁၄ ရက်တွင် ပေးချေပြီးဖြစ်၍ မည်သူမဆို ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ-

ဒေါ်ချယ်ရီအောင် LL.B, D.B.L, D.I.L, D.M.L

အထက်တန်းရှေ့နေ (စဉ်-၃၈၉၉၀)

အမှတ် ၄၂၊ စမ်းရေတွင်းလမ်း၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၄၆၆၅၀၊ ၀၉-၂၅၄၀၀၈၅၀၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၀၊ မြေကွက်အမှတ် ၈၂၈၊အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးအောင်ဝင်း PGN-၀၉၃၅၄၀ အမည်ဖြင့် မှတ်သားတည်ရှိသောမြေကွက်ဖြစ်ပြီး မူလပိုင်ရှင်ထံမှ နှစ်ဦးသဘောတူကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ချောဆင့် ၁၂/ဥကတ(နိုင်)၀၄၆၇၇၃ မှ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေထံ ရောင်းချရန် စကားကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်ရောင်းကြေး တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စအား ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာ ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယဉ်ယဉ်ကြည် LL.B အထက်တန်းရှေ့နေ(စဉ်-၃၀၀၂၂)

အမှတ် ၈၆၅၊ သရေခေတ္တရာ ၂၂ လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/5940 Mazda Titan S4F6TL L/T (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်တင့် ၁၂/ဗဟန(နိုင်)၀၅၀၂၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

အမွေပြတ်စွန့်လွှတ်ကြောင်း

နေပြည်တော် လယ်ဝေးမြို့၊ အမှတ်(၂)၊ အောင်ဇေယျရပ်ကွက် (ဦးနေဝင်းမောင်)-ဒေါ်ကြူကြူအေး ၉/လဝန(နိုင်)၀၃၃၆၆၁ တို့၏သား မောင်ကောင်းသော်ဟိန်း(ခ)ဟိန်းသူရ ၉/လဝန(နိုင်)၁၆၁၇၉၃ ကို အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ဒေါ်ကြူကြူအေး

ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/5830 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊

ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ယ/၉၃၄၅၂ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းလှိုင် ၁၄/ကကန(နိုင်)၀၄၃၂၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သုံးခွမြို့၊ အမှတ်(၁)ရပ်ကွက်၊ မြို့မအုပ်စု၊ အကွက်အမှတ် (၂၀)၊ ကျောင်းကွက်၊ ဦးပိုင်အမှတ် (၈၇/က)၊ ဧရိယာဧက ၀ ဒသမ၁၅၀၊ အရှေ့လားသော်-မြူနီစပ္ပါယ်လမ်း၊ အနောက်လားသော်-အနော်ရထာလမ်း၊ တောင်လားသော်-ဒေါ်အုန်းမြင့်၏ခြံမြေ၊ မြောက်လားသော်- ရိုးမြောင်း၊ ယင်းနယ်လေးရပ်ပိုင်းခြားသတ်မှတ်ထားသည့် ဧရိယာအတွင်းရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မူလအမည်ပေါက်ပိုင်ဆိုင်သူများထံမှ ဦးထွန်းအောင် TGA-၀၀၈၆၇၉ (ပညာရေးမှူးရုံး၊ အငြိမ်းစား)က လွန်ခဲ့သော နှစ်ပေါင်း ၆၀ခန့်မှစ၍ အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ သုံးခွမြို့၊ အမှတ် (၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အိမ်အမှတ်(၂၁)ဟုခေါ်တွင်သော သွပ်မိုး၊ ပျဉ်ထောင်နေအိမ်အဆောက်အအုံကိုဆောက်လုပ်၍ စဉ်ဆက်မပြတ် နေထိုင်ပိုင်ဆိုင်ခဲ့ပါသည်။ ဦးထွန်းအောင်သည် လွန်ခဲ့သော ၁၉၉၁ ခုနှစ်က ကွယ်လွန်သွားခဲ့ရာ ဦးထွန်းအောင်၏တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူ ဒေါ်တင်ရီ ၁၂/သခန(နိုင်)၁၀၃၃၇၀ က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိသူဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုပြီး ဂရန်အမည်ပြောင်း၊ သက်တမ်းတိုးလျှောက်ထားမည်ဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်စိုး LL.B (အထက်တန်းရှေ့နေ) (စဉ်-၂၂၂၇၇)

အမှတ် ၄၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ သုံးခွမြို့

ဖုန်း-၀၉-၄၂၀၀၂၃၅၈၁၊ ၀၉-၃၂၂၃၂၆၅၆

ရန်ကုန်-မူဆယ် ကုန်တင်ပို့ခ ကုန်ကျစရိတ်မြင့်တက်ဟု ကုန်သည်များဆို

ရန်ကုန် ဇွန် ၂၅

ရန်ကုန်နှင့် မူဆယ်ကြား ခရီးတစ်မိုင်အတွက် ကုန်တင်ပို့ခ ကုန်ကျစရိတ်သည် ရန်ကုန်မြို့တွင်း ဘုရင့်နောင်ပွဲရုံနှင့် ရန်ကုန်ဆိပ်ကမ်းကြား ခရီးတစ်မိုင်အတွက် ကုန်တင်ပို့ခကုန်ကျစရိတ်၏ သုံးပုံတစ်ပုံနီးပါးအထိ မြင့်တက်နေကြောင်း ဘုရင့်နောင်ပွဲရုံ ကုန်သည်များထံမှ သိရသည်။

"ရန်ကုန် မူဆယ်လမ်း မိုင် ၇၀၀ ခရီးမှာ လမ်းတံတားကြေးပေးရတာတွေက ကုန်ကားတစ်စီး အသွားအပြန်လေးသိန်းနီးပါးရှိတယ်။ ကားခရဲ့ ၁၅ ရာခိုင်နှုန်းလောက်ကို လမ်းတံတားကြေးပေးရတော့ ကုန်တင်ပို့ခစရိတ်လည်း ကြီးတယ်၊ ဆန်တစ်အိတ်ဆိုရင် တစ်မိုင်ကို ခုနစ်ကျပ်နှုန်းလောက် ကျနေတယ်၊ ရန်ကုန်မြို့တွင်းမှာတောင်မှ ကုန်တင်ပို့ခ ကုန်ကျစရိတ်က ဆန်တစ်အိတ်ကို တစ်မိုင်ကို ၂၀ လောက်ပဲ ကျတယ်"ဟု အဝေးပြေးကုန်ကားပိုင်ရှင်တစ်ဦးက ပြောသည်။

ကုန်တင်ကားများ၏ ယာဉ်+ကုန် တန်ချိန်သတ်မှတ်ချက်ကြောင့်လည်း ကုန်ကျစရိတ်ပိုမိုများပြားနေခြင်းဖြစ်ကာ ၆ဘီးကားတစ်စီးလျှင် ၁၆တန်နှင့် ၁၂ ဘီးကား တစ်စီးလျှင် ၂၇ တန်သာ တင်ဆောင်ရကြောင်း၊ ကုန်ကားများအနေဖြင့် ၆ဘီးကားတစ်စီးလျှင် တန် ၃၀အထိနှင့် ၁၂ ဘီးကားတစ်စီးလျှင် ၄၅ တန်အထိ တင်ဆောင်နိုင်ကြောင်း အဝေးပြေးကုန်ကားမောင်းသူတစ်ဦးက ပြောသည်။

ရန်ကုန်-မူဆယ်လမ်းကြောင်း ကုန်တင်ပို့သူများအနေဖြင့် ယာဉ်+ကုန် သတ်မှတ်ချက်ကို ဖြေလျှော့ပေးရန်နှင့် လမ်းတံတားကြေးကောက်ခံမှုကို လျှော့ချပေးစေလိုကြောင်းသိရပြီး ရန်ကုန်မြို့တွင်း ကုန်ကျစရိတ်၏ လေးပုံတစ်ပုံနှုန်း(ဆန်တစ်အိတ် တမိုင်လျှင် ငါးကျပ်နှုန်း)အထိ လျှော့ချနိုင်မှ အဆင်ပြေမည်ဖြစ်ကြောင်း ကုန်သည်များ၏ ပြောကြားချက်အရ သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသမှ ဆန်ကုန်သည်များအနေဖြင့် မန္တလေး၊ ပခုက္ကူဒေသများသို့ ဆန်တင်ပို့ရာတွင် ရေလမ်းမှတင်ပို့ပါက ဆန်တစ်အိတ်ကုန်ကျစရိတ်မှာ ကျပ်တစ်ထောင်ခန့်သာရှိသော်လည်း အချိန်ကြာမြင့်မှုကြောင့် ကုန်းလမ်းကိုသာ အများဆုံးအားကိုး၍ ပို့ကြကြောင်းနှင့်၊ မြစ်ဝကျွန်းပေါ်မှ ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်ဆိပ်ကမ်းမှ ဘုရင့်နောင်ပွဲရုံ၊ ဘုရင့်နောင်ပွဲရုံမှတဆင့် ကားဖြင့်တင်ပို့လျှင် ကုန်ကျစရိတ် ကျပ်နှစ်ထောင်ခန့်ပို၍ ကုန်ကျလာကြောင်း သိရသည်။

ခင်ဆိုင်

ဆိုင်ကယ်ခိုးယူသူအား ဖမ်းမိ

ပျဉ်းမနား ဇွန် ၂၅

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်တွင် ဆိုင်ကယ်ခိုးယူသူတစ်ဦးအား ပျဉ်းမနားရဲစခန်းက ဇွန် ၂၃ ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဇွန် ၂၃ ရက်က နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နေပြည်တော်နယ်မြေအတွင်း ဆိုင်ကယ်ခိုးယူမှုအား သတင်းစုံစမ်းနေစဉ် ပျဉ်းမနားမြို့ နတ်သူရဲကျေးရွာအုပ်စု ကြံဘိုစုကျေးရွာနေ ဇော်မျိုးဝင်း(၁၉ နှစ်) ဆိုင်ကယ်ကယ်ရီမောင်းနှင်သူသည် ဆိုင်ကယ်ခိုးယူမှုကျူးလွန်ထားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ဇော်မျိုးဝင်းသည် လွန်ခဲ့သော နှစ်လခန့်က Genubo စာတမ်းပါ အနက်ရောင်ဆိုင်ကယ်တစ်စီးအား နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နေ မျိုးမြင့်ဦး ပိုင်ဆိုင်သော ဆိုင်ကယ်ဖြင့် အလဲအထပ်ပြုလုပ်ထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံဆိုင်ကယ်အား သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်ကယ်အား ဇော်မျိုးဝင်းက ပိုင်ဆိုင်ကြောင်းအထောက်အထားမပြနိုင်ဘဲ ခိုးယူလာသည်ဟု မသင်္ကာဖွယ်ဖြစ်သဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး ဇော်မျိုးဝင်းအား အရေးယူပေးရန် ရဲအုပ်သောင်းလွင်က ပျဉ်းမနားရဲစခန်းသို့ တိုင်တန်းခဲ့ပြီး ပြစ်မှုပုဒ်မ ၃၇၉/မဆဖြင့် အမှုဖွင့်ကာ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပိုင်ရှင်မဲ့မော်တော်ယာဉ်တစ်စီး သိမ်းဆည်းရမိ

ရန်ကုန် ဇွန် ၂၅

ကြည့်မြင်တိုင်မြို့နယ်တွင် ပိုင်ရှင်မဲ့မော်တော်ယာဉ်တစ်စီးကို ဇွန် ၂၀ ရက်က တွေ့ရှိရ၍ သိမ်းဆည်းထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ သိရသည်။

ကြည့်မြင်တိုင်မြို့နယ် ဦးဝိစာရလမ်း၊ အမှတ်(၁၀) နေအိမ်ရှေ့တွင် ၁ ဃ/ xxxx Mark II အဖြူရောင်(ပိုင်)ယာဉ် တစ်စီးရပ်ထားကြောင်း ကြည့်မြင်တိုင်ရဲစခန်းသို့ ဇွန် ၂၀ရက်က ဖုန်းဆက်အကြောင်းကြားသဖြင့် ရဲအုပ်နိုင်ထွန်းလင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးအောင်စိုးမင်းနှင့်အဖွဲ့တို့က သွားရောက်စစ်ဆေးခဲ့ကြရာ ဝဲဘက်ပါးခြမ်းပိန့်ချိုင့် ယာဘက်ရှေ့ပါးခြမ်းဆေးပွန်းနေသော မော်တော်ယာဉ်အား တွေ့ရှိခဲ့ကြောင်းနှင့် အနီးပတ်ဝန်းကျင်တွင် ပိုင်ရှင်အားစုံစမ်းရှာဖွေသော်လည်း မတွေ့ရှိသဖြင့် သက်သေများရှေ့တွင် ပိုင်ရှင်မဲ့သိမ်းဆည်းခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ တရားဝင် လိုင်စင်ရှိ မရှိ တိုက်ဆိုင် စစ်ဆေးဆောင်ရွက်ပြီး စိစစ်ပြန်ကြားချက်ရရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုးဝင်း(SP)

မသန်စွမ်းနှင့် သက်ကြီးအဖွဲ့ဝင်များအား ဝေါမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အလှူငွေများထောက်ပံ့

ဝေါ ဇွန် ၂၅

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးတွင် သက်ကြီးအဖွဲ့ဝင်များနှင့် မသန်စွမ်းအဖွဲ့ဝင်များအား အလှူငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။

ဇွန် ၂၄ ရက်က ကျင်းပခဲ့သော ဝေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှစ်ပတ်လည်အစည်းအဝေးတွင် သက်ကြီးအဖွဲ့ဝင် ၁၂ဦးအား အလှူငွေကျပ် ၁၇၀၀၀၀ နှင့် မသန်စွမ်းအဖွဲ့ဝင် ၂၀ ဦးတို့အား ငွေကျပ် ၂၂၀၀၀၀ တို့ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့နှင့် အလှူရှင်များက ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးကို ဝေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးတွင် ကျင်းပခဲ့ပြီး အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားကာ အတွင်းရေးမှူးက နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက်အစည်းအဝေးဆက်လက်ကျင်းပရာ ဆုံးဖြတ်ချက် ၂ရပ်၊ အတည်ပြုခြင်း ၁ ရပ်၊ မှတ်တမ်းတင်ခြင်း ၃ရပ်ကို ချမှတ် ဆုံးဖြတ်နိုင်ခဲ့ကြောင်းနှင့် အစည်းအဝေးသို့ ဝေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၁၀ ဦးတက်ရောက်ခဲ့ကာ အဖွဲ့ဝင်များကလည်း အလှူငွေကျပ် ၃၀၂၅၀၀ ကိုထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထွန်းလွင်

< သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ >

မူးယစ်ဆေးဝါးပညာပေးနှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးရေး မြေစိုက်ပိုစတာများ စိုက်ထူ

နတ်တလင်း ဇွန် ၂၅

မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်သုံးစွဲမှု အသိပညာပေးခြင်းနှင့် လူကုန်ကူးမှုအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးအတွက် မြေစိုက်ပိုစတာများ စိုက်ထူပွဲကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့တွင် ဇွန် ၂၂ ရက်က ကျင်းပခဲ့သည်။

မြေစိုက်ပိုစတာများကို နတ်တလင်းမြို့ ရွာမရပ်ကွက် မြို့မရဲစခန်းအနီး ရန်ကုန်-ပြည်လမ်းဘေးတွင် စိုက်ထူခဲ့ခြင်းဖြစ်ကာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးအောင်သန်းတို့က ပိုစတာ စိုက်ထူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရဲတပ်ဖွဲ့ဝင်မိသားစုများ၊ မြို့ပေါ် ၄ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အပါအဝင် အင်အား ၁၀၀ ခန့် တက်ရောက်ကြသည်။

တင်မြင့်(နတ်တလင်း)

ကျောင်းထောက်ပံ့ကြေးအစီအစဉ်များ ဆွေးနွေး

အိမ်မဲ ဇွန် ၂၅

ကျောင်းထောက်ပံ့ကြေးများ ထောက်ပံ့စမ်းသပ် အစီအစဉ် အကောင်အထည်ဖော်ရေး မြို့နယ်အဆင့် လုပ်ငန်းဆွေးနွေးပွဲကို ဇွန် ၂၃ ရက်က အိမ်မဲမြို့၊ အိမ်မဲ အ. ထ. က၊ ရွှေသီလာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးလှထွန်းက အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ပညာရေးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးဦးလှသန်းနှင့် မြောင်းမြခရိုင် ပညာရေးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆယ်လီလှိုင်တို့က ကျောင်းထောက်ပံ့ကြေးကိစ္စများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြန်ရောင်းမည်။

• တ/၃၊ ဝေဇယန္တာလမ်းကျောက် (20' × 60')

1BR ရေ၊ မီး ဂရန် 1BN – 1800 သိန်း

(ရပ်ကွက်သန့်၊ နေရာအလွန်ကောင်း)

ဖုန်း – 09 421019755, 09 420253713

ဖခင်အမည်မှန်

မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့နယ်(ခွဲ)၊ အထက၊ ဝမ်ကန်၊ တက္ကသိုလ်ဝင်တန်း (ဂ) မှ မထွေးမွန်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးဟိန်းရှု ၉/မကန(နိုင်)၀၃၆၀၈ ဖြစ်ပါကြောင်း။

ဦးဟိန်းရှု

ဖခင်အမည်မှန်

အထက၊ တောင်နီ သတ္တမတန်း(C) မှ မောင်အောင်ဇော်လင်းနှင့် အဋ္ဌမတန်း(C)မှ မသီတာအေး(၂) တို့၏ ဖခင်အမည်မှန်မှာ ဦးရန်ရှိန်ရှိန်ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၄၆၇၁ ဟွန်ဒါဒရင်း ၁၂၅၊ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသီဟ ၁၃/ကပန(နိုင်)၀၀၈၅၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(တောင်ကြီး)

ဖောင်းကြပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဧ/၅၁၅၅၈၏ ဖောင်းကြနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ကြီးခရိုင်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆၂

ဒေါ်စန္ဒာ(ခ)ဒေါ်ရှုလာ နှင့် ဒေါ်နန်းဆိုင်နန်း

တရားလို တရားပြိုင်

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် မ/၂၁နေ ဒေါ်နန်းဆိုင်နန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန္ဒာ(ခ)ဒေါ်ရှုလာက စုကြေးငွေကျပ် ၂၂၇၆၇၆၀၀ (ကျပ်သိန်းနှစ်ထောင်နှစ်ရာ ခုနှစ်ဆယ့်ခြောက်သိန်း ခုနစ်သောင်းခြောက်ထောင်တစ်ရာရှစ်ဆယ်ကျပ်တိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည့်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ဖြေဆိုပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ဖြေဆိုပြောဆိုနိုင်သူ တစ်ဦးဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေရန်အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်ပေးလိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းကြွေ)

ခရိုင်တရားသူကြီး

တောင်ကြီးခရိုင်တရားရုံး

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုဓမ္မာ ၁၀ လမ်း၊ အမှတ် ၄၁၅ နေအိမ်မြေနှင့်ပတ်သက်၍ ဒေါ်ခိုင်ခိုင်ဌေးနှင့်

သက်ဆိုင်သူများ သိစေရန်

အထက်ပါနေရပ်လိပ်စာရှိ ဦးအုန်းမောင်အမည်ပေါက် အကျယ်အဝန်း ပေ၈ရိုက် (၂၅ပေ×ပေ၅၀)မြေနှင့် မြေပေါ်ရှိ နေအိမ်အပေါ် အကျိုးစီးဆောင်အားလုံးကို သည် ဖခင် ဦးအုန်းမောင်နှင့် မိခင်ဒေါ်ထွေးတို့ကွယ်လွန်ပြီးနောက် သားအရင်းနှစ်ဦးဖြစ်သည့် ဦးလှမြင့်(ကွယ်လွန်)နှင့် ကျွန်ုပ်တို့၏အဖမှာ ဦးလှမြင့် ၁၂/မရက(နိုင်)၀၆၉၅၂၄ မြန်မာ့လေကြောင်းလိုင်းဒေသအရ အမွေဆက်ခံပိုင်ဆိုင်သည့် အိမ်နှင့်မြေဖြစ်ပါသည်။

ကျွန်ုပ်တို့၏အမွေသည် ဦးလှမြင့်မှ အထက်ပါ နေအိမ်မြေနှင့်ပတ်သက်၍ မြောက်ဥက္ကလာပမြို့နယ် တရားရုံးတွင် တရားမကြီးမှုအမှတ်(၁၄၀/၂၀၁၂)ဖြင့် ဒေါ်ခိုင်ခိုင်ဌေး ဒေါ်တင်နွဲ(ဦးအုန်းမြင့်၏ဇနီး)တို့အပေါ် အမွေပုံမှုဖြင့် စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့ရာ တရားရုံးတော်မှ ဦးလှမြင့်သည် ကွယ်လွန်သူ၏တရားဝင် ကျားရစ်သည့် အမွေပုံမှုဖြစ်ကြောင်း ဒီကရီ ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏အမွေသည် ဦးလှမြင့်၏ အတိအလင်းသဘောတူညီချက်မရှိဘဲ အဆိုပါနေအိမ်မြေကို ၎င်းရောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းလှူဒါန်းခြင်းအပါအဝင် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း(လုံးဝ)မပြုလုပ်ရန် ဒေါ်ခိုင်ခိုင်ဌေးနှင့် သက်ဆိုင်သူများ သိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ ဦးလှမြင့် | လွှဲအပ်ညွှန်ကြားချက်အရ- ဦးကိုလေး B.A, H.G.P, R.L, D.I.L (တရားလွှတ်တော်ရှေ့နေ) ဖုန်း-၀၉-၄၃၀၇၀၄၃၃ | ဒေါ်သက်လှသာမြင့် LL.B, D.B.L, D.I.L (တရားလွှတ်တော်ရှေ့နေ) ဖုန်း-၀၉-၄၉၁၁၀၆၆၀

အမှတ်(၅)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်(တရားရုံးအနီး)၊ ရန်ကုန်တိုင်းဒေသကြီး

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်အောင်ကိုဇင်၏ ပတ်စ်ပို့ M-၇၉၆၁၇၂မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

အောင်ကိုဇင် ဖုန်း-၀၉-၂၅၆၂၂၂၀၂၄

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၅၄၅၀၊ Multi Purpose M/B ယာဉ်လက်ဝယ်ရှိသူ ဦးစံလင်း ၁၂/ကတတ(နိုင်)၀၀၀၉၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်နှင့် မန္တလေး၌ ၂၀၁၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (M.Med. Tech)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
၁။	ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ဓာတ်ခွဲနည်းပညာ)	(၂) နှစ်	ရန်ကုန်/မန္တလေး
၂။	ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ခန္ဓာသန်စွမ်းမှုနည်းပညာ)	(၂) နှစ်	ရန်ကုန်/မန္တလေး
၃။	ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)	(၂) နှစ်	ရန်ကုန်/မန္တလေး

၂။ **လိုအပ်သောအရည်အချင်း**

(၁) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိထားသူဖြစ်ရမည်။

(၂) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက် မကြီးသူဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဗေယျ) (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အခြေခံဝန်ထမ်းလောင်း(အငယ်တန်း)သင်တန်း (သို့မဟုတ်) အရာထမ်းငယ် အခြေခံသင်တန်း တက်ပြီးသူဖြစ်ရမည်။

(**ခြွင်းချက်** ။ လျှောက်လွှာပိတ်သည့်ရက်တွင် ဝန်ထမ်းလောင်းသင်တန်းတက်ရောက်နေသူဖြစ်ပါက ရေးဖြေဖြေဆိုမည့်ရက်တွင် သင်တန်းဆင်းလက်မှတ်တင်ပြနိုင်သူဖြစ်ရမည်။)

၃။ လျှောက်လွှာပိတ်ရက်မှာ ၁၅-၈-၂၀၁၄ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို **ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်**သို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၁၈-၉-၂၀၁၄ရက် (ကြာသပတေးနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၁၀၉၂၅ သို့ ပေးသွင်းရမည်။

(**မှတ်ချက်** ။ မြို့နယ်မြန်မာစီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ဆေးသိပ္ပံပညာဦးစီးဌာန ငွေစာရင်းအမှတ် MD-၀၁၀၉၂၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ပြည်နယ်/တိုင်း/ခရိုင် ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ၂၀၁၅ ပညာသင်နှစ်တွင်ဖွင့်လှစ်မည့် အောက်ဖော်ပြပါ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ အမြဲတမ်းဝန်ထမ်း သွားဘက်ဆိုင်ရာဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
၁။	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ) M.D.Sc(Oral Biological Science)	(၂)နှစ်	ရန်ကုန်
၂။	သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့် မျက်နှာမေးရိုးခွဲစိတ်ကုပညာ) M.D.Sc(Oral and Maxillofacial Surgery)	။	ရန်ကုန်/မန္တလေး
၃။	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (မေးရိုးနှင့်ခံတွင်းဆေးပညာ) M.D.Sc(Oral Medicine)	။	ရန်ကုန်/မန္တလေး
၄။	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားရောဂါကုဆေးပညာ) M.D.Sc(Conservative Dentistry)	။	ရန်ကုန်/မန္တလေး
၅။	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားတုဆေးပညာ) M.D.Sc (Prosthodontics)	။	ရန်ကုန်/မန္တလေး
၆။	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာ) M.D.Sc (Preventive and Community Dentistry)	။	ရန်ကုန်/မန္တလေး
၇။	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားဖုံးရောဂါကုပညာ) M.D.Sc (Periodontology)	။	ရန်ကုန်/မန္တလေး
၈။	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ကလေးသွားကျန်းမာရေးပညာ) M.D.Sc (Paediatric Dentistry)	။	ရန်ကုန်/မန္တလေး
၉။	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားညှိကုပညာ) M.D.Sc (Orthodontics)	။	ရန်ကုန်/မန္တလေး

၂။ **လိုအပ်သောအရည်အချင်း**

(၁) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် ဘီဒီအက်စ်ဘွဲ့ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(၂) ဘီဒီအက်စ်ဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက် မကြီးသူဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဗေယျ) (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း (အကြိုဗေယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်း(ဆရာဝန်) သင်တန်းတက်ပြီးသူဖြစ်ရမည်။

(**ခြွင်းချက်** ။ လျှောက်လွှာပိတ်သည့်ရက်တွင် ဝန်ထမ်းလောင်းသင်တန်းတက်ရောက်နေသူဖြစ်ပါက ရေးဖြေ ဖြေဆိုမည့်ရက်တွင် သင်တန်းဆင်းလက်မှတ်တင်ပြနိုင်သူဖြစ်ရမည်။)

၃။ လျှောက်လွှာပိတ်ရက်မှာ ၁၅-၈-၂၀၁၄ ရက် (သောကြာနေ့)ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို **ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်**သို့ ပေးပို့လျှောက်ထားရမည်။

စဉ်-၁၂၀၃	**စဉ်-၆၄၆၂**	**စဉ်-၃၉၂၀၁**
တရားလွှတ်တော်ရှေ့နေများ		**အထက်တန်းရှေ့နေ**

အမှတ် ၃၁/၃၃(စတုတ္ထထပ်)၊ ၃၅ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၂၀၂၇၄၀၊ ၀၉-၅၁၅၆၅၁၄

ဦးနှင်းဆက်ရွှေ (၁၂/တဆန(နိုင်)...) အား အမည်ပေါက်မြေကွက်ကြေညာခြင်း

သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်(၇၄)ရှိ နှစ်ခန်းတွဲ(၃½)ထပ်တိုက်အဆောက်အအုံ၏ ပထမထပ်သုံးလွှာ၊ ခေါင်းရင်းခန်း၊ ပေ(၁၂½×၅၀) တိုက်ခန်းအားဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်။

အထက်ပါ တိုက်ခန်းမအား စာချုပ်အဆက်အစပ်များဖြင့် တရားဝင်နေထိုင် ပိုင်ဆိုင်သူ ဒေါ်ယဉ်ယဉ်နု ၁၂/သဃက(နိုင်)၁၆၁၇၁၅၊ ဒေါ်မိုးသူဇာ ၁၂/သဃက(နိုင်)၁၇၀၀၂၈နှင့် မသဇင်နှင်း(ကိုယ်စား) ဒေါ်မြင့်မြင့်ကြည် ၁၂/သဃက(နိုင်)၀၉၅၁၇၁တို့ထံမှ အပျောက်စနစ်ဖြင့် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးဘုန်းမြင့်(ငါးသိုင်းချောင်း)LL.B
တရားလွှတ်တော်ရှေ့နေ(၃၁၄၈/၈၅)၊
Japan Tokyo 4 years, Legal Consultant
အမှတ် ၂၂၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်၊
ဖုန်း-၀၉-၄၂၀၇၁၀၈၈၈၊ ၀၉-၄၂၀၇၂၆၉၉၉၊ ၀၉-၄၂၀၇၃၀၃၁၁
E.mail: hponemyint007@gmail.com

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဒ ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဘိုကလေးမြို့နယ်တရားမရုံး၌
၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၅

ဦးကျော်ဇင်ဝင်း	နှင့်	ဦးကျော်သူစိုး
တရားလို		**တရားပြိုင်**

ဘိုကလေးမြို့၊ အောင်သပြေ ၅လမ်း၊ (၈)ရပ်ကွက်နေ ဦးကျော်သူစိုး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးကျော်ဇင်ဝင်းက ငွေကျပ် ၂၀၀၀၀၀၀ိ/ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ်၊ ဇူလိုင်၂ရက်(၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ ဇွန် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သဇင်စိုး)
မြို့နယ်တရားသူကြီး
ဘိုကလေးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကြော်ငြာကဏ္ဍ

ရာမညနိကာယ၊ ရာမညဝေပုလ္လတိုက် မွန်ပါဠိတက္ကသိုလ် သွေးဆေးကန်မွန်ကျောင်း (၂၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်(သောကြာနေ့) ၁၁-၇-၂၀၁၄ ရက်နေ့က ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ထံတွင်လည်းကောင်း၊ ဆွမ်း၊ ကျွမ်းဝေယျာဝစ္စအဖွဲ့ထံတွင်လည်းကောင်း၊ လာရောက်ဆက်ကပ်လှူဒါန်းနိုင်ပါသည်။

ဆွမ်း၊ ကျွမ်းဝေယျာဝစ္စအဖွဲ့
ဆရာတော် ဖုန်း-[illegible] ကျောင်းဖုန်း-[illegible]
ရာမညနိကာယ၊ ရာမညဝေပုလ္လတိုက်
မွန်ပါဠိတက္ကသိုလ် သွေးဆေးကန်မွန်ကျောင်း
[illegible]၊ ရန်ကုန်မြို့

ငွေချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
လှိုင်မြို့နယ်တရားရုံးတော်၌
၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀

၁။ ဦးအောင်ဇော်မြင့်	နှင့်	၁။ ဦးဘသောင်း
၂။ ဦးအောင်ဝင်း		၂။ ဒေါ်လှယဉ်
၃။ ဦးမောင်မောင်ဝင်း		
တရားလိုများ		**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၃ လမ်း၊ အမှတ် ၂၇တွင် နေထိုင်ခဲ့သူဖြစ်သော ဦးဘသောင်း၊ ဒေါ်လှယဉ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၈ရက် (၁၃၇၆ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။

၂၀၁၄ ခုနှစ်၊ ဇွန် ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မူမူအေး
တွဲဖက်မြို့နယ်တရားသူကြီး
လှိုင်မြို့နယ်တရားရုံး

ကြော်ငြာကဏ္ဍ

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဘာသာစုံဂုဏ်ထူးရှင် **မဆုမြတ်လင်းနိုင်** အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးတိုး + အန်တီသီတာ

ဆရာလှကြည်(ဘောဂဗေဒ)၏ [illegible]

Oct ၂၅/၂၆ တွင် [illegible]
[illegible]
[illegible] (A)3-1၊ [illegible] (403) [illegible]
[illegible]
Ph: 01-393301, 09-5038955

CAMEL INTERNATIONAL

အမှုန့်မျိုးစုံ ကြိတ်ခွဲခြင်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း

AN ISO 9001:2008 & HACCP CERTIFIED COMPANY

(က) အမှုန့်မျိုးစုံ ကြိတ်ခွဲခြင်း ဝန်ဆောင်မှု (၁ ပိဿာ ၂၅၀ - ၃၅၀ ကျပ်) [illegible]
(ခ) တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း ဝန်ဆောင်မှု (၁ ပိဿာ [illegible] ကျပ်) [illegible]

ရုံးချုပ် - [illegible]
ဖုန်း ၀၁ - [illegible]
စက်ရုံ - [illegible]
ဖုန်း ၀၁ - [illegible]

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ကြိမ်ဂနိုင်ကျေးရွာအုပ်စု ခြေမြစ်ပင်ကွင်း၊ ဦးပိုင်အမှတ် ၇၊ ဧရိယာ ၃ဒသမ ၄၃ဧကရှိ ရွာမြေမှ မခွဲမစိတ်ရသေးသော မြေ၏ မန္တလေး၊ နောင်ချိုကားလမ်းမပေါ်မျက်နှာစာ ပေ ၁၇၀၊ ရှေ့နောက် ပေ၂၆၀ရှိ မြေကွက်ကိုအပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်အပြီးသတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမြကြည် (B.A, R.L)
တရားလွှတ်တော်ရှေ့နေ(၃၉၃၇)
အမှတ်-၁၂၇၊၁၄လမ်း၊ (၆) ရပ်ကွက်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၀၁၅၂၅၈၃၀

ကြော်ငြာကဏ္ဍ

လုပ်ငန်းတံဆိပ်အမည်၊ အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ထွန်းသီရိလမ်း၊ အမှတ်(၄၇)နေ ဦးဇော်ဝင်းအောင် ၁၂/ဒဂမ(နိုင်)၀၀၆၉၈၇၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

တရားဝင်မှတ်ပုံတင်သွင်းသည့် လုပ်ငန်းအမှတ်တံဆိပ်
မှတ်ပုံတင်စာချုပ်အမှတ် ၄/၃၆၉၉/၂၀၁၄

Interior Design & Renovation

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော Z Interior Design & Renovation အမည်ဖြင့် လုပ်ငန်းတံဆိပ် အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ အိမ်အတွင်းအပြင် အလှဆင်ခြင်းလုပ်ငန်း၊ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး၊ အထွေထွေကုန်ပစ္စည်းများ၊ ဒီဇိုင်းရေးဆွဲပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးနှင့် အကြံပေးဝန်ဆောင်မှုတို့တွင် မူပိုင်တရားဝင်သုံးစွဲလိုပါသဖြင့် အဆိုပါအမှတ်တံဆိပ်ကို မှတ်ပုံတင်သွင်းကြေညာပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းမှဖြစ်စေ၊ လုပ်ငန်းတံဆိပ်ကို ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ ပုံတူပုံမှားအလုံးစုံကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အတုအပပြုလုပ်သုံးစွဲခဲ့သည်ရှိသော် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ဇာလီအောင်
အထက်တန်းရှေ့နေ(စဉ်-၄၁၉၃၃)
တိုက် 3-E-5၊ **မဟာမြိုင်အိမ်ရာ၊ မြောက်ဒဂုံ၊ ရန်ကုန်**
ဖုန်း-၀၉-၄၂၁၀၃၈၉၃၉

အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ သရက်တော ၂လမ်း၊ အမှတ် ၆၉နေ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းရောင် AA-၁၀၃၅၉၅နှင့် ဒေါ်မြရှင် AA-၀၀၉၀၂၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်ပါ ကျွန်ုပ်မိတ်ဆွေတို့၏ သမီးဖြစ်သူ မတင်တင်ထွေး ၁၂/ကမတ(နိုင်)၀၃၉၀၂၁ သည် မိဘနှစ်ပါး၏ အိမ်မှဆင်းသွားပြီး မိဘ၊ ညီအစ်ကိုမောင်နှမများ၏ ဆိုဆုံးမမှုကိုလက်မခံဘဲ မိဘ၊ ညီအစ်ကိုမောင်နှမများအား အရှက်ရအောင်၊ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ခဲ့ပါ၍ ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ် အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်း အများသိစေအပ်ပါသည်။

နောက်နောင်သမီး မတင်တင်ထွေးနှင့်ပတ်သက်၍ မည်သည့်ကိစ္စရပ်မျိုးကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းရောင်၊ ဒေါ်မြရှင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ချို LL.B	**ဒေါ်ဇင်မာနွယ်** LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၀၁၃)	**အထက်တန်းရှေ့နေ(စဉ်-၃၄၂၆၆)**
ဒေါ်ဝင်းမာလာ LL.B	**ဒေါ်ထိုက်ထိုက်အောင်** LL.B, D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၅၀)	**အထက်တန်းရှေ့နေ(စဉ်-၃၆၁၃၀)**
	ဒေါ်ဇင်ဇင်ဖြိုး LL.B
	အထက်တန်းရှေ့နေ(စဉ်-၄၀၀၈၂)

အမှတ် ၅၆၃(ပထပ်)၊ အခန်း ၁၀၃၊ MAC Tower၊ **မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

MCC.i

Microsoft

မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သုံးနှစ်အတွင်းမြန်မာလူငယ် (၁၀၀,၀၀၀) လုပ်ငန်းခွင်အသင့်ဝင်နိုင်မည့် နည်းပညာကျွမ်းကျင်မှုများကို MCC နှင့် Microsoft တို့ ပူးပေါင်းသင်ကြားပေးတော့မည်။

MCC တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ နိုင်ငံတကာ တက္ကသိုလ်များမှ ချီးမြှင့်မည့် ဘွဲ့သင်တန်းများတက်နိုင်ပြီ

BIT (ကွန်ပျူတာသိပ္ပံဘွဲ့)
B.Sc (Hons) Business IT
Awarded by: University of Greenwich (UK)

BBA (စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုဘွဲ့)
Bachelor of Business Administration
B.B.A (International Business) နိုင်ငံတကာ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုဘွဲ့
B.B.A (Hotel and Tourism) ဟိုတယ် နှင့် ခရီးသွား စီမံခန့်ခွဲမှုဘွဲ့
Awarded by: Siam University

B.Tech (အင်ဂျင်နီယာဒီပလိုမာ)
Diploma in Civil Engineering
Diploma in Mechanical Engineering
Diploma in Electrical and Electronic Engineering
edexcel Approved Centre
BTEC
HND Diploma [illegible] Middlesex University (UK)
[illegible] B.Sc (Hons) Engineering [illegible]

Central Equiry & Registration
Pls call : Hot Line - 246634, 2304156

Yangon Campus Ph - 01-245762, 249152, 395512
Naypyitaw Campus Ph - 09-31354842, 09-254148940
Mandalay Campus Ph - 02-77930, 09-91034062, 09-402671562
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132

June Intake
Enroll Now

အထူးကျေးဇူးတင်ရှိခြင်း

ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပပြုလုပ်လျက်ရှိသည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံက မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းများအား မြန်မာနိုင်ငံ၏ပထမဆုံးသော ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် တစ်ခဲနက်ထောက်ခံအတည်ပြုသတ်မှတ်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ဂုဏ်ကိုတစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးခဲ့ကြပါသော ပျူရှေးဟောင်းမြို့များကြီးကြပ်ညှိနှိုင်းရေးကော်မတီ (PYUCOM)နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

သရေခေတ္တရာမြို့ဟောင်းလုပ်ငန်းကော်မတီ၊ သရေခေတ္တရာအမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့

ရွှေဘုန်းပွင့်ပိဋကတ်တိုက်နှင့်စာကြည့်တိုက်၊ ပြည်/သရေခေတ္တရာဒေသခံများ

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ပျူရှေးဟောင်းမြို့များဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာတို့အား မြန်မာနိုင်ငံ၏ပထမဆုံး ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံက အတည်ပြုသတ်မှတ်ခြင်းခံရသည့်အတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးသော ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့်အဖွဲ့ဝင်များ၊ ပျူရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ (PYUCOM)တို့အားလည်းကောင်း၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသူများအားလုံးကိုလည်းကောင်း အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဟန်လင်းမြို့ဟောင်းလုပ်ငန်းကော်မတီ

ဟန်လင်းမြို့ဟောင်းထိန်းသိမ်းရေးနှင့်စောင့်ရှောက်ရေးအဖွဲ့နှင့် ဟန်လင်းဒေသခံများ

အထူးကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း

ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပပြုလုပ်လျက်ရှိသည့်(၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံတွင် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းများအား မြန်မာနိုင်ငံ၏ ပထမဆုံးသော ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် အတည်ပြုသတ်မှတ်ခြင်းခံရကြောင်း ကြားသိရပါသည်။ ၂၀၁၁ခုနှစ်ကတည်းက အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပျူရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ (PYUCOM)တို့အားလည်းကောင်း၊ ကာတာနိုင်ငံတွင် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရရှိရေးအတွက် အစွမ်းကုန်ကြိုးစားအားထုတ်ဆောင်ရွက်ခဲ့ကြသော ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ဦးဆောင်သောအဖွဲ့ဝင်များကိုလည်းကောင်း အထူးပင်ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဗိဿနိုးမြို့ဟောင်းလုပ်ငန်းကော်မတီ

ဗိဿနိုးမြို့ဟောင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအဖွဲ့နှင့် ဗိဿနိုးဒေသခံများ

Education for All

"အဆင့်မြင့်ပညာရပ်ရွေးချယ်ခြင်း၊ ဝင်ခွင့်နှင့်ပညာရေးခရီး"

ဟောပြောမည့်သူများ -

ဒေါက်တာ... - Patron – VUC

ဒေါက်တာ... - Principal – OMMC

ဒေါက်တာ... - Consultant – OMMC

ကျင်းပမည့်နေ့ - ၂၇ - ၆ - ၂၀၁၄ (သောကြာနေ့)

ကျင်းပမည့်အချိန် - မွန်းလွဲ ၂ း၀၀ နာရီ

ကျင်းပမည့်နေရာ - ... Sule Shangri-La Hotel ရန်ကုန်မြို့။

... MRCP အတွက် PLAB Test ...

ရောင်းမည်

လက်ရှိအသုံးပြုနေသော မြေထိုးစက်

KOMATSU -D-60-3- ၁စီး

KOMATSU D-40- ၁စီး

ဖုန်း-၀၉-၂၅၉၁၆၁၀၅၈

ဆက်သွယ်ရန် 09-5117226

ဧ - ကြိမ်မြောက် ပညာဒါန အခမဲ့ ကွန်ပျူတာသင်တန်းများ

Windows, Microsoft Office, PageMaker, CorelDraw, E-mail, Internet, Adobe Photoshop, Adobe Illustrator, Adobe InDesign,

ပညာဒါန အခမဲ့ အင်္ဂလိပ်စာသင်တန်းများ

Basic English Level I, II, English 4 Skills, IELTS(Preparation Course) Grammar Foundation, English for Business

ဧ - ကြိမ်မြောက် ပညာဒါန အခမဲ့ စက်ချုပ်သင်တန်းများ

၁ - ၇ - ၂၀၁၄ သင်တန်းစမည်။ လူမျိုး၊ ဘာသာမရွေးတက်ရောက်သင်ယူနိုင်သည်။

သင်တန်းတည်နေရာ

...

ကွန်ပျူတာဝန်ထမ်းအလိုရှိသည့်လုပ်ငန်းရှင်များ ဤသင်တန်းသို့ဆက်သွယ်နိုင်ပါသည်။

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် BB/5268၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

CROWN EDUCATION Yangon Myanmar

"သင်အင်ဂျင်နီယာတစ်ယောက်ဖြစ်ချင်တာသေချာပြီလား"

Call Us : 01 527 838 09 730 40 688

CROWN Edu: Learning Center

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ ဇူလိုင်လ၊ ၁၉-၂၀၊ (၃၇)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

[illegible] KBZBank(AccountNo.00730200701690301) [illegible]

ကျွန်ုပ်ုင်းရေကူးအသင်း

၂၀၁၄-၂၀၁၅ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ

[illegible] (က) [illegible]

- နေ့ရက် - ၂၉. ၆. ၂၀၁၄ (တနင်္ဂနွေနေ့)
- အချိန် - နံနက် (၀၉:၀၀) နာရီ
- နေရာ - အသင်းနေရာ

[illegible]

အမှုဆောင်ကော်မတီ

ကျွန်ုပ်ုင်းရေကူးအသင်း

FAME **Nature-Q10®**

Coenzyme Q10-30mg

နှလုံးဆေး

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **Appletec®**

Quercetin 100 mg

ပန်းသီးဆေး

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့(၁)ရပ်ကွက်နယ်မြေ၊ ရွှေဝါထွန်းလမ်းရှိ အကွက်အမှတ် ၂၂၊ သစ်ညိုကုန်းတောင်အကွက်၊ ဦးပိုင်အမှတ် ၆/က၊ ဧရိယာ ၀ဒသမ၁၂၄ဧကရှိ ဦးနောင်ရှိန်အမည်ပေါက်ဂရန်မြေအား ဦးနောင်ရှိန်ထံမှ ဦးလှခင်ကလည်းကောင်း၊ ဦးလှခင်ထံမှ ဦးဝင်းထွန်းကလည်းကောင်း အရပ်ကတိစာချုပ်တို့ဖြင့် ဝယ်ယူခဲ့ကြပြီး ဦးဝင်းထွန်းထံမှ ဒေါ်သန်းသန်းထွေးက စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် ဝယ်ယူခဲ့ပြီး မြေငှားဂရန်အမည်ပြောင်းလျှောက်ထားခဲ့ရာ ကန့်ကွက်ရန်ရှိပါက ၁၅ရက်အတွင်း ကန့်ကွက်တင်ပြနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့နယ်

ဝါဆိုသင်္ကန်းကပ်လှူမည်

အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်ကြီး၌ စာချစာသင်သံဃာတော်အပါး ၄၆၀ အား တစ်ပါးလျှင် ဒွိစုံသင်္ကန်းတစ်စုံကျစီ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ စီဝိုင်စီသင်္ကန်းတစ်စုံလျှင် ကျပ် ၆၀၀၀ နှုန်းဖြင့် မိမိသဒ္ဓါအလျောက် ဖုန်း-၀၁-၆၄၆၈၆၅၊ ၆၄၆၄၆၄၊ ၆၄၀၂၉၄နှင့် ၀၉-၅၀၇၃၃၃၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၃၅H)၊ မြေကွက်အမှတ် ၆၅၈၊ မြေကွက်တည်နေရာအမှတ် (၁၀)၊ ဣန္ဒနီလာလမ်း၊ ဗဟန်းမြို့နယ် (ဦးသိန်းဖေ) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးသိန်းဖေ ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းနု ၁၂/ဗဟန(နိုင်)၀၆၆၀၂၆က တရားဝင်(ဇနီး)တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ဂုဏ်ထူးဝန္ဒနာပူဇော်လွှာ

ရန်ကုန်တိုင်းဒေသကြီး [illegible] NARESUAN UNIVERSITY [illegible] (PhD) (Honorary Doctor of Philosophy) [illegible]

[illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန

၁။ အားကစားဝန်ကြီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) လုပ်ငန်းသုံးစက်ပစ္စည်းများ(၇)မျိုး
- -ဖုန်စုပ်စက်
- -ကြမ်းတိုက်စက်
- -လေအေးပေးစက်(2Hp,10Hp,1.5Hp,1Hp)
- -မီးသတ်ဆေးဘူး

(ခ) Tipper

(ဂ) ရုံးသုံးစက်ပစ္စည်းများ(၁၁)မျိုး
- -Plain Paper Laser Fax
- -Plain Paper Copier Fax
- -Computer
- -Laser Printer
- -Colour Printer
- -Document Scanner
- -Electric Calculator
- -Digital Multifunction Copier
- -Paper Cutter
- -Liminator
- -Binding Machine

(ဃ) ပရိဘောဂများ(၂၂)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၇-၆-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၅-၇-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများအား ရုံးအမှတ်(၃၁)၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၆၂၁၈သို့ လာရောက်ဆက်သွယ် ထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
အားကစားနှင့်ကာယပညာဦးစီးဌာန

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

[illegible] Function Hall [illegible]

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

ဂုဏ်ထူးဝန္ဒနာပူဇော်လွှာ

ရန်ကုန်တိုင်းဒေသကြီး [illegible] NARESUAN UNIVERSITY [illegible] (Honorary Doctor of Philosophy) [illegible]

[illegible]

ကန့်ကွက်နိုင်သည်

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ [illegible]

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်ဦး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၆၅)
အမှတ်(၁၄-E) [illegible]
ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၈၈၅၆၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ [illegible]

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ထွန်း (စဉ်-၃၅၅၅) B.A.(Law), LL.B
ဒေါ်ကြည်ကြည်ဝင်း (စဉ်-၂၈၆၇) B.A.(Law), LL.B
တရားလွှတ်တော်ရှေ့နေများ
[illegible]

ဂုဏ်ထူးဝန္ဒနာပူဇော်လွှာ

ရန်ကုန်တိုင်းဒေသကြီး [illegible] NARESUAN UNIVERSITY [illegible] (Honorary Doctor of Philosophy) [illegible]

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၉၊ ၄၀ါမြိုင်လမ်း၊ မြေကွက်အမှတ် ၄၄၊ မြေအကျယ်အဝန်းပေ(၄၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးမောင်ဝင်း ၁၂/မရက(နိုင်)၀၃၉၀၇၉ (N/OKA-004718) အမည်ဖြင့် မှတ်သားတည်ရှိသော နှစ် ၆၀မြေငှားဂရန်မြေအမျိုးအစားဖြစ်ပြီး ယခု ဒေါ်စုသက်ရှိန် ၁၂/ကမရ(နိုင်)၀၅၀၇၉၆သည် မူလအမည်ပေါက် ပိုင်ရှင်ထံမှ ဆက်စပ်အရောင်းအဝယ် ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေအိမ်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ဤ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယဉ်ယဉ်ကြည် LL.B
အထက်တန်းရှေ့နေ(စဉ်-၁၀၀၂၂)
အမှတ် ၈၆၅၊ သရေခေတ္တရာ ၂၂လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄

AIR KBZ

ဘယ်လ်ဂျီယံ အနိုင်ရဖို့ သေချာနေပြီး အုပ်စုပိုလ်ဖြစ်ဖို့ ကြိုးစားမယ့် ဂျာမနီ

ထက်အောင်

ဘယ်လ်ဂျီယံကစားသမားများ

အုပ်စု(G)နဲ့ အုပ်စု(H)တို့ရဲ့ နောက်ဆုံးပွဲတွေမှာ ခြေစွမ်းပိုင်းကွာဟမှု ကျဉ်းမြောင်းတဲ့အသင်းတွေရဲ့ပွဲတွေ ပါဝင်နေလို့ ဂိုးပြတ်ရလဒ်တွေ ထွက်ပေါ်လာဖို့ ခက်တာကို သတိပြုရမယ်။ ပေါ်တူဂီအနေနဲ့ ဂါနာကို ခက်ခက်ခဲခဲရင်ဆိုင်ရနိုင်သလို ရုရှားကလည်း အယ်လ်ဂျီးရီးယားကို အနိုင်ယူနိုင်ဖို့ခက်တယ်။ ဘယ်လ်ဂျီယံကတော့ အမှတ်ပြည့်ရဖို့ သေချာနေတယ်။

ပေါ်တူဂီ Vs ဂါနာ

ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၆-၆-၂၀၁၄၊ ည ၁၀း၃၀ Nacional Mane Garrincha
နောက်ဆုံးဆုံတွေ့မှုရလဒ်	မရှိ

ပေါ်တူဂီအသင်းဟာ အုပ်စုတွင်းမှာ ပထမဆုံးနိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ခြေစွမ်းတည်ငြိမ်မှုမှာ အကောင်းဆုံးအနေအထား မရှိသေးတာကြောင့် ဂါနာကို ဖိအားပေးနိုင်ဖို့ ရုန်းကန်ရမှာပါ။ အုပ်စုဒုတိယပွဲမှာ အမေရိကန်ကို သရေကစားနိုင်ခဲ့တဲ့ ပေါ်တူဂီရဲ့ရုန်းအားက မဆိုးဘူး။ ဒါပေမယ့် ပေါ်တူဂီရဲ့ တိုက်စစ်ပိုင်း အားနည်းမှုကြောင့် အခုပွဲမှာ ဂိုးရဖို့ ရုန်းကန်ရမှာပါ။ ဂါနာကလည်း ဒီပွဲမှာ နိုင်ပွဲရရှိခဲ့ရင် အုပ်စုတက်ခွင့် မျှော်လင့်ချက်ရှိနေတာကြောင့် ပေါ်တူဂီကို အကောင်းဆုံးဖိအားပေးနိုင်ဖို့ အားစိုက်လာမှာဖြစ်တယ်။ ဂျာမနီကို သရေကစားနိုင်ခဲ့တဲ့ ဂါနာရဲ့ အသင်းလိုက်စုဖွဲ့မှုအား ကောင်းမွန်နေတာကြောင့် ပေါ်တူဂီ ရုန်းကန်ရမှာပါ။ ဒါပေမယ့် ဂါနာအသင်းရဲ့ တိုက်စစ်စွမ်းဆောင်နိုင်မှုက တည်ငြိမ်မှုအနည်းငယ်အားနည်းတယ်။ ခြေစွမ်းကွာဟမှု ကျဉ်းမြောင်းပေမယ့် ဂါနာအသင်း ကပ်နိုင်သွားနိုင်တယ်။ **ဖြစ်နိုင်ဖွယ်ရလဒ် ၁-၂**

ဂျာမနီ Vs အမေရိကန်

ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၆-၆-၂၀၁၄၊ ည ၁၀း၃၀ Arena Pernambuco	
နောက်ဆုံးဆုံတွေ့မှုရလဒ်	အမေရိကန် ၄-၃ ဂျာမနီ	(၃-၆-၂၀၁၃)

ဂျာမနီအနေနဲ့ သရေရရင်တောင် အုပ်စုပထမနေရာရရှိဖို့ သေချာနေပေမယ့် အုပ်စုနောက်ဆုံးပွဲမှာ အမှတ်ပြည့်ရယူနိုင်ဖို့ အားစိုက်လာမှာပါ။ ဂျာမနီခံစစ်ဟာ ဂါနာနဲ့ပွဲမှာ နှစ်ဂိုးပေးခဲ့ရတယ်ဆိုပေမယ့် ကစားပုံမာကျောမှုရှိတာမို့ အမေရိကန်တိုက်စစ်ကို အကောင်းဆုံး ထိန်းနိုင်စွမ်းရှိတယ်။ ဂျာမနီရဲ့ အသင်းလိုက်ခြေစွမ်းကလည်း ကောင်းမွန်နေပြီး ဂျာမနီကွင်းလယ်စုဖွဲ့မှုဟာ အမေရိကန်အသင်းကွင်းလယ်ထက် သာလွန်မှုရှိတာမို့ ဂျာမနီကသာ ပွဲကိုစိုးမိုးကစားနိုင်မှာပါ။ ဂျာမနီအသင်းတိုက်စစ်ကလည်း အုပ်စုပွဲနှစ်ပွဲမှာ ခြောက်ဂိုးသွင်းယူနိုင်ခဲ့တဲ့အထိ ထက်မြက်မှုရှိနေတယ်။ အမေရိကန်အသင်းဟာ ဂါနာ၊ ပေါ်တူဂီအသင်းတို့နဲ့ ကစားခဲ့တဲ့ပွဲတွေမှာ ခြေစွမ်းပိုင်း သိသိသာသာ သာလွန်ကောင်းမွန်ခဲ့ခြင်းမရှိလို့ ဂျာမနီကို ခြေရည်တူယှဉ်နိုင်ဖို့ခက်တယ်။ အမေရိကန်တိုက်စစ်က ဂိုးသွင်းခြေရှိတယ်ဆိုပေမယ့် မာတီဆက်ကာ၊ ဟမ်မဲလ်တို့ ဦးဆောင်လာမယ့် ဂျာမနီခံစစ်ကို ဖိအားပေးနိုင်ဖို့ ရုန်းကန်ရမှာပါ။ အမေရိကန်အသင်းဟာ ဂျာမနီနဲ့ဆုံတွေ့တဲ့ပွဲတွေမှာ ရုန်းကန်ရတဲ့ အစဉ်အလာရှိသလို အခုပွဲမှာလည်း ဂျာမနီရဲ့ဖိအားပေးမှုကိုခံရနိုင်ပြီး ဂျာမနီအသင်းကသာ ကပ်နိုင်သွားနိုင်ပါတယ်။ **ဖြစ်နိုင်ဖွယ်ရလဒ် ၂-၁**

အယ်လ်ဂျီးရီးယား Vs ရုရှား

ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၇-၆-၂၀၁၄၊ နံနက် ၂း၃၀ Arena da Baixada
နောက်ဆုံးဆုံတွေ့မှုရလဒ်	မရှိ

အယ်လ်ဂျီးရီးယားအသင်းဟာ ခြေစွမ်းပိုင်း အကောင်းဆုံးပုံစံရရှိဖို့ ရုန်းကန်နေရဆဲအသင်းဖြစ်တယ်။ ဒါပေမယ့် အုပ်စုအဆင့်က တက်နိုင်ရေးမျှော်လင့်ချက်အတွက် အားထည့်ကစားလာမှာမို့ ရုရှားကို အကောင်းဆုံးရင်ဆိုင်နိုင်စွမ်းရှိတယ်။ အယ်လ်ဂျီးရီးယားတိုက်စစ်ဟာ အုပ်စုဒုတိယပွဲအဖြစ် တောင်ကိုရီးယားနဲ့ ကစားနိုင်ခဲ့တဲ့ပွဲမှာ လေးဂိုးသွင်းယူနိုင်ခဲ့တယ်ဆိုပေမယ့် တိုက်စစ်စွမ်းဆောင်ရည် တည်ငြိမ်မှုအားနည်းတဲ့အချက်ကို သတိပြုရမယ်။ အယ်လ်ဂျီးရီးယားခံစစ်ကလည်း အားနည်းမှု အနည်းငယ်ရှိနေတယ်။ ဒါပေမယ့် ကိုကိုရင်ဦးဆောင်တဲ့ ရုရှားတိုက်စစ်က ပုံမှန်ဂိုးသွင်းခြေရဖို့ ရုန်းကန်နေရတာကြောင့် အယ်လ်ဂျီးရီးယား ခံစစ်ရဲ့အားနည်းချက်ကို အခွင့်အရေးယူနိုင်ဖို့ခက်တယ်။ ရုရှားရဲ့ အသင်းလိုက်ခြေစွမ်းကတော့ ကောင်းမွန်နေတာကြောင့် အယ်လ်ဂျီးရီးယားအတွက် လွယ်ကူတဲ့ပွဲ ဖြစ်လာမှာမဟုတ်ဘူး။ ရုရှားရဲ့ ခံစစ်ကစားပုံ မဆိုးဘူး။ ဒါပေမယ့် ရုရှားအသင်းရဲ့ တိုက်စစ်နဲ့ကွင်းလယ်ပိုင်း ချိတ်ဆက်နိုင်မှုအားနည်းနေတာကို သတိပြုရမယ်။ ရုရှားအသင်းနိုင်ပွဲလိုနေပေမယ့် အယ်လ်ဂျီးရီးယားရဲ့ ကစားအားကြောင့် သရေရလဒ်သာ မျှော်လင့်နိုင်မှာပါ။ **ဖြစ်နိုင်ဖွယ်ရလဒ် ၁-၁**

စာမျက်နှာ ၂ သို့

ဒဏ်ရာမှသက်သာလာသည့် ရော်နယ်ဒို ဂါနာနှင့်ပွဲ ပါဝင်နိုင်မည်

ပေါ်တူဂီလက်ရွေးစင်အသင်း၏ ဆရာဝန်ဖြစ်သူ ဟင်းနရစ်ဂျုံးက အသင်းခေါင်းဆောင် ရော်နယ်ဒိုသည် အုပ်စုနောက်ဆုံးပွဲတွင် ကြံ့ခိုင်မှုအပြည့်ဖြင့် ပါဝင်ကစားသွားနိုင်မည်ဟု ပြောဆိုသွားသည်။

ရော်နယ်ဒိုသည် အသင်း၏ လေ့ကျင့်မှုအစီအစဉ်များတွင် သူ့ဒူး ဒဏ်ရာရရှိနေမှုကို ပုံမှန်စစ်ဆေးကုသရန် လိုအပ်နေခဲ့သော်လည်း ပေါ်တူဂီအသင်း၏ အဓိက ကစားသမားတစ်ဦးအဖြစ် အဖွင့်ပွဲစဉ်နှစ်ပွဲလုံးတွင် ပါဝင်ကစားထားခဲ့သည်။ သို့သော် အသင်းဆရာဝန်ဖြစ်သည့် ဟင်းနရစ်ဂျုံးကမူ ယခုအချိန်တွင် ရော်နယ်ဒို၏ ဒဏ်ရာမှာ စစ်ဆေးမှုများ ပြုလုပ်ရန် မလိုအပ်တော့ကြောင်း ပြောဆိုလိုက်သည်။

ဟင်းနရစ်ဂျုံးက "ရော်နယ်ဒိုရဲ့ဒဏ်ရာဟာ အသင်းကို စရောက်စ အခြေအနေထက် အများကြီး ကောင်းလာခဲ့ပါတယ်။ အတွင်းကျကျ စစ်ဆေးမှုတွေလုပ်မယ်ဆိုရင် ရော်နယ်ဒိုရဲ့ ကြံ့ခိုင်မှုဟာ ရာနှုန်းပြည့်ဖြစ်မဖြစ်ဆိုတာ ကျွန်တော်မသိပေမယ့် လက်ရှိအနေအထားကတော့ သူ့ရဲ့အခြေအနေက အကောင်းဆုံးဖြစ်နေသလို ပွဲကစားလို့ ရနိုင်ပါတယ်။ လက်ရှိအချိန်မှာတော့ရော်နယ်ဒိုဟာ အရွတ်ရောင်ရမ်းနေခဲ့တဲ့အတွက် အနည်းငယ်သက်သောင့်သက်သာမရှိတာကလွဲရင် ကျန်တာတွေအားလုံး အဆင်ပြေပါတယ်"ဟု ပြောသွားသည်။

ပေါ်တူဂီအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဂါနာအသင်းနှင့် ကစားမည်ဖြစ်ပြီး အဆိုပါပွဲတွင် ဂိုးပြတ်အနိုင်ရရှိပါက နောက်တစ်ဆင့်သို့ တက်ရောက်နိုင်မည့်အခွင့်အရေးသို့ ရရှိမည်ဖြစ်သည်။

ဖြိုးဒေါ်လာ

ဝီလ်မော့စ်

ဘယ်လ်ဂျီယံအနိုင်ရဖို့ သေချာနေပြီးမှ

တောင်ကိုရီးယား Vs ဘယ်ဂျီယံ	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၇-၆-၂၀၁၄၊ နံနက် ၂း၃၀ Arena de Sao Paulo
နောက်ဆုံးဆုံတွေ့မှုရလဒ်	တောင်ကိုရီးယား ၁-၂ ဘယ်လ်ဂျီယံ (၅-၆-၁၉၉၉)

တောင်ကိုရီးယားရဲ့ အသင်းလိုက်ခြေစွမ်းပိုင်း တည်ငြိမ်မှုအားနည်းနေတာကြောင့် ကစားခဲ့ပြီးတဲ့ အုပ်စုပွဲနှစ်ပွဲမှာ ပြိုင်ဘက်တွေကို ခြေစွမ်းပိုင်းအရ သိသိသာသာ အသာစီးယူနိုင်ခြင်းမရှိခဲ့ဘူး။ တောင်ကိုရီးယားရဲ့ တိုက်စစ်ပိုင်း မဆိုးဘူးဆိုပေမယ့် အုပ်စုပွဲ နှစ်ပွဲမှာ ငါးဂိုးသွင်းယူခံခဲ့ရတဲ့ တောင်ကိုရီးယား ခံစစ်ကတော့ ဘယ်လ်ဂျီယံတိုက်စစ်ကို ခက်ခက်ခဲခဲထိန်းချုပ်ရနိုင်တယ်။ ဥရောပအခြေစိုက်ကစားသမားတွေပါဝင်နေတဲ့ ဘယ်လ်ဂျီယံရဲ့ အသင်းလိုက် ခြေစွမ်းမဆိုးဘူး။ အထူးသဖြင့် ကွန်ပါနေး၊ ဗာတွန်ဟမ်၊ ဗန်ဘိုင်တန်တို့လို ကစားသမားတွေ ပါဝင်လာမယ့် ဘယ်လ်ဂျီယံခံစစ်ဟာ အားနည်းချက်တွေရှိနေတဲ့ တောင်ကိုရီးယား တိုက်စစ်ကို အကောင်းဆုံးထိန်းချုပ်နိုင်စွမ်းရှိတယ်။ ဘယ်လ်ဂျီယံရဲ့ တိုက်စစ်ပိုင်းအနည်းငယ် အားနည်းနေတာမှန်တယ်။ ဒါပေမယ့် ဟာဇက်၊ ဖယ်လာနီတို့လို တိုက်စစ်ကို အကောင်းဆုံး ပံ့ပိုးပေးနိုင်သူတွေရှိနေ သလို လူကာကူ၊ မာတန်စ်တို့ကလည်း ဂိုးသွင်းခြေရှိတဲ့ကစားသမားတွေမို့ ဘယ်လ်ဂျီယံသာ နှစ်ဂိုးအသာနဲ့ နိုင်မှာပါ။

ဖြစ်နိုင်ဖွယ်ရလဒ် ၀-၂

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (G)၏ ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ဂိုးကွာခြားချက်	ရမှတ်
ဂျာမနီ	၂	၁	၁	၀	၆	၂	+၄	၄
အမေရိကန်	၂	၁	၁	၀	၄	၃	+၁	၄
ဂါနာ	၂	၀	၁	၁	၃	၄	-၁	၁
ပေါ်တူဂီ	၂	၀	၁	၁	၂	၆	-၄	၁

ဘရာဇီးနဲ့ တွေ့ဆုံကစားလိုတယ်လို့ ဆိုလိုက်တဲ့ ဘယ်လ်ဂျီယံနည်းပြ ဝီလ်မော့စ်

ကမ္ဘာ့ဖလား အုပ်စု(H)မှာ ရှိနေတဲ့ ဘယ်လ်ဂျီယံအသင်းဟာ အုပ်စုအဆင့်ကို ဖြတ်ကျော်ကာ ၁၆သင်းအဆင့်ကို တက်ရောက်နိုင်ဖို့အတွက် သေချာသွားခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘယ်လ်ဂျီယံအသင်းနည်းပြ ဝီလ်မော့စ်ကတော့ ဒီနှစ်ကမ္ဘာ့ဖလားမှာတော့ အိမ်ရှင်ဘရာဇီးအသင်းနဲ့ တွေ့ဆုံယှဉ်ပြိုင်ကစားသွားဖို့ကို ဆန္ဒရှိနေခဲ့ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ အုပ်စုပထမဦးဆုံးပွဲစဉ်မှာအယ်ဂျီးရီးယားအသင်းကို ၂-၁နဲ့နိုင်ခဲ့သလို အုပ်စုဒုတိယပွဲစဉ်ဖြစ်တဲ့ ရုရှားအသင်းနဲ့ပွဲမှာလည်း ၁-၀နဲ့ နိုင်ခဲ့တာကြောင့် အုပ်စုအဆင့်ကနေ ဖြတ်ကျော်ပြီး ၁၆သင်းအဆင့်ကို တက်ရောက်နိုင်ဖို့အတွက် သေချာမှုရှိသွားခဲ့တဲ့ အသင်းလည်းဖြစ်ပါတယ်။

ဘယ်လ်ဂျီယံနည်းပြ ဝီလ်မော့စ်ဟာ ပြီးခဲ့တဲ့ ၁၂နှစ်ကြာ ၂၀၀၂ခုနှစ် ဘရာဇီးချန်ပီယံဖြစ်ခဲ့တဲ့ နှစ်တုန်းကလည်း ဘယ်လ်ဂျီယံအသင်းရဲ့ကပ္ပတိန်အဖြစ် ပါဝင်ကစားခဲ့ပြီး စကိုလာရီကိုင်တွယ်ခဲ့တဲ့ ဘရာဇီးအသင်းနဲ့ ၁၆သင်း အဆင့်မှာ ရင်ဆိုင်ကစားခဲ့ဖူးပါတယ်။

ဝီလ်မော့စ်ဟာ ဘယ်လ်ဂျီယံအသင်းကို ၂၀၁၂ခုနှစ်ကစတင်ကာ ကိုင်တွယ်ခဲ့ပြီး အသင်းကိုခြေစစ်ပွဲ ၁၀ပွဲမှာ ရှုံးပွဲမရှိဘဲ ရှစ်ပွဲအထိအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အသင်းကို ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်လာစေခဲ့သူလည်း ဖြစ်ပါတယ်။

ဒါ့အပြင် ဝီလ်မော့စ်ကလည်း အကောင်းဆုံး နည်းပြတစ်ဦးဟု သတ်မှတ်ထားတဲ့ စကိုလာရီကိုင်တွယ်တဲ့ ဘရာဇီးနဲ့ဘယ်ဂျီယံအသင်းတို့ကို တွေ့ဆုံကစားသွားဖို့ကိုလည်း ဆန္ဒရှိ နေတယ်လို့လည်းဆိုပါတယ်။

အဲဒါနဲ့ပတ်သက်ပြီး ဝီလ်မော့စ်က "စကိုလာရီနဲ့ နောက်တစ်ကြိမ် အခုလို ပြန်တွေ့ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ဒါဟာအလွန်ကောင်းမွန်တယ်လို့လည်း ထင်မိပါတယ်။ ဒါကြောင့်မို့လည်း အနာဂတ်ဆိုတာကို ဘယ်လိုမှတွက်ဆလို့မရဘူးလို့ဆိုရမှာပါ။ ကျွန်တော်နဲ့ စကိုလာရီဟာ ပြီးခဲ့တဲ့ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားမှာတုန်းက တစ်ကြိမ်ကြုံခဲ့ပြီး အခုတော့ ထပ်ကြုံရပြန်ပါပြီ။ ဒါဟာ အိပ်မက်မဟုတ်တဲ့ တကယ်အဖြစ်အပျက်ပါ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဘရာဇီးအသင်းနဲ့ ထပ်မံတွေ့ဆုံကစားလိုပါတယ်။ အဲဒါဟာဘယ်တော့ဖြစ်မလဲဆိုတာကိုတော့ မသိသေးပါဘူး"လို့ လည်းပြောဆိုခဲ့ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာအုပ်စုနောက် ဆုံးပွဲစဉ်အဖြစ် တောင်ကိုရီးယားအသင်းနဲ့ကစားမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာအသင်းရဲ့အဓိက အားကိုးရတဲ့ ခံစစ်မှူးဗာမယ်လန်တစ်ယောက်ဟာ တံကောက်ကြောဒဏ်ရာရရှိနေတာကြောင့် ပါဝင်နိုင်ရေးဟာသေချာမှု မရှိဘူးလို့လည်း ဆိုပါတယ်။

အောင်က

ကျွန်တော့်မှာ တာဝန်ရှိပါတယ်လို့ ဆိုတဲ့ နည်းပြပရန်ဒယ်လီ

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(D)အသင်းတွေရဲ့ အုပ်စုပွဲစဉ်တွေပြီးဆုံးသွားတဲ့အခါ နာမည်ကြီး အီတလီနဲ့အင်္ဂလန်တို့ ရှုံးပွဲ၊ သရေပွဲတွေနဲ့ကြုံတွေ့ခဲ့ရပြီး စောစောစီးစီးအိမ်ပြန်ခဲ့ရပြီဖြစ်ပါတယ်။ အီတလီအသင်းရဲ့နည်းပြ ပရန်ဒယ်လီလည်း နည်းပြအဖြစ်က နုတ်ထွက်သွားခဲ့ပြီဖြစ်လို့ ဒီနှစ်ကမ္ဘာ့ဖလားပွဲမှာ ပထမဆုံးနုတ်ထွက်တဲ့နည်းပြလည်း ဖြစ်ခဲ့ပါတယ်။

အီတလီအသင်းဟာ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်တဲ့အသင်းလို့ ရေပန်းစားခဲ့တဲ့အသင်းတွေထဲမှာ ပါဝင်ခဲ့ပြီး တကယ်တမ်း ယှဉ်ပြိုင်ကစားတဲ့အခါ အင်္ဂလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ခဲ့ပေမယ့် ဥရုဂွေးကို တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးပြီး ကော်စတာရီကာကို တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးခဲ့လို့ အခုလိုပြိုင်ပွဲက ထွက်ခွာခဲ့ရတာဖြစ်ပါတယ်။ "အီတလီအသင်း အခုလိုအောင်မြင်မှုမရခဲ့တာဟာ ကျွန်တော်မှာ တာဝန်အရှိဆုံးပါပဲ။ ဘာကြောင့်ဖြစ်တယ်၊ ဘယ်လိုဖြစ်တယ်ဆိုတဲ့ ဆင်ခြေစကားတွေမပြောလိုပါဘူး။ ကျွန်တော့် စွမ်းဆောင်ရည်ကြောင့်လို့ ယူဆပါတယ်။ ဘယ်သူ့ကိုမှ အပြစ်မပြောလိုပါဘူး"လို့ နည်းပြ ပရန်ဒယ်လီက ပြောကြားပါတယ်။ ပရန်ဒယ်လီဟာ အီတလီအသင်းကို ၂၀၁၀ခုနှစ်က စတင်ကိုင်တွယ်ခဲ့တာဖြစ်ပြီး အီတလီအသင်း ခြေစစ်ပွဲတွေမှာ ရှုံးပွဲမရှိအောင် တာဝန်ယူကြီးကြပ်ကိုင်တွယ်ခဲ့တာဖြစ်ပါတယ်။ အီတလီအသင်းဟာ ၂၀၁၀ ကမ္ဘာ့ဖလားပွဲမှာလည်း အုပ်စုအဆင့်က ထွက်ခဲ့ရသလို အခုကမ္ဘာ့ဖလားပွဲမှာလည်း အုပ်စုအဆင့်က ထွက်ခဲ့ရပြန်ပါတယ်။

"အီတလီအသင်းရဲ့ ကစားသမားတွေကို ကျွန်တော်စိတ်တိုင်းကျရွေးချယ်လေ့ကျင့်ခဲ့တာပါ။ ကစားသမားတွေတိုင်း ထူးချွန်တဲ့သူတွေ၊ အတွေ့အကြုံရှိတဲ့သူတွေချည်းဖြစ်ပါတယ်။ တစ်ဦးချင်းရော၊ အသင်းလိုက်ပါ ကောင်းမွန်တဲ့စုဖွဲ့မှုပြုလုပ်ခဲ့ပေမယ့် အခုလိုအောင်မြင်မှု မရတာက ကျွန်တော့်ရဲ့အားနည်းချက်ကြောင့်ဖြစ်ပါတယ်"လို့ ပရန်ဒယ်လီက သတင်းထောက်တွေရဲ့အမေးကို ဖြေကြားခဲ့ပါတယ်။

ကိုဝ

ကစားအားကို ဆက်ထိန်းထားရန် အသင်းဖော်များကို မူလာ နှိုးဆော်

ဂျာမနီတိုက်စစ်ကစားသမား မူလာက အသင်း၏ ပထမရည်မှန်းချက်ဖြစ်သည့်နောက်တစ်ဆင့်သို့ သေချာပေါက် တက်ရောက်နိုင်ရေးအတွက် အသင်း၏ဟန်ချက်ကို ဆက်လက်ထိန်းထားကြရန် အသင်းဖော်များကို သတိပေးလိုက်သည်။

ဂျာမနီသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အမေရိကန်အသင်းနှင့် ကစားသွားရမည်ဖြစ်ပြီး အမေရိကန် အသင်းမှာလည်း နောက်တစ်ဆင့်သို့ တက်ရောက်ရန် မသေချာသေးချေ။ သို့သော်အဆိုပါပွဲတွင် သရေရလဒ် ထွက်ပေါ်ခဲ့ပါက ဂျာမနီက အုပ်စုပထမအဖြစ်တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး အကယ်၍ ရှုံးနိမ့်သွားခဲ့မည်ဆိုရင်တောင် ပေါ်တူဂီနှင့် ဂါနာတို့ကို ဂိုးကွာခြားချက်အသာရနေသည့်အတွက် အုပ်စုမှ တက်ရောက်ခွင့်ရမည့် အခြေအနေတွင် ရှိနေသည်။

မူလာက "ကျွန်တော် ကြံ့ခိုင်မှုအပြည့်ရှိပါတယ်။ ဂျာမနီအသင်းသားတွေအနေနဲ့ အုပ်စုပထမ နေရာကိုရယူဖို့ ဆန္ဒရှိနေပါတယ်။ နှစ်ပွဲမှာ ခြောက်ဂိုးဆိုတဲ့ ဂိုးသွင်းနှုန်းက မဆိုးပါဘူး။ ကျွန်တော်တို့က အမြဲတမ်းပဲ တိုးတက်မှုတွေကို လိုလားနေသူတွေပါ။ အရေးကြီးဆုံး အချက်ကတော့ တစ်ဆင့်တက်သွားဖို့ပါ"ဟု ပြောသွားသည်။

ပြီးခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလားတွင် ဂိုးသွင်းဘုရင်ဖြစ်ခဲ့သည့် မူလာသည် ယခုနှစ် ကမ္ဘာ့ဖလားတွင်လည်း ဂျာမနီအသင်းအတွက် နှစ်ပွဲကစား အပြီးတွင် သုံးဂိုးအထိသွင်းယူထားနိုင်သည်။

ဖြိုးဒေါ်လာ

ချီလီအသင်းကို စိုးရိမ်မှုရှိနေတယ်လို့ဆိုတဲ့ စကိုလာရီ

ဘရာဇီးအသင်းနည်းပြ စကိုလာရီကတော့ အုပ်စုအဆင့်ဖြတ်ကျော်နိုင်ခဲ့ပြီဖြစ်ပေမယ့် ၁၆သင်းအဆင့်မှာ တွေ့ဆုံကစားရမယ့် ချီလီအသင်းနဲ့ ပတ်သက်ပြီး စိုးရိမ်မှုတော့အနည်းငယ်ရှိတယ်လို့ ပြောဆိုခဲ့ပါတယ်။

ဘရာဇီးအသင်းဟာ ပြီးခဲ့တဲ့ရက်က ကင်မရွန်းအသင်းနဲ့ ပွဲမှာ ၄-၁နဲ့ နိုင်ခဲ့ အုပ်စု(A)အုပ်စုပထမအဖြစ် ၁၆ သင်းအဆင့်ကို တက်ရောက်သွားခဲ့တဲ့ အသင်းလည်းဖြစ်ပါတယ်။

ဒါ့အပြင် အုပ်စု(A)ရဲ့ အုပ်စုဒုတိယအဖြစ် မက္ကဆီကိုအသင်းဟာ ခရိုအေးရှားအသင်းကို ၃-၁နဲ့နိုင်ခဲ့ပြီး အုပ်စုဒုတိယနဲ့ ၁၆သင်းအဆင့်ကို တက်ရောက်သွားခဲ့ပြီး အုပ်စု(B)ရဲ့ အုပ်စုပထမဖြစ်တဲ့ ဟော်လန်အသင်းနဲ့ တွေ့ဆုံကစားရမှာဖြစ်ပါတယ်။

ချီလီဟာကမ္ဘာ့ဖလား အုပ်စုပထမပွဲစဉ်ဖြစ်တဲ့ ဩစတြေးလျနဲ့ပွဲ မှာ ၃-၀ နဲ့နိုင်ခဲ့သလို စပိန်အသင်းကိုလည်း ၂-၀နဲ့နိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဒါပေမယ့် ချီလီအသင်းဟာ ဟော်လန်အသင်းနဲ့ပွဲမှာတော့ ၂-၀နဲ့ ရှုံးနိမ့်ခဲ့တာကြောင့် အုပ်စု(B)ရဲ့ အုပ်စုဒုတိယဖြစ်ခဲ့ရခြင်းလည်းဖြစ်ပါတယ်။

ဘရာဇီးအသင်းဟာလက်ရှိပွဲတိုင်းမှာ ဂိုးသွင်းယူပေးနေသူကတော့ အသင်းရဲ့အဓိကတိုက်စစ်မှူး နေမာဖြစ်ပြီး သုံးပွဲမှာ လေးဂိုးသွင်းယူပေးထားပါတယ်။ အသင်းရဲ့ အခြေအနေတွေနဲ့ ပတ်သက်ပြီး ဘရာဇီးတိုက်စစ်မှူး နေမာက "ကျွန်တော်တို့အသင်းဟာ မှန်ကန်တဲ့ လမ်းကြောင်းပေါ်မှာရှိပြီး ပွဲတိုင်းလည်းတိုးတက်မှုရှိနေပါတယ်။ အခုချိန်မှာတော့ အသင်းရဲ့ ရည်မှန်းချက် ပန်းတိုင်ကလည်း ပိုမိုနီးကပ်မှုရှိလာပြီလို့လည်း ထင်ပါတယ်။ ဒါပေမယ့် ချီလီအသင်းနဲ့ ကစားရမယ့်ပွဲကတော့ ခက်ခဲတဲ့ပွဲ တစ်ပွဲဖြစ်မယ်လို့ထင်ပါတယ်။ ချီလီဟာအသင်းကြီးတွေကို ကောင်းကောင်းဒုက္ခပေးနိုင်တဲ့အသင်းလည်းဖြစ်ပါတယ်။ ဒါပေမယ့် ၁၆ သင်းအဆင့်ကို တက်ရောက်ခဲ့တဲ့ အသင်းတိုင်းကတော့ အားနည်းတဲ့ အသင်းဆိုတာမရှိပါဘူး"လို့လည်း ပြောဆိုခဲ့ပါတယ်။

ဒါ့အပြင် ဘရာဇီးအသင်းနည်းပြ စကိုလာရီကလည်း "မက္ကဆီကိုအသင်းနဲ့ သရေကျခဲ့ပြီးကတည်းက အသင်းကိုပိုမိုတိုးတက်မှုရှိအောင် ကြိုးစားထားပါတယ်။ ကျွန်တော်တို့ အသင်းဟာ ဒီထက်ပိုပြီးလည်း ကောင်းမွန်လာဖို့ရှိပါတယ်။ ၁၆ သင်းအဆင့်မှာ တွေ့ဆုံကစားရမယ့် ချီလီအသင်းဟာ အသင်းကောင်းတစ်သင်းဖြစ်သလို အရည်အချင်းကောင်းကောင်းတွေလည်း ပိုင်ဆိုင်ထားတဲ့ အသင်းလည်းဖြစ်ပါတယ်။ တကယ်လို့သာ ရွေးချယ်ခွင့်ရှိမယ်ဆိုရင် အခြားပြိုင်ဘက်အသင်းတွေကို ရွေးချယ်မိမှာပါ။ တောင်အမေရိက အသင်းတိုင်းဟာ ခက်ခဲမှုရှိပါတယ်" လို့လည်း ပြောဆိုခဲ့ပါတယ်။

စကိုလာရီဟာ ၂၀၁၂ ခုနှစ်ကစတင်ကာ ဘရာဇီးအသင်းကိုဒုတိယအကြိမ် ပြန်လည်ကိုင်တွယ်ခြင်းဖြစ်ပြီး ပထမအကြိမ်ကိုင်တွယ်ခဲ့သည့် ၂၀၀၁ ခုနှစ်နဲ့ ၂၀၀၂ခုနှစ်တုန်းကလည်း အသင်းကို ၂၀၀၂ကမ္ဘာ့ဖလားချန်ပီယံဖြစ်အောင်စွမ်းဆောင်နိုင်ခဲ့တဲ့ နည်းပြတစ်ဦးလည်းဖြစ်ပါတယ်။ **အောင်က**

သီဟ ကိုလံဘီယာနိုင်ပွဲဆက်အုပ်စုဗိုလ်ဖြင့်တက်ရောက်

အုပ်စု(ဂ)မှ ဂျပန်နှင့် ကိုလံဘီယာအသင်းတို့ ဇွန် ၂၅ နံနက်ပိုင်းက Arena Pantanal ကွင်း ယှဉ်ပြိုင်ကစားခဲ့ရာ ကိုလံဘီယာအသင်း လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ဂျပန်အသင်းက နှစ်ပွဲကစားအပြီး တစ်ပွဲသရေ၊ တစ်ပွဲရှုံးသည့် အမှတ်လိုနေသောအသင်းနှင့် ကိုလံဘီယာအသင်းက နှစ်ပွဲကစားအပြီးမှာ နှစ်ပွဲစလုံးအနိုင်ရရှိထားသည့် အသင်းဖြစ်သည်။ ပွဲစပြီး ၁၇မိနစ်တွင် ကိုလံဘီယာမှ ပယ်နယ်တီရရှိပြီး ကွာဒရာဒိုက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ဂျပန်မှ ချေပဂိုးကို ပထမပိုင်း ၄၅မိနစ်တွင် အိုကာဇာကီက သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်း ၅၅မိနစ်နှင့် ၈၂မိနစ်တို့တွင် မာတီနက်ဇ်က ကိုလံဘီယာအတွက် အနိုင်ဂိုးတွေသွင်းယူပေးခဲ့သည်။ ပွဲချိန်မိနစ် ၉၀ တွင် ကိုလံဘီယာ၏ လေးဂိုး မြောက်ဂိုးကို ရိုဒရီဂွက်ဇ်က သွင်းယူပေးခဲ့၍ ကိုလံဘီယာအသင်း အုပ်စုပထမဖြင့်တက်ရောက်ကာ ဂရိအသင်းက အုပ်စုဒုတိယဖြင့် ၁၆သင်းအဆင့်သို့ တက်ရောက်သွားသည်။

အုပ်စုနောက်ဆုံးပွဲစဉ်များကို ဇွန် ၂၆ ည၁၀း၃၀တွင် အုပ်စု(ဆ)မှ အမေရိကန်နှင့် ဂျာမနီ၊ ပေါ်တူဂီနှင့် ဂါနာတို့ ကစားမည်ဖြစ်သည်။ ဇွန် ၂၇ နံနက် ၂း၃၀တွင် အုပ်စု(ဇ)မှတောင်ကိုရီးယားနှင့် ဘယ်လ်ဂျီယံ၊ အယ်လ်ဂျီးရီးယားနှင့် ရုရှားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ချောက်နှုတ်ခမ်းဝက ပေါ်တူဂီ

ပေါ်တူဂီအသင်းသားများ

ဝေမိုးဆက်

ပေါ်တူဂီရဲ့လားရာ။ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ဘယ်လိုဖြစ်မလဲ။ အုပ်စုအဆင့်လား။ ဒါမှမဟုတ် အခက်အခဲကြားက ထိုးခွဲထွက်လာနိုင်မလား။ စိတ်ဝင်စားဖို့တော့သိပ်ကောင်းတယ်။ အထူးသဖြင့် နောက်တစ်ဆင့်ဆိုတာ သူတို့အတွက် သိပ်ခက်ခဲတဲ့အလုပ်။ သူတို့ဟာ သူတို့ကံကြမ္မာကိုတောင် သူတို့မပိုင်တဲ့အခြေအနေ။ သူတို့ ဘယ်လောက်ပဲစွမ်းဆောင်ရည်ကောင်းကောင်း ပြိုင်ဘက်က ခြေမချော်ရင် သူတို့ရဲ့ ကြိုးစားအားထုတ်မှုက အရာထင်မှာမဟုတ်ဘူး။ ဒီတော့ သူတို့ရဲ့လားရာဘယ်လိုဖြစ်မလဲ။ စောင့်ကြည့်ကြတယ်။ စိတ်ဝင်စားကြတယ်။

အထူးသဖြင့် သူတို့ရဲ့ လက်ရှိရမှတ်တစ်မှတ်။ အဓိကပြိုင်ဘက်နှစ်သင်းက လေးမှတ်စီ။ ကစားဖို့ ကျန်တာကတစ်ပွဲ။ ဒီတော့ သူတို့ အမြင့်ဆုံးစွမ်းဆောင်နိုင်မှ လေးမှတ်ပဲရမယ့်အခြေအနေ။ ပြောချင်တာက သူတို့ဟာ နောက်ဆုံးပွဲမှာနိုင်ရင်တောင် အမြင့်ဆုံးလေးမှတ်ပဲရမယ်။ အဲဒီလို အခြေအနေမှာ လေးမှတ်စီရထားတဲ့ အဓိကပြိုင်ဘက်နှစ်သင်းဆုံတဲ့ပွဲအတွင်း သရေဆိုတာသာဖြစ်လာခဲ့ရင် သူတို့ရဲ့ စွမ်းဆောင်မှုဘယ်လောက်ကောင်းကောင်း သူတို့အုပ်စုက ပြုတ်မယ်။ ဒီတော့ သူတို့ဟာ သူတို့ကံကြမ္မာကိုတောင် ပြိုင်ဘက်တွေလက်ထဲ ဝကွက်အပ်ထားရတဲ့ သဘောဆောင်တယ်။ ဒီတော့ သူတို့ ဒီအခက်အခဲကြားက လွတ်ပါ့မလား။ ပြောရရင် အခွင့်အရေးမရှိတာတော့မဟုတ်ဘူး။ ဒါပေမယ့် သိပ်နည်းတယ်။

ပြောရရင် သူတို့ဟာ ဂျာမနီကို လေးဂိုးပြတ်ရှုံးတဲ့အတွက် ဂိုးကွာဟမှုမှာ -၄အထိရှိတယ်။ ဒီတော့ လေးမှတ်စီရထားတဲ့ အဓိကပြိုင်ဘက်နှစ်သင်းထိပ်တိုက်ဆုံတဲ့ပွဲမှာ တစ်သင်းသင်းရှုံးရင်တောင် သူတို့အတွက် နောက်တစ်ဆင့်ဟာ နိုင်ရုံနဲ့မပြီးဘူး။ တကယ်လို့ အဲဒီပွဲမှာ ဂျာမနီအရှုံးပေါ်ရင်ပိုဆိုးတယ်။ လက်ရှိဂျာမနီက ဂိုးကွာခြားမှုမှာ +၄။ ထားတော့။ ဂျာမနီအနေနဲ့ အမေရိကန်ကို ၃-၀ နဲ့ရှုံးမယ်ဆိုရင်တောင် ဂျာမနီဟာ ဂိုးကွာခြားမှုမှာ +၁ ရှိမယ်။ ဒါကို ကျော်ဖြတ်ဖို့ဆိုရင် သူတို့ဟာ နောက်ဆုံးပွဲမှာ ငါးဂိုးပြတ်နိုင်ဖို့လိုတယ်။ ပြောရရင် ဂျာမနီကရော အမေရိကန်ကို ၃-၀ နဲ့ ရှုံးနိုင်ပါ့မလား။ သူတို့ကရော ဂါနာကို ငါးဂိုးပြတ်အနိုင်ရနိုင်ပါ့မလား။ ဒါဆိုရင် အမေရိကန်ရှုံးခဲ့ရင်ရော ဘယ်လိုဖြစ်မလဲ။

အထူးသဖြင့် အဲဒါက အမေးသန်ဆုံးမေးခွန်း။ ပြောရရင် စုဖွဲ့မှုအင်အားပဲဖြစ်ဖြစ်၊ အတွေ့အကြုံအရပဲဆိုဆို၊ တစ်ဦးချင်းအနေနဲ့ပဲကြည့်ကြည့်၊ အမေရိကန်ဟာ ဂျာမနီကို မမီဘူး။ ဒီတော့ ကမောက်ကမဆိုတာတွေ မတွေးနဲ့။ သရေဆိုတာ မေးတာ။ အဖြစ်နိုင်ဆုံးနဲ့ သူတို့အတွက် အခွင့်အရေးအရှိနိုင်ဆုံးကိုပဲလေ့လာ။ တွေးကြည့်။ အမေရိကန်အရှုံးလို့ပဲ သဘောထားတာ ၁-၀ နဲ့လား။ ၂-၀ နဲ့လား။ ဘယ်လိုပဲဖြစ်ဖြစ် သရေကျရုံနဲ့ နောက်တစ်ဆင့်တက်မယ့် အခြေအနေမှာ အမေရိကန်အနေနဲ့ ဒီထက်ပိုမရှုံးနိုင်တာကိုတော့ ထည့်တွက်။ ပြောရရင် အဲဒီလိုအမေရိကန်ရှုံးပြီဆိုတာနဲ့ သူတို့မှာ အခွင့်အရေးရှိပြီဆိုတော့ အဲဒီအခွင့်အရေးကို အသုံးချနိုင်တဲ့အား သူတို့မှာရှိလား။ အထူးသဖြင့် လက်ရှိအချိန်မှာ အမေရိကန်က ဂိုးကွာဟမှုအရ +၁ ရှိတယ်။ တကယ်လို့ အမေရိကန်အနေနဲ့ ဂျာမနီကို ၁-၀ နဲ့ ရှုံးရင် သူတို့ဟာ လေးမှတ်နဲ့တန့်မယ်။ ဂိုးကွာဟမှုမှာ သုညဖြစ်မယ်။ ပြောရရင် သူတို့သာ ဂါနာကိုနိုင်ရင် လေးမှတ်ရမယ်။ တကယ်လို့ လေးဂိုးပြတ်နိုင်ရင်ဂိုးကွာဟမှုမှာ သုညဖြစ်မယ်။ ဂျာမနီကို ၁-၀ နဲ့ ရှုံးတဲ့ အမေရိကန်နဲ့ အမှတ်တူ ဂိုးကွာခြားချက်တူ။ အဲဒီမှာ သူတို့က သွင်းဂိုးပိုများတယ်။ ဒီတော့ သူတို့နောက်တစ်ဆင့်ရောက်မယ်။ တကယ်လို့အမေရိကန်အနေနဲ့ ဂျာမနီကို ၂-၀ နဲ့ ရှုံးရင် သူတို့က ၃-၀ နဲ့နိုင်တာနဲ့ နောက်တစ်ဆင့်တက်မယ်။ ဒီတော့ ဒါကိုသူတို့ဆောင်ရွက်နိုင်ပါ့မလား။

ပြောရရင်အဲဒီမှာ သူတို့အတွက် နည်းနည်း

> **ပေါ်တူဂီတိုက်စစ်မှာ ရော်နယ်ဒိုနဲ့ တွဲကစားပေးမယ့်သူမရှိဘူး။ ကွင်းလယ်ကနေ သူ့ကို ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်မှုမရှိသလို သူဖန်တီးပေးမှုတွေကို ထိထိမိမိအသုံးချနိုင်သူမရှိဘူး။**

မက သံသယရှိစရာအချက်ရှိတယ်။ အထူးသဖြင့် သူတို့မှာ ရော်နယ်ဒိုရှိတာ မှန်တယ်။ ဒါပေမယ့် အဲဒီမှာရှိတဲ့ ကမ္ဘာ့အကောင်းဆုံး ရော်နယ်ဒိုက လူပိုသက်သက်။ ခြေစွမ်းမပြနိုင်သူဆိုတဲ့သဘော မဟုတ်ဘူး။ အထီးကျန်ဆန်တယ်ဆိုတဲ့အဓိပ္ပာယ်၊ ပြောချင်တာက ပေါ်တူဂီတိုက်စစ်မှာ ရော်နယ်ဒိုနဲ့တွဲကစားပေးမယ့်သူမရှိဘူး။ ရော်နယ်ဒိုနဲ့ တွဲဖက်ညီတဲ့သူမရှိဘူး။ ကွင်းလယ်ကနေသူ့ကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်မှုမရှိသလို သူဖန်တီးပေးမှုတွေကိုထိထိမိမိအသုံးချနိုင်မယ့်သူမရှိဘူး။ ဒီတော့ ရော်နယ်ဒိုဟာ ပေါ်တူဂီအတွက် တကယ့်တစ်ယောက်တည်းမှ တစ်ယောက်တည်း။ ပြောရရင်ပေါ်တူဂီတိုက်စစ်ကိုထိန်းဖို့ဆိုရင် တစ်ခုပဲ စွမ်းဆောင်နိုင်ဖို့လိုတယ်။ အဲဒါက ရော်နယ်ဒိုကို ထိန်းနိုင်ဖို့။ အမေရိကန်နဲ့ ပွဲမှာဆိုရင် ရော်နယ်ဒိုကို တောက်လျှောက်ထိန်းခဲ့ရာမှာ ပေါ်တူဂီဟာ ကံကောင်းထောက်မစွာ သူ့ရှေ့ရောက်လာတဲ့ ဘောလုံးကို နာနီကကန်သွင်းတဲ့ တစ်ဂိုးသာရတယ်။ ရော်နယ်ဒိုကို ထိန်းချုပ်နိုင်မှု ကင်းလွတ်သွားတဲ့ အခိုက်အတန့်ကလေးမှာကျတော့ ရော်နယ်ဒိုရဲ့ဖန်တီးမှုကနေ ပေါ်တူဂီက ဂိုးထပ်ရသွားတယ်။ ဒီတော့ပေါ်တူဂီရဲ့ တိုက်စစ်အားဟာ ရော်နယ်ဒိုအပေါ်မှာ လုံးဝတည်မှီနေတာ သေချာတယ်။

တကယ်တော့ ပွဲတစ်ပွဲရဲ့ အခြေအနေကို သုံးသပ်ရာမှ တစ်ထပ်တည်းပဲ ပြောနေရင် မပြည့်စုံဘူး။ ဒီတော့ပေါ်တူဂီနဲ့ ယှဉ်ရမယ့် ဂါနာကိုထပ်ပြီး လေ့လာတဲ့အခါ ဂါနာက မာတယ်။ တန်ပြန်တိုက်စစ်ကို အကောင်းဆုံး အသုံးချနိုင်တယ်။ ပြီးတော့ ဂါနာဟာ မျှော်လင့်ချက်မဲ့နေတဲ့အသင်းမျိုးလည်း မဟုတ်ဘူး။ အရင်ဆုံးပြောရရင် သူတို့ဟာ ပေါ်တူဂီထက်တောင် အခွင့်အရေးရှိတယ်။ လက်ရှိသူတို့က တစ်မှတ်။ တကယ်လို့ သူတို့သာပေါ်တူဂီကို နိုင်ရင် လေးမှတ်ဖြစ်မယ်။ အဲဒီလိုအခြေအနေမှာ အမေရိကန်က လက်ရှိဂိုးရမှုမှာ +၁၊ တကယ်လို့ အမေရိကန်သာ ဂျာမနီကို ၁-၀ နဲ့ရှုံးရင် ဂိုးကွာဟမှုမှာ သုညဖြစ်မယ်။ အဲဒီလိုအခြေအနေမှာ လက်ရှိဂိုးကွာဟမှုမှာ+၁ ဖြစ်မယ်။ ဒါဆိုရင် ဂါနာတက်မယ်။

ပြောချင်တဲ့ အဓိပ္ပာယ်က ပေါ်တူဂီတစ်သင်းတည်းသာ မျှော်လင့်ချက်ရှိတဲ့ သဘောမဟုတ်ဘူး။ ဂါနာမှာလည်း မျှော်လင့်ချက်ရှိတယ်။ ဒီတော့ ဂါနာအနေနဲ့လည်း ပေါ်တူဂီကို အကောင်းဆုံးတုံ့ပြန်သွားမှာ သေချာတယ်။ ဒါဆိုရင် ပေါ်တူဂီဂိုးပြတ်အနိုင်ရဖို့ အသာထား၊ ဂါနာကို လွယ်လွယ်နဲ့ရောနိုင်ပါ့မလား။

အရှင်းဆုံးပြောရရင် တစ်ဦးတစ်ယောက်တည်းကောင်းရုံနဲ့ အောင်ပွဲမရနိုင်တဲ့ ဘောလုံးလောကမှာ ပေါ်တူဂီ ချောက်နှုတ်ခမ်းဝရောက်နေတယ်လို့ ပြောမှသာ သင့်တော်မယ်ထင်ပါတယ်။ ။

Authentic Production ကုမ္ပဏီ၏ နိုင်ငံတကာအဆင့်မီထုတ်လုပ်သော PE ရေတိုင်ကီများ

ရရှိနိုင်သော ကောင်းကျိုးများ

- FDA လက်မှတ်ရ ကုန်ကြမ်းများကိုသာ အသုံးပြုခြင်းကြောင့် ဘေးဥပဒ်အန္တရာယ်ဖြစ်ခြင်းအတွက် စိုးရိမ်ရန်မလိုခြင်း၊
- ဆက်ရာမရှိတစ်သားတည်းထုတ်လုပ်ထားခြင်းကြောင့် ရေယိုစိမ့်မှုကင်းဝေးခြင်း၊
- နေရောင်ခြည်ဒဏ်အား ကြံ့ကြံ့ခံကာကွယ်နိုင်ခြင်း (> UV 20)၊
- ပေါ့ပါးသဖြင့် သယ်ယူ/တင်ချ လွယ်ကူခြင်း၊
- တပ်ဆင်အသုံးပြုရာ၌ အလွန်လွယ်ကူခြင်း၊

30 YEARS GUARANTEE

Authentic Production Co.,Ltd

Head Office Ph : 95-1-652650, 652674, 637695, Fax : 95-1-651756

Show Room Ph : 95-1-646763,646764, Fax : 95-1-646763

New Products will be coming Soon!